# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၅) ရက် ၊ စနေနေ့ ၊ (2-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၁၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြှင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က စက်မှုကဏ္ဍနှင့်စိုက်ပျိုးရေးကဏ္ဍတို့တွင် လုပ်ငန်းသစ်သုံးခုခွင့်ပြု ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၇၄၄ ခုကို ဖန်တီးပေးနိုင်မည်ဖြစ်



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၃)ကြိမ်မြောက်အစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၁၈) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် သုံးခုကို ခွင့်ပြုပေးသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၀ သန်းနှင့်ငွေကျပ် ၃၁၃၀၉၂ ဒသမ ၉၇၀ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၇၄၄ ခုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရင်းနှီးမြှုပ်နှံမှုဦးစားပေးဖိတ်ခေါ်ထားသည့် စိုက်ပျိုးရေးလုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလကုန်ထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သောနိုင်ငံ၊ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ **စာမျက်နှာ ၂၁ ကော်လံ ၄ သို့**

## မြန်မာနိုင်ငံတွင်ရှိသည့် ဒုပ်ရှိ၊ ဒုပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့နိုင်ငံသားအားလုံးက အမျိုးသားရေးအသိ၊ အမျိုးသားရေးတာဝန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်

စာမျက်နှာ - ၁၇

## ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ပြန်လည်ထွက်ခွာ

စာမျက်နှာ - ၁၈






ရတနာပုံ
၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်
အယ်ဒီတာ့အာဘော်

# လမ်းလျှောက်ခြင်းသည် ဆေးတစ်ပါး

ကိုယ်လက်လှုပ်ရှားမှုတစ်ခုဖြစ်သော လမ်းလျှောက်ခြင်းကို မည်သူမဆို အလွယ်တကူ ပြုလုပ်နိုင်ပါသည်။ လေ့ကျင့်ခန်းတစ်ခုအနေဖြင့် နေ့စဉ် မှန်မှန်လမ်းလျှောက်ကြမည်ဆိုပါက ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ပါသည်။ ကိုယ်လက်လှုပ်ရှားမှုဖြစ်သော ပုံမှန်လမ်းလျှောက်ကြမှုနည်းပါးပါက သွေးလေမမှန်မကန်ဖြစ်လာကာ နှလုံး၊ သွေးတိုး၊ ဆီးချို၊ သွေးချို၊ အဝလွန်ခြင်း စသော မကူးစက်နိုင်သောရောဂါဝေဒနာတို့ ဖြစ်ပေါ်လာနိုင်ပါသည်။

ယနေ့ခေတ်တွင် လူအများစုသည် စားဝတ်နေရေးအတွက် အလုပ်များမအားလပ်မှုတို့ကြောင့် ကိုယ်လက်လှုပ်ရှား အားကစားလုပ်ခြင်းနည်းပါးလာရာမှ ရောဂါဝေဒနာများစွာ ပိုမိုခံစားလာကြရပါသည်။ ထို့ကြောင့် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုအားကစားတစ်ခုဖြစ်သော လမ်းလျှောက်ခြင်းသည် အလွယ်ကူဆုံးဖြစ်ရုံမက ရရှိမည့်အကျိုးကျေးဇူးများပြားပြီး ကုန်ကျစရိတ်အနည်းဆုံး အားကစားဖြစ်သည့်အတွက် တစ်နေ့တာကို ပုံမှန်လမ်းလျှောက်ခြင်းဖြင့် မဖြစ်မနေ စတင်သင့်ပါသည်။

လမ်းလျှောက်ခြင်းကို တစ်ဦးချင်းဆောင်ရွက်နိုင်သကဲ့သို့ အဖော်အပေါင်းများနှင့် ပျော်ပျော်ပါးပါး စုပေါင်းလမ်းလျှောက်ပါကလည်း ကိုယ်လက်လှုပ်ရှားအားကစားကို အခြေခံကာ ပေါင်းသင်းဆက်ဆံရေးစွမ်းရည်များ တိုးတက်လာနိုင်ပါသည်။ ထိုသို့ မိတ်ဆွေအပေါင်းအသင်းများ တိုးပွားလာပါက မိမိဆောင်ရွက်လိုသောကိစ္စများ ရာနှုန်းပြည့် အောင်မြင်ပြီးစီးမှု အကျိုးများပင်ရရှိလာနိုင်သည်။

မည်သူမဆို ပုံမှန်လမ်းလျှောက်ခြင်းဖြင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ၊ ဆီးချိုသွေးချိုရောဂါများ ကာကွယ်နိုင်ခြင်းနှင့် ကုသနေရပါကလည်း အထောက်အကူပြုခြင်း၊ အရိုးအဆစ်နှင့် ကြွက်သားသန်မာစေခြင်း၊ ဦးနှောက်နှင့် အာရုံကြော အားကောင်းစေခြင်း၊ အိပ်ပျော်စားဝင် မျက်စိကြည်လင်စေခြင်း၊ ကင်ဆာရောဂါအမျိုးမျိုးကို ကာကွယ်နိုင်ခြင်း၊ ကိုယ်ခံစွမ်းအား မြင့်တက်လာပြီး အဝမလွန်အောင်ကာကွယ်ပေးခြင်း၊ သက်လုံကောင်းပြီး နုပျိုကျန်းမာအသက်ရှည်ခြင်းတို့ကို ကျန်းမာရေးအကျိုးကျေးဇူးများရရှိစေပါသည်။

လမ်းလျှောက်ခြင်းကို ပုံမှန်လေ့ကျင့်ခန်းအဖြစ် ဆောင်ရွက်ရာတွင် ကောင်းကျိုးများစွာရှိသည့်နည်းတူ တန်ဆေး လွန်ဘေး ဆိုသည့်အတိုင်း မိမိကိုယ်အလေးချိန်နှင့်တွက်ချက်၍ လျှောက်သင့်ပါသည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ မှ ၁၃၀ ထိရှိပါက ၄၅ မိနစ်၊ ပေါင် ၁၄၀ ထိရှိပါက ၄၂ မိနစ်၊ ပေါင် ၁၅၀ ထိရှိပါက မိနစ် ၄၀၊ ပေါင် ၁၆၀ ထိရှိပါက ၃၈ မိနစ်၊ ပေါင် ၁၇၀ ထိရှိပါက ၃၂ မိနစ်၊ ပေါင် ၁၈၀ ထိရှိပါက မိနစ် ၃၀၊ ပေါင် ၁၉၀ ထိရှိပါက ၂၈ မိနစ်၊ ပေါင် ၁၉၀ အထက်ရှိနေပါက ၂၅ မိနစ်သာ မရပ်မနား လမ်းလျှောက်သင့်ပါသည်။ မတ်တတ်ရပ်လိုက်သည်နှင့် ခန္ဓာကိုယ်ကြီးကို ခါး၊ ဒူးတို့က ထိန်းပေးထားရသည်ဖြစ်ရာ မရပ်မနား ကြာမြင့်စွာ လမ်းလျှောက်နေပါကလည်း ဒူးနာ၊ ခါးနာဝေဒနာတို့ဖြစ်ပေါ်လာနိုင်သည့်အတွက် တန်ဆေး လွန်ဘေး စကားကို သတိပြုရမည်ဖြစ်ပါသည်။

ကျန်းမာခြင်း၏တန်ဖိုးကို မကျန်းမာတော့သည့်အချိန်မှ အမှန်တကယ်နားလည်တတ်ကြပါသည်။ ကျန်းမာရေးမကောင်းတော့သောသူတွင် ပုံမှန်ထက် ငွေကုန်ကြေးကျပိုများသည်။ အလုပ်အကိုင်ပျက်မည်၊ မိသားစုဝင်များလည်း စိတ်ဆင်းရဲရမည်၊ အောင်မြင်မှုအပေါင်း ဆုတ်ယုတ်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာနေစဉ်ကပင် ငွေကုန်ကြေးကျအနည်းဆုံးသော ကိုယ်လက်လှုပ်ရှားအားကစားဖြစ်သည့် လမ်းလျှောက်ခြင်းကို အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးတစ်ပါးအဖြစ် နေ့စဉ် မှန်မှန်မှီဝဲကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# ရေဝတီလင်းပိုင်ထိန်းသိမ်းရေးဇုံ အင်ဒေါင်းကျေးရွာအနီးတွင် ရေဝတီလင်းပိုင် ၁၇ ကောင် ပြောင်းရွှေ့ကျက်စားနေ



**မန္တလေး ဒီဇင်ဘာ ၁**

ရေဝတီလင်းပိုင်ထိန်းသိမ်းရေးဇုံဖြစ်သည့် အင်ဒေါင်းကျေးရွာအနီးတွင် ရေဝတီလင်းပိုင် ၁၇ ကောင် ပြောင်းရွှေ့ကျက်စားနေကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ရေဝတီလင်းပိုင်ထိန်းသိမ်းရေးဇုံဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားနေသော ရေဝတီလင်းပိုင်များ၏ အခြေအနေများကို တာဝန်ရှိသူများက လစဉ် တစ်လလျှင် သုံးကြိမ် သွားရောက်ကြည့်ရှု မှတ်တမ်းတင်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထိုသို့ သွားရောက်ကြည့်ရှုရာ နိုဝင်ဘာ ၃၀ ရက်က မတ္တရာမြို့နယ် အင်ဒေါင်းကျေးရွာအနီးတွင် ရေဝတီလင်းပိုင်များ နေထိုင်ကျက်စားနေသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

"ရေဝတီလင်းပိုင်ထိန်းသိမ်းရေးဇုံထဲကို ရေဝတီလင်းပိုင်တွေရဲ့အခြေအနေတွေ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက သွားပြီးကြည့်ဖြစ်တယ်။ အခုလတ်တလောကတော့ ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးမှာ ရေဝတီလင်းပိုင် ၁၇ ကောင် အုပ်စုလိုက် ပြောင်းရွှေ့နေထိုင်ကျက်စားနေတာကိုတွေ့မြင်ခဲ့ရပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

အလားတူ ရေဝတီလင်းပိုင်ထိန်းသိမ်းရေးဇုံဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားရှိ ကျေးရွာများအတွင်း နေထိုင်နေသည့် ရေလုပ်သားများအနေဖြင့် ရေဝတီလင်းပိုင်သားပေါက်များကို တွေ့ရှိပါကလည်း ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံ အသိပေးအကြောင်းကြားရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေး မြေဈေးကွက်အတွင်း ဝယ်လက်ပျောက်နေမှုကြောင့် အရောင်းအဝယ် ကျဆင်းလာကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

အိမ်ခြံမြေဈေးကွက်အတွင်း မြို့နယ်တိုင်း ရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း၊ ထိုသို့ အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းကြောင့်ဖြစ်ကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင်များထံမှ သိရသည်။

"အခုအချိန်ထိ ဝယ်မဲ့သူတွေက ဈေးထပ်ကျအုံးမလားမျှော်လင့်ချက်နဲ့ စောင့်ကြည့်နေကြပြီး ဝယ်ယူမှုတွေ တုံ့ဆိုင်းနေပါတယ်။ မြေဈေးတွေ ကျလာတယ်ဆိုပေမဲ့ အများကြီးမဟုတ်ပါဘူး"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ယခုနှစ်ဆန်းပိုင်းက ငွေကျပ်သိန်း ၁၀၀၀ ခန့် ဈေးပေးဝယ်ယူမှုရှိခဲ့သည့် မြို့သစ်ပိုင်းများမှ ပေ (၄၀×၄၀) အကျယ်ရှိ မြေကွက်များမှာ ယခုအခါ ငွေကျပ်သိန်း ၁၀၀၀ အောက် ဈေးခေါ်ရောင်းချနေသော်လည်း ဝယ်ယူမှုမရှိကြောင်း၊ ယခုအခါ စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများသည်လည်း မြေအပိုင်ဝယ်ယူခြင်းထက် နှစ်ရှည်ငှားရမ်းခြင်းကို ပိုမိုစိတ်ဝင်စားမှုများလာခြင်းကြောင့် အရောင်းအဝယ်ဖြစ်မှုထက် အငှားဈေးကွက်ပို၍ဖြစ်နေကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ မြရည်နန္ဒာ၊ ထွန်းတုံး၊ ကံသာယာအပိုင်းများ၊ မဟာအောင်မြေမြို့နယ်အတွင်းရှိ မဟာမြိုင်အပိုင်း(၂)၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ကွဲဆည်ကန်၊ စက်မှု(၂) အပိုင်းများ၊ ပုသိမ်ကြီးမြို့နယ်အရှေ့ခြမ်းရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အဆိုပါအရောင်းအဝယ်ဖြစ်နေမှုများအနက် ငွေကျပ်သိန်း ၈၀၀ ခန့်ပေါက်ဈေးရှိသည့် ပေ (၄၀×၆၀) အကျယ်မြေကွက်များ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ၎င်းမြေကွက်များမှာ ယခင်က အနည်းဆုံး ငွေကျပ်သိန်း ၁၀၀၀ ခန့် ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေး ဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ရှေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းလာကြောင်း၊ အလားတူ ၎င်းအရည်အသွေးကောင်းမွန်သည့် ပဲပုပ်(ဗမာ)ကို ကုန်သည်များက ဈေးကောင်းပေး၍ ဝယ်ယူမှုများရှိကြောင်း သိရသည်။

"ရှေဦးဘက်ကထွက်တဲ့ ပဲပုပ်(ဗမာ)ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေတယ်။ ပြည်ပကနေပြီး ပြည်တွင်းကထွက်ရှိတဲ့ ပဲပုပ်ကို မှာယူမှုကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ပဲပုပ်(ဗမာ)ဈေးနှုန်းမှာ နိုဝင်ဘာ ၃၀ ရက် ပေါက်ဈေးအရ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ ခန့်ရှိပြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

ပဲပုပ်(ရှမ်း)အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုလတ်တလောတွင် ပဲပုပ်(ရှမ်း)ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ခန့် ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငပဲမြို့နယ် ငလှိုင်တောကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ငပဲ ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငပဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆင်ချည်တိုင်ကျေးရွာအုပ်စု ငလှိုင်တောကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ငပဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ငလှိုင်တောကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ငလှိုင်တောကျေးရွာ၌ အလျား ပေ ၄၀၊ အနံ ၃၅ ပေ၊ အမြင့် ၁၂ ပေ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း၊ ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၆ သိန်း စုစုပေါင်းငွေကျပ် ၁၆၆ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**ဇော်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးဇော်မြင့်-ဒေါ်မိုးမိုးဝေ၊ သမီး-မမိုးသံစဉ်၊ မဆန်းသစ်ဝေမိုး၊ သား-မောင်အောင်မင်းသန့်(အောင်မြင်သူကုမ္ပဏီများအုပ်စု)မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနံ ၃၀၀၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ခင်းစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၀၀၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၀၀၅ ဧကကို ယခုလ ဒုတိယပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ စားဖိုဆောင်သီးနှံ ၃၀၀၅ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးဖို့အတွက် စိုက်ကွက်တွေ ဖော်ဆောင်နေပါတယ်။ ဒါ့ပြင် မျိုးကောင်းမျိုးသန့် မျိုးစေ့နဲ့ ဈေးကွက်ဝင်အသီးအနှံတွေ စိုက်ပျိုးနိုင်ဖို့ကိုလဲ အလေးထားဆောင်ရွက်နေပါတယ်။ စိုက်နည်းစနစ်မှန်ကန်စေဖို့ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနက သီးနှံတွေမစိုက်ခင်အချိန်ကတည်းက ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့လဲ နှစ်စဉ် စားဖိုဆောင်သီးနှံ စိုက်ပျိုးဖူးတဲ့အတွေ့အကြုံရှိတာကြောင့် အခက်အခဲမရှိ စိုက်ပျိုးနိုင်မှာပါ"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ် စားဖိုဆောင်သီးနှံ ၃၀၀၅ ဧက စိုက်ပျိုးရာတွင် ခဝဲ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ကန်စွန်း၊ ရုံးပတီ၊ ပဲလင်းမြွေ၊ ကြက်ဟင်းခါး၊ သခွား၊ ပဲတောင့်ရှည် စသည့်သီးနှံများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရှမ်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထုတ်ချေး

**ရှမ်း ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရှမ်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးသန့်က စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်မည့် တောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ရှမ်းမြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်း ကြီးကြပ်မှုကော်မတီဝင်များထံ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်း ကြီးကြပ်မှုကော်မတီဝင်များက ကော်ဖီကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ကြမည့် ကုန်ထုတ်လုပ်ငန်းအစုအဖွဲ့ ငါးဖွဲ့ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် သန်း ၄၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထုတ်ချေးပွဲသို့ ရှမ်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ရှမ်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးသန့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၀၅)

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၉၂၇ ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၉၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၂၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲ ၁၂၉၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မြေပဲများစိုက်ပျိုးခြင်းသည် ပြည်တွင်းရှိ စားသုံးသူပြည်သူများ ဆီဖူလုံမှုရှိစေရေးအတွက်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ မြေပဲဧက ၁၂၅၀၀ စိုက်ပျိုးဖို့လျာထားတာ လက်ရှိ ၁၂၉၂၇ ဧက စိုက်ပျိုးပြီးစီးပါပြီ။ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆီထွက်သီးနှံတွေကို ပြည်တွင်းစားသုံးမှုဖူလုံစေဖို့အတွက် နှစ်အလိုက် ပိုမိုစိုက်ပျိုးနေပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးတာက ဒေသတွင်း ဆီဖူလုံမှုအတွက် အဓိကထားစိုက်ပျိုးနေတာပါ"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းမြေပဲစိုက် တောင်သူများ၏ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်နှင့် ပေါင်းမြက်ကင်းရှင်းစေရန်၊ မျိုးကောင်းမျိုးသန့်များရရှိရန်အတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများ စိုက်ပျိုးထားရှိသည့် စိုက်ခင်းများထိ ကွင်းဆင်းပြီး စိုက်ပျိုးရေးနည်းပညာများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၁၈၅)



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၉၂)

ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်ရဲ့ဖခင်မှာ သွေးတိုးရောဂါနဲ့ သွေးချိုရောဂါရှိပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ကိုယ်တစ်ခြမ်း လေဖြတ်ဖူးပါတယ်။ ကျွန်တော်တို့က ဂရုစိုက်တဲ့အတွက် ထိုက်သင့်သလောက် ပြန်လည်ကောင်းမွန်လာပါတယ်။ သွေးတိုးရောဂါကတော့ မပျောက်ပါဘူး။ အမြဲဂရုစိုက်ဆေးတိုက်ရပါတယ်။ သွေးချိုတဲ့အတွက်လဲ ဆရာဝန်ကပေးတဲ့ဆေးကို ပုံမှန်တိုက်ပါတယ်။ အခု ကျွန်တော်သိလိုတာက ဆောင်းဥတုမှာ အခြားဥတုတွေထက်ပိုပြီးသွေးချိုတယ်ဆိုတာမှန်ပါသလား။ ကျွန်တော့်ဖခင်မှာ အခုဆောင်းဝင်လာမှ သွေးတိုးက သိပ်မကျဘူးဖြစ်နေပါတယ်။ သွေးချိုရင် သွေးတိုးမကျဘူးလို့လဲ ကြားဖူးပါတယ်။ အင်္ဂလိပ်ဆေးတွေလဲတိုက်နေတာမို့တစ်ဖက်တစ်လမ်းက သွေးတိုးနဲ့ သွေးချိုရောဂါအတွက် သင့်တော်မဲ့အစားအစာနဲ့ ဓာတ်စာလေးတွေရှိရင် သိရှိလိုပါတယ်။ ဖြေကြားပေးပါရန် ရိုသေလေးစားစွာ တောင်းခံအပ်ပါတယ်။**

ဖြေ ။ ။ ဆောင်းဥတုမှာ ပြင်ပဗဟိဒ္ဓအအေးဓာတ်ကြောင့် အအေးပတ်ဖွဲ့ပြီး ခန္ဓာကိုယ်အတွင်း အခိုးတွေငုပ်လို့ လေပူအကျဉ်းကျပြီး လေကြောင့်တိုးတဲ့ လေတိုး၊ အနောက်တိုင်းအမြင်အရဆိုရင် သွေးဖိအားတိုးရောဂါ ပိုဆိုးတတ်ပါတယ်။ သွေးချိုတယ်ဆိုတာလဲ ဆောင်းဥတုမှာ သွေးလှည့်ပတ်မှုနှေးလို့ဖြစ်နိုင်ပါတယ်။ ဆောင်းဥတုမှာ ရေမချိုးရင် ပိုပြီးအခိုးငုပ်တတ်ပါတယ်။ တတ်နိုင်ရင်အခိုးပွင့်အောင် ရေချိုးပေးခြင်းဖြင့် သွေးချိုတာကို ကာကွယ်ပေးနိုင်ပါတယ်။ သင့်တော်တဲ့ဓာတ်စာအနေနဲ့ ရဲယိုသီးအမှည့်ကို အနှစ်တိုက်ပြီး ထန်းလျက်နဲ့ ရောကျိုကျွေးပါ။ သွေးချိုရောဂါ၊ သွေးတိုးရောဂါတွေ သက်သာစေပါတယ်။ နောက်ဓာတ်စာတစ်မျိုးကတော့ ဆန်ကြမ်းလက်တစ်ဆုပ်၊ ပဲရာဇာ ခေါ် ပဲနီကလေးလက်တစ်ဆုပ် ရောပြုတ်ကျွေးပါ။ ပဲရာဇာက အကြောလေလျှောက်စေပါတယ်။ သွေးကျဲတာကိုလဲ ပဲရာဇာနေ့စဉ်စားရင် သက်သာစေနိုင်ပါတယ်။ ကြက်သားကိုနူးအောင်ပြုတ်ပြီး ရှောက်ရွက်နဲ့သုပ်စားပါ။ ဒန့်သလွန်ရွက်ဟင်းချို၊ ဥသျှစ်ရွက်နဲ့ ရှောက်ရွက် ရောချက်တဲ့ဟင်းချိုတွေလဲတည့်တယ်။ ခန္ဓာကိုယ်အပူအအေးညီမျှပြီး လေဖြတ်တာကို ကာကွယ်စေဖို့အတွက် မုန်ညင်းဆီ ၁၀ ကျပ်သားမှာ ချင်းတက်လက်လေးဆစ် ထုထောင်းခြေထည့်၊ လင်းလေမြစ်ရရင် လက်နှစ်ဆစ်ရောထည့်ပြီး မီးနဲ့ဆူအောင်ချက် လိမ်းဆေးအဖြစ်လိမ်းပေးပါ။ လူကြီးတွေကို နွေးထွေးအောင်ထားရင် အအေးပတ်တာကြောင့်ဖြစ်တဲ့ သွေးတိုးတာကိုလဲ ကာကွယ်ပေးနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့်မှာကျောက်ကပ်ကျောက်တည်ရောဂါဖြစ်ပြီးနောက်ပိုင်း ကျောက်ကပ်သိပ်မကောင်းပါ။ ကျောက်ကပ်မကောင်းတဲ့အတွက် သွေးတိုးရောဂါပါ ဝင်လာပါတယ်။ သွေးတိုးရောဂါကျဆေးတွေကို ဆရာဝန်ညွှန်ကြားတဲ့အတိုင်းလဲ ပုံမှန်သောက်ပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ရံ သွေးပေါင်ချိန်တက်တက်နေပါတယ်။ ကျွန်တော်ရဲ့အလုပ်က ပြင်ပခရီးသွားရတာများတော့ အအေးပတ်တာလဲများပါတယ်။ အစားအသောက်ဘယ်လိုစားသောက်နေထိုင်ရမယ်ဆိုတာသိလိုပါတယ်။ တချို့က သွေးတိုးရှိရင် အခါးမစားရဘူး၊ ဝက်သားမစားရဘူးဆိုလို့ရှောင်ကြဉ်ပေမဲ့ သွေးကတိုးချင်တဲ့အခါ တိုးပါတယ်။ အဓိကကတော့ အလုပ်ကြောင့် စိတ်ပင်ပန်းတဲ့အခါ၊ ညအိပ်ရေးပျက်တဲ့အခါတွေမှာ ခေါင်းထဲမူးဝေလို့ သွေးပေါင်ချိန်တိုင်းလိုက်ရင် သွေးတိုးနေတာတွေ့ရပါတယ်။ သွေးတိုးရောဂါကို ကာကွယ်နိုင်မဲ့နည်းလမ်းနဲ့ ဓာတ်စာတွေကိုသိရှိလိုပါတယ်။ တတ်နိုင်သမျှရှင်းပြပေးစေလိုပါတယ်ခင်ဗျား။**



ဆေးဖက်ဝင် ဒန့်သလွန်စေ့ခြောက်ကို တွေ့ရစဉ်။

ဖြေ ။ ။ သွေးတိုးရောဂါကို ကမ္ဘာပေါ်မှာ ကြောက်စရာအကောင်းဆုံး တိတ်တဆိတ်လူသတ်သမားလို့ အနောက်တိုင်းဆေးပညာရှင်တွေက သတ်မှတ်ကြပါတယ်။ နှလုံးမကောင်းတာ၊ ကျောက်ကပ်မကောင်းတာ၊ အဆီအအိမ့်အစားများပြီး သွေးကြောတွေမှာ ပထဝီဓာတ်လွန်ကဲလို့လေးလံထိုင်းမှိုင်းတာ၊ ပိတ်ဆို့တာတွေကြောင့် သွေးဖိအားတိုးရောဂါဖြစ်ရတယ်။ တိုင်းရင်းဆေးပညာအလိုအရ ပထဝီဓာတ်ပိတ်ဆို့တာကြောင့် လေသွားလမ်းကျဉ်းမြောင်းပြီး ဖိတိုးလို့ လေဖိအားတိုးရောဂါလို့လဲ မြန်မာဆေးဆရာကြီးတချို့က ယူဆကြတယ်။ သွေးတိုးရောဂါကို လေတိုးရောဂါလို့လဲ ခေါ်ဆိုကြတယ်။ အစားအသောက်မှားတာ၊ လွန်ကဲတာကြောင့်ဖြစ်တဲ့ လေဖိအားတိုးရောဂါရှိတဲ့အပြင် စိတ္တဇဝါယော ခေါ် စိတ်ကြောင့်ဖြစ်တဲ့လေဖိအားကြောင့်လဲ သွေးဖိအားတိုးရောဂါ ဖြစ်နိုင်တယ်။ တစ်နည်း စိတ်မချမ်းသာရင်လဲ သွေးတိုးရောဂါဖြစ်နိုင်တယ်။ သွေးတိုးရောဂါအတွက် သင့်တော်တဲ့အစားအသောက်ဓာတ်စာတွေကို အောက်မှာ ဖော်ပြထားပါတယ်။

၁။ ဒန့်သလွန်ရွက်ဟင်းချိုချက်သောက်ရင် သွေးတိုးရောဂါကို သက်သာစေနိုင်ပါတယ်။

၂။ ဒန့်သလွန်ရွက်ကိုထောင်း အရည်ညှစ်ပြီး ဟင်းစားဇွန်းနှစ်ဇွန်းမှာ သံပရာရည်တစ်ဇွန်းရောစပ်သောက်ရင် သွေးတိုးလို့မူးတဲ့ရောဂါသက်သာစေနိုင်ပါတယ်။

၃။ ဒန့်သလွန်စေ့ခြောက်ကို နှစ်စေ့လောက် ဝါးစားပါ။ ဒါမှမဟုတ် အမှုန့်ပြုလုပ်ပြီးစားရင် သွေးတိုးကျစေနိုင်ပါတယ်။

၄။ ဒန့်သလွန်စေ့ခြောက် အမှုန့်ကို ပျားရည်နဲ့တေစားရင် သွေးတိုးပြီး အိပ်မပျော်တဲ့ရောဂါကို သက်သာစေနိုင်ပါတယ်။

၅။ ရှောက်သီးရည် သုံးဇွန်း၊ ပျားရည်တစ်ဇွန်းရောစပ်ပြီးသောက်ရင် လေချုပ်လို့ သွေးတိုးရောဂါကို သက်သာစေနိုင်ပါတယ်။

၆။ ဖီးကြမ်းငှက်ပျောသီးကို မန်ကျည်းရွက်နဲ့ ပြုတ်စားရင် လေပွလေအန်လို့ဖြစ်တဲ့ သွေးတိုးရောဂါကို သက်သာစေနိုင်ပါတယ်။

၇။ ပျားရည်နဲ့ သံပရာရည်ကိုရောစပ်ပြီး ညအိပ်ရာဝင်ချိန်သောက်သုံးရင် သွေးတိုးရှိသူတွေ အိပ်မပျော်တဲ့ရောဂါကို သက်သာစေနိုင်ပါတယ်။

၈။ ကြက်သွန်ဖြူကို ပျားရည်နဲ့စိမ်ပြီး နေ့စဉ်စားသုံးရင် အဆီကျပြီး သွေးတိုးရောဂါ သက်သာစေနိုင်ပါတယ်။

၉။ ကြက်သွန်ဖြူကို အခြောက်လှန်းအမှုန့်ထောင်းပြီး ပျားရည်နဲ့တေစားရင် လေသက်လို့ဖြစ်တဲ့ သွေးတိုးလို့ မူးတဲ့ရောဂါကို သက်သာစေနိုင်ပါတယ်။

၁၀။ ဇီးကေရာဇ်ပင်ရဲ့အခေါက် ဒါမှမဟုတ် အမြစ်ကိုပြုတ်ပြီး သကြားနဲ့ ရောစပ်သောက်ပေးရင် သွေးတိုးလို့ မူးတဲ့ရောဂါကို သက်သာစေနိုင်ပါတယ်။

၁၁။ ဇီးကေရာဇ်အရွက်နုကို ရေနွေးဖြော ပြီး အသုပ်ပြုလုပ်စားရင် သွေးတိုးလို့ မူးတဲ့ရောဂါကို သက်သာစေပြီး အိပ်ပျော်စေနိုင်ပါတယ်။

၁၂။ သဘော်ရွက်အရင့်ကို မီးမြှိုက်ပြီး အတို့အမြှုပ်ပြုလုပ်စားရင် လေကြေပြီး သွေးတိုးလို့ မူးတဲ့ရောဂါကို သက်သာစေနိုင်ပါတယ်။

၁၃။ သဘော်အဖိုပင်ရဲ့အပွင့်ကို ပြုတ်ပြီးစားရင် သွေးတိုးရောဂါ သက်သာစေနိုင်ပါတယ်။

၁၄။ တရုတ်နံနံပင်ကို အတို့အမြှုပ်ပြုလုပ်စားရင်၊ ဟင်းချိုချက်သောက်ရင် သွေးတိုးကျစေနိုင်ပါတယ်။

၁၅။ ပျဉ်းတော်သိမ်ရွက်ကို ဟင်းချက်တဲ့ထဲ ထည့်ချက်စားရင်၊ အတို့အမြှုပ်ပြုလုပ်ပြီးစားရင် သွေးတိုးရောဂါ သက်သာစေနိုင်ပါတယ်။

၁၆။ ကြက်သွန်မြိတ်ကို နေ့စဉ်ပုံမှန်စားသုံးပေးရင် သွေးတိုးရောဂါသက်သာစေနိုင်ပါတယ်။

၁၇။ ဘုမ္မရာဇာအမြစ်ကို အမှုန့်ပြုပြီး ပျားရည်နဲ့ဟင်းစားဇွန်း တစ်ဇွန်းစားရင် သွေးတိုးကျစေနိုင်ပါတယ်။

၁၈။ ဆပ်သွားဖူးအမြစ်ကို ဆန်ဆေးရည်နဲ့သွေးပြီး ဟင်းစားဇွန်းတစ်ဇွန်းစာ မနက်၊ ညသောက်ပေးရင် သွေးကျဲလို့ဖြစ်တဲ့ သွေးတိုးရောဂါသက်သာစေနိုင်ပါတယ်။

၁၉။ ဆပ်သွားဖူးအမြစ်ကို ထုထောင်းပြီး ဆန်ဆေးရည် ဒါမှမဟုတ် သံပရာရည်နဲ့ရောသောက်ရင် သွေးတိုးလို့မူးတဲ့ရောဂါကို သက်သာစေနိုင်ပါတယ်။

၂၀။ ပင်လယ်ကမ်းအနီးမှာ နေထိုင်သူတွေအနေနဲ့ ခရာပင်ရဲ့အမြစ်ကို ဆန်ဆေးရည်နဲ့သွေးပြီး ဟင်းစားဇွန်းတစ်ဇွန်းကနေ သုံးဇွန်းထိ မနက်၊ ညသောက်ပေးရင် သွေးတိုးရောဂါသက်သာစေနိုင်ပါတယ်။

၂၁။ ကြက်သွန်နီကို လေးစိတ်စိတ်ပြီး ရေမဆေးဘဲ စားသုံးပေးရင် သွေးတိုးကျစေနိုင်ပါတယ်။

၂၂။ ကြက်သွန်နီကို ထက်ခြမ်းခြမ်း ရေတစ်ဖန်ခွက်မှာစိမ်ပြီး မနက်အိပ်ရာထစောစောသောက်ပေးရင် သွေးတိုးရောဂါကို ကာကွယ်နိုင်ပါတယ်။ သွေးတိုးရောဂါရှိသူတွေအနေနဲ့ ခေါင်းကိုက်တာကို သက်သာစေနိုင်ပါတယ်။

၂၃။ ပြောင်းဖူးရဲ့ထိပ်က အမွေးတွေကို ပြုတ်ပြီး အရည်သောက်ရင် သွေးတိုးရောဂါသက်သာစေနိုင်ပါတယ်။

၂၄။ ကျောက်ဖရုံသီးအသားကို သကြားနဲ့ခေါက်ပြီး ဖျော်ရည်လုပ်သောက်ရင် ကျောက်ကပ်ကြောင့်ဖြစ်တဲ့ သွေးတိုးရောဂါကို သက်သာစေနိုင်ပါတယ်။

၂၅။ နနွင်းမှုန့်စစ်စစ် ကော်ဖီဇွန်းငယ်တစ်ဇွန်းစာကို ဆန်ဆေးရည်တစ်ခွက်မှာ ဖျော်ပြီးသောက်ပေးရင် သွေးတိုးနဲ့ လေငန်းရောဂါကို ကာကွယ်စေနိုင်ပါတယ်။

၂၆။ ဒန့်သလွန်သီးကို လက်လေးသစ်လောက် အပိုင်းတွေဖြတ်ပြီး ရေတစ်ဖန်ခွက်မှာစိမ်ထားပြီး မနက်အိပ်ရာထမျက်နှာမသစ်ခင် သောက်သုံးပေးရင် သွေးတိုးလို့ မူးတဲ့ရောဂါကို သက်သာစေနိုင်ပါတယ်။

၂၇။ ခရေပန်းကုံးကို အိပ်ရာဘေးမှာထားအိပ်ရင် သွေးတိုးရောဂါရှိသူတွေ အိပ်မပျော်တဲ့ရောဂါကို ပျောက်ကင်းစေနိုင်ပါတယ်။

၂၈။ ကရမက်ကိုသွေးပြီး ဆန်ဆေးရည်အကြည်နဲ့ရောသောက်ရင် သွေးတိုးလို့ မူးတဲ့ရောဂါကို သက်သာစေနိုင်ပါတယ်။

၂၉။ ချင်းတက်လက်နှစ်ဆစ်ကိုထုထောင်းအရည်ကိုယူပြီး သံပရာသီးတစ်လုံးအရည်နဲ့ ပျားရည်တစ်ဇွန်းရောစပ်ပြီး နေ့စဉ်သောက်ပါက သွေးတိုးရောဂါ ကင်းဝေးစေနိုင်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မေတ္တာလုံခြုံ လှရိပ်မြုံ

- လောကမှာ လူသားများ
  အမုန်းမပွား မေတ္တာခြုံ၊
  လူတိုင်းအပေါ် ကောင်းတဲ့စိတ်နှင့်
  ယိုဖိတ်လှုဘုံ၊
  လူသားအားလုံး သီလလုံ
  အလှရိပ်မြုံ ပနာတင့်၊
  အဖိုးတန်
  အမျိုးမှန် လူ့ဂုဏ်မြတ်ဖို့
  စိတ်ဓာတ်ကိုမြှင့်။

- မြတ်ဂုဏ်ရည် ရိုးရိုးကျင့်
  ကြွားကြွားဝင့် မေတ္တာတွေ၊
  ဖိုးတန်လူ ရွှေထီးဆောင်းလို့
  လူကောင်းမိတ်ဆွေ၊
  စာနာမှုလည်း ရှိပါစေ
  အသိထွေထွေ ဂုဏ်သတင်း၊
  နေလပမာ ရောင်ခြည်ရွှန်းသို့
  ထွန်းပအလင်း။

- မေတ္တာသည် လုံခြုံရင်းဖြင့်
  လူသားချင်းလည်း ထားစေတနာ၊
  လဲနေသူ မြင်နေရတော့
  ဖေးမကူပါ၊
  ဖိုးတန်လှ လူ့ဘဝမှာ
  ထိုမှသာ စဉ်နွှေးထွေး၊
  ကောင်းစိတ်ရည် အသိကပ်လို့
  မေတ္တာဓာတ်မွေး။

**ကလေးလေး(ဟသ်ာတ)**

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၁၀၅ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၁၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။



ယခင်နှစ်က ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် ဟင်းသီးဟင်းရွက် ၂၀၅၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၁၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၂၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ်တိုးလာပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို အသိပညာပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတဲ့သီးနှံတွေစိုက်ပျိုးကြတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် မုံရွာခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၅၅၄၉ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၀၅ ဧက၊ အရာတော်မြို့နယ်တွင် ၇၇၁ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၆၈၀ စုစုပေါင်း ၇၁၀၅ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၇၉၆၂ ဧက၊ ဘုတလင်မြို့နယ်တွင် ၄၄၄၉ ဧက၊ အရာတော်မြို့နယ်တွင် ၁၃၀၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ၇၁၃၈ ဧကစုစုပေါင်း ၂၀၈၅၆ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မုံရွာခရိုင်အတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များတိုးချဲ့စိုက်ပျိုးရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။

(၂၀၆)

# ရေနံချောင်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ညောင်ပင်သာကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းက ညောင်ပင်သာကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ညောင်ပင်သာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၂ ဦးကို ငွေကျပ် ၄၁၆ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၁ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၆ ဦးကို ငွေကျပ် ၄၂၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းထံမှ သိရသည်။

**နွဲ့ယဉ်**

# ဘိုကလေးမြို့နယ်တွင် ဒေသထွက်ဓနိချပ်များ အရောင်းအဝယ်ကောင်းလာ

**ဘိုကလေး ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ဒေသထွက်ကုန်ဓနိချပ်များ အရောင်းအဝယ် ကောင်းလာကြောင်း ဘိုကလေးမြို့နယ်မှ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဇာခြည်က ပြောပြ၍သိရသည်။

ဘိုကလေးမြို့နယ်တွင် ပြီးခဲ့သည့် နိုဝင်ဘာလဒုတိယပတ်မှ ယနေ့ထိ ဒေသထွက်ကုန်ဓနိချပ်များ တစ်ရက်လျှင် အချပ် ၅၀၀၀၀ မှ ၁၂၀၀၀၀ ထိ အရောင်းအဝယ်ကောင်းလာကြောင်း၊ အဆိုပါဒေသတွင်ထွက်ရှိသည့် ဓနိချပ်များကို ဒေသတွင်းအပြင် ပုသိမ်မြို့နှင့် ရန်ကုန်မြို့က မှာယူမှုများပြားနေခြင်းကြောင့် အရောင်းအဝယ် ကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ဒေသထွက်ကုန်အဖြစ် ဓနိတွေထွက်ရှိပါတယ်။ ဓနိစိုက်ပျိုးသူတွေဆီကနေ လုပ်ငန်းရှင်တွေက အကြမ်းထည်ဝယ်ယူပြီး အသုံးပြုနိုင်တဲ့အဆင့်ထိ ထုတ်လုပ်ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလဒုတိယပတ်လောက်ကစပြီး ဓနိတွေအရောင်းအဝယ်ကောင်းနေတာ ဒီနေ့ထိပဲဆိုပါတော့။ အခြားဒေသတွေက ဓနိတွေ မှာယူအားကောင်းလာလို့ အရောင်းအဝယ်ကောင်းနေတာပါ။ အခုအချိန်က အပန်းဖြေစခန်းတွေ ဆောက်တာ၊ လယ်စောင့်တဲတွေ ဆောက်တာ၊ တချို့ကလဲ အိမ်တွေ စောစောပြုပြင်တာကြောင့် ဓနိက အဝယ်များနေတာပါ။ ရောင်းအားကောင်းလာတဲ့အတွက် ဒေသခံဓနိ စိုက်ပျိုးရေးလုပ်ငန်းရှင်တွေနဲ့ ဓနိထိုးလုပ်သားတွေ အဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့နယ် အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်ဇာခြည်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဒေသခံများသည် စပါး၊ ပဲ၊ ပြောင်း၊ အခြားသီးနှံများ စိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ဓနိစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ လက်ရှိတွင် ဓနိအချပ် ၁၀၀ လျှင် ငွေကျပ် ၁၀၅၀၀ ထိ ဈေးရှိနေကြောင်း ဘိုကလေးမြို့နယ်မှ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဇာခြည်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# နိုင်ငံတကာ သတင်းများ

## မလေးရှားသို့လာရောက်ရန် တရုတ်သမ္မတကို ဝန်ကြီးချုပ်အန်ဝါအီဘရာဟင် ဖိတ်ကြား

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁**

မလေးရှားနိုင်ငံသို့ လာရောက်ရေးအတွက် တရုတ်သမ္မတရှီကျင့်ဖျင်ကို မလေးရှားနိုင်ငံအစိုးရအဖွဲ့က ဖိတ်ကြားထားကြောင်း ယနေ့သတင်းများအရ သိရသည်။

မလေးရှားနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို မြှင့်တင်ရေးအတွက် တရုတ်ခရီးသွားဧည့်သည်များ နိုင်ငံအတွင်းဝင်ရောက်မှုကို တိုးတက်ရန် ကြိုးပမ်းလျက်ရှိသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်ကို မလေးရှားနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားထားမှုကို တရုတ်နိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီးက ယနေ့တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

လာမည့်နှစ်သည် မလေးရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး နှစ် ၅၀ ပြည့် အထိမ်းအမှတ်ကာလလည်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်ကို မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က တရားဝင်ဖိတ်ကြားထားခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး အဆိုအရ သိရသည်။

အခုရက်သတ္တပတ်အစောပိုင်းက တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် နယူးယောက်မြို့၌ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဇမ်ဘရီကာဒါနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## အိန္ဒိယပြည်နယ်ငါးခု၏ လွှတ်တော်ရွေးကောက်ပွဲများ၌ ပြည်နယ်နှစ်ခုတွင် ကွန်ဂရက်ပါတီအနိုင်ရရန် အလားအလာကောင်းနေ



**ဒေလီ ဒီဇင်ဘာ ၁**

အိန္ဒိယနိုင်ငံ၌ကျင်းပနေသည့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲငါးခုအနက် နှစ်ခုတွင် အဓိကအတိုက်အခံပါတီဖြစ်သော ကွန်ဂရက်ပါတီက အနိုင်ရရန်အလားအလာကောင်းနေကြောင်း နိုဝင်ဘာ ၃၀ ရက်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် မဒရာပရာဒေ့ရှ်ပြည်နယ်၊ ရာဂျက်စသန်ပြည်နယ်၊ တီလန်ဂါနာပြည်နယ်၊ ချာတစ်ဂါပြည်နယ်နှင့် မီဇိုရမ်ပြည်နယ်တို့၌ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများကို အဆင့်လေးဆင့်ခွဲ၍ ကျင်းပခဲ့ရာ နိုဝင်ဘာ ၃၀ ရက်တွင် ရွေးကောက်ပွဲများပြီးဆုံးခဲ့ပြီဖြစ်သည်။

အဆိုပါ ပြည်နယ်ငါးခုအနက် ချာတစ်ဂါပြည်နယ်နှင့်တီလန်ဂါနာပြည်နယ် ရွေးကောက်ပွဲများတွင် ကွန်ဂရက်ပါတီက အနိုင်ရရန် အလားအလာကောင်းနေကြောင်း ပဏာမမဲရလဒ်များအရ သိရသည်။

သို့ရာတွင် ကျန်ပြည်နယ်သုံးခု၏ ရွေးကောက်ပွဲများတွင် လက်ရှိအာဏာရ ဘရာတီယာဂျနေတာပါတီ(ဘီဂျေပီ)နှင့် ကွန်ဂရက်ပါတီတို့အကြား အကြိတ်အနယ်ရှိနေကြောင်း အိန္ဒိယပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယရွေးကောက်ပွဲကော်မရှင်သည် ပြည်နယ်ငါးခုလွှတ်တော်ရွေးကောက်ပွဲ ဆန္ဒမဲလက်မှတ်များကို ဒီဇင်ဘာ ၃ ရက်တွင် စတင်ရေတွက်မည်ဖြစ်ပြီး ရလဒ်များကို ယင်းနေ့မှာပင် ကြေညာနိုင်ဖွယ်ရှိသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၄ ခုနှစ် အမျိုးသား ရွေးကောက်ပွဲများ မကျင်းပမီ ပြည်နယ်ငါးခုလွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## နှစ်နိုင်ငံကြားဆက်သွယ်ထားသည့် ရထားလမ်းများ အဆင့်မြှင့်တင်ရေး တရုတ်နှင့် ဗီယက်နမ် ဆွေးနွေး

**ဟနွိုင်း ဒီဇင်ဘာ ၁**

တရုတ်နှင့်ဗီယက်နမ်နိုင်ငံတို့သည် နှစ်နိုင်ငံကြားဆက်သွယ်တည်ဆောက်ထားသည့် ရထားလမ်းပိုင်းများကို အဆင့်မြှင့်တင်ရေးအတွက် ဆွေးနွေးနေကြောင်း သိရသည်။

အဆင့်မြှင့်တင်မည့် နှစ်နိုင်ငံမီးရထားလမ်းပိုင်းသည် ဗီယက်နမ်နိုင်ငံ၏ မြေရှားသတ္တုထုတ်လုပ်ရေးနယ်မြေကိုဖြတ်၍ ဗီယက်နမ်မြောက်ပိုင်း အဓိကဆိပ်ကမ်းတစ်ခုထိ ရောက်ရှိနိုင်မည်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဗီယက်နမ်ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများအနက် နှစ်နိုင်ငံမီးရထားလမ်း ဆက်ကြောင်းများ အဆင့်မြှင့်တင်ရေးလည်း ပါဝင်ကြောင်း ဗီယက်နမ်တာဝန်ရှိသူများက ပြောကြားထားသည်။

ဗီယက်နမ်နိုင်ငံ အနေဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်စည်စီးဆင်းမှုကွင်းဆက်၏ အရေးပါသောအစိတ်အပိုင်းတစ်ရပ်ဖြစ်လာခဲ့ရာ တရုတ်နှင့်အမေရိကန်အပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ဗီယက်နမ်နိုင်ငံအပေါ် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းလျက်ရှိသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ထရန်သူကွမ်းတို့ ယနေ့တွေ့ဆုံဆွေးနွေးချိန်၌ နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးနှင့်မီးရထားလမ်းချိတ်ဆက်ရေးကိစ္စများကို အလေးပေးဆွေးနွေးနိုင်ကြောင်း ဗီယက်နမ်တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိ ဗီယက်နမ်နှင့်တရုတ်နိုင်ငံတို့ကြား မီးရထားလမ်းများဖြင့် ချိတ်ဆက်ထားပြီးဖြစ်သော်လည်း ၎င်းရထားလမ်း ဆက်ကြောင်းများမှာ ခေတ်နောက်ကျနေကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## အာဖရိကတိုက်၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ယခင်မျှော်လင့်ထားသည်ထက် ပိုမိုနည်းပါးနိုင်ဟု အေအက်ဖ်ဒီဘီခန့်မှန်း

**ဂျိုဟန်နက်စဘတ် ဒီဇင်ဘာ ၁**



အာဖရိကတိုက်၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ယခုနှစ်တွင် နှေးကွေးနေလိမ့်မည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် တစ်စိတ်တစ်ပိုင်းသာ ပြန်လည်နာလန်ထူလာနိုင်ကြောင်း အာဖရိက ဖွံ့ဖြိုးရေးဘဏ်(အေအက်ဖ်ဒီဘီ)က နိုဝင်ဘာ ၃၀ ရက်တွင် ခန့်မှန်းထားသည်။

အာဖရိကတိုက်နိုင်ငံများ၏ နိုင်ငံရေးမတည်ငြိမ်မှု၊ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းအားနည်းနေမှုနှင့် ဘဏ်တိုးနှုန်းများ မြင့်မားနေမှုတို့ကြောင့် အာဖရိကတိုက်၏စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို အေအက်ဖ်ဒီဘီက ပြန်လည်လျှော့ချခဲ့ခြင်းဖြစ်သည်။

ယခုနှစ် မေလအတွင်း အေအက်ဖ်ဒီဘီဘဏ်က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် အာဖရိကတိုက်၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို လေးရာခိုင်နှုန်းထိခန့်မှန်းထားပြီး ၂၀၂၄ ခုနှစ်တွင် ၄ ဒသမ ၃ ရာခိုင်နှုန်းထိရှိလာနိုင်ကြောင်း တွက်ချက်ထားသည်။

သို့သော် လက်ရှိအခြေအနေများအရ အာဖရိကတိုက်၏စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ယခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းထိသာရှိနိုင်ကြောင်း အေအက်ဖ်ဒီဘီက နိုဝင်ဘာ ၂၉ ရက်တွင်ထုတ်ပြန်ထားသော အစီရင်ခံစာ၌သုံးသပ်ထားသည်။

အလားတူ အာဖရိကစီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ၂၀၂၄ ခုနှစ်တွင်လည်း ၃ ဒသမ ၈ ရာခိုင်နှုန်းထိသာ မြင့်တက်လာနိုင်ကြောင်း အေအက်ဖ်ဒီဘီကခန့်မှန်းထားသည်။

အာဖရိကနိုင်ငံများ၏ နိုင်ငံရေးမတည်ငြိမ်မှု၊ ငွေကြေးမူဝါဒများ တင်းကျပ်လာမှု၊ ဘဏ်တိုးနှုန်းများ မြင့်တက်လာမှုတို့သည် အာဖရိကတိုက်၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ မျှော်လင့်ထားသည်ထက် ပိုနည်းလိမ့်မည်ဖြစ်ကြောင်း အေအက်ဖ်ဒီဘီအစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## အပစ်ရပ်သဘောတူညီချက် သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အစ္စရေးနိုင်ငံက ဂါဇာဒေသသို့ စစ်ဆင်ရေးများ ပြန်လည်စတင်

**ဂျေရုဆလင် ဒီဇင်ဘာ ၁**

ဂါဇာကမ်းမြောင်တိုက်ပွဲများ ခုနစ်ရက်ကြာရပ်ထားရေးသဘောတူညီချက် သက်တမ်းကုန်ဆုံးပြီးနောက် အစ္စရေးနိုင်ငံသည် ယနေ့တွင် ဟားမတ်စ်အုပ်စုရှင်းလင်းရေးစစ်ဆင်ရေးများ ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

ခုနစ်ရက်ကြာ အပစ်အခတ်ရပ်ဆဲရေး သဘောတူညီချက် သက်တမ်းမကုန်မီ နာရီပိုင်းအလိုတွင် ဂါဇာကမ်းမြောင်မှပစ်လွှတ်လိုက်သည့် ဒုံးကျည်တစ်စင်းကို ကြားဖြတ် ဟန့်တားခဲ့ရကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ဂါဇာတိုက်ပွဲများ ခုနစ်ရက်ကြာရပ်ဆိုင်းထားရေးသဘောတူညီချက်သည် ယနေ့ နံနက် ၇ နာရီတွင် သက်တမ်းကုန်ဆုံးခဲ့ခြင်းဖြစ်သည်။

တိုက်ပွဲများပြန်လည်စတင်မှုနှင့်အတူ အစ္စရေးနိုင်ငံအနေဖြင့် ဓားစာခံအားလုံး ပြန်လည်လွှတ်မြောက်ရေးနှင့် ဟားမတ်စ်အုပ်စုကို ရှင်းလင်းရေးအပါအဝင် လက်ရှိဖြစ်ပွားဆဲစစ်ပွဲ၏ စစ်ရေးရည်မှန်းချက်များကို ဆက်လက်အကောင်အထည် ဖော်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

ဂါဇာဒေသစစ်ပွဲများရပ်ဆိုင်းမှုသည် နိုဝင်ဘာ ၂၄ ရက်တွင် စတင်ရယူခဲ့သည့် လေးရက်ကြာတိုက်ပွဲများ ရပ်ထားရေးသဘောတူညီချက်ဖြင့်စတင်ခဲ့ပြီး နောက်ပိုင်းတွင် ယင်းသဘောတူညီချက်ကို ခုနစ်ရက်ထိ ဆက်လက်သက်တမ်းတိုးနိုင်ခဲ့သည်။


တိုက်ပွဲများ ခုနစ်ရက်ကြာရပ်ထားစဉ်အတွင်း အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့သည် ဓားစာခံများနှင့် အကျဉ်းသားများဖလှယ်နိုင်ခဲ့သလို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများလည်း ဂါဇာကမ်းမြောင်ဒေသသို့ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## မီးတောင်ဆောင်းရာသီများဖြင့် အခါခါကြုံခဲ့ရခြင်းကြောင့် ဂြိုဟ်သိမ်ဝင်တိုက်မှု နောက်ဆက်တွဲကပ်ဘေးများကို ဒိုင်နိုဆောများ ကျော်လွှားနိုင်မှုမရှိခဲ့



**ရောမ ဒီဇင်ဘာ ၁**

မီးတောင်ပေါက်ကွဲမှုများကြောင့် ပေါ်ထွက်လာသည့် မီးတောင်ဆောင်းရာသီများဖြင့် အခါခါကြုံခဲ့ရခြင်းကြောင့် ဂြိုဟ်သိမ်ဝင်တိုက်မှု နောက်ဆက်တွဲ ကပ်ဘေးများကို ဒိုင်နိုဆောများအနေဖြင့် ကျော်လွှားနိုင်မှုမရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

အီတလီ သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းခန့်က ဒိုင်နိုဆောသတ္တဝါများ မျိုးသုဉ်း ပျောက်ကွယ်ခဲ့ရမှုသည် မီးတောင်ပေါက်ကွဲမှု၊ ဂြိုဟ်သိမ်ကျရောက်မှုဖြစ်စဉ် နှစ်မျိုးစလုံးနှင့် ဆက်စပ်နေကြောင်း သိရသည်။

ကမ္ဘာမြေကို ဂြိုဟ်သိမ်ဝင် မတိုက်မီ နှစ် ၂၀၀၀၀၀ ခန့်တွင် ဒက်ကန်ထရက်ခ်အမည်ရှိ မဟာမီးတောင်နယ်မြေ ပေါက်ကွဲမှုနှင့်အတူ ထွက်ပေါ်လာသည့် ဆာလ်ဖာနှင့် ဖလူအိုရင်းဓာတ်ငွေ့များကြောင့် ကမ္ဘာ့အပူချိန်မှာ ၁၈ ဒီဂရီဖယ်ရင်ဟိုက်ထိ ကျဆင်းခဲ့ရသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဒက်ကန်ထရက်ခ် မီးတောင်ပေါက်ကွဲမှုကြောင့် ပေါ်ထွက်လာသည့် မီးတောင်ဆောင်းရာသီများဖြင့် ကြိမ်ဖန်များစွာကြုံခဲ့ရပြီး ကမ္ဘာမြေကို ဂြိုဟ်သိမ်ဝင်တိုက်ချိန်တွင် ဒိုင်နိုဆောများ ပျောက်ကွယ်ခဲ့ရခြင်းဖြစ်ကြောင်း နိုင်ငံတကာသိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

သိပ္ပံပညာရှင်များသည် ဒက်ကန်ထရက်ခ် မီးတောင်ပေါက်ကွဲမှုကြောင့် ပေါ်ထွက်လာသည့် ချော်ကျောက်များအတွင်း ရှိနေသည့် ဆာလ်ဖာနှင့် ဖလူအိုရင်းဓာတ်ငွေ့မော်လီကျူးများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က ဂျိုင်ရိုစကုပ်ပြဿနာကြောင့် စူးစမ်းလေ့လာရေးစနစ်များ အလိုအလျောက်ရပ်ဆိုင်းထား

**ဝါရှင်တန် ဒီဇင်ဘာ ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် နိုဝင်ဘာ ၂၃ ရက်က ဂျိုင်ရိုစကုပ်ပြဿနာတစ်ရပ်ကြောင့် စူးစမ်းလေ့လာရေးစနစ်များ အလိုအလျောက် ရပ်ဆိုင်းထားကြောင်း နာဆာအဖွဲ့က နိုဝင်ဘာ ၃၀ ရက်တွင် အတည်ပြုသတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်၏ အခြေအနေမှာ ကောင်းမွန်နေဆဲဖြစ်ပြီး စူးစမ်းလေ့လာရေးစနစ်များ ပြန်လည်ပတ်နိုင်ရေးအတွက် ဂျိုင်ရိုစကုပ်ပြဿနာကို ဖြေရှင်းရန် ကြိုးစားနေကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်တွင် တယ်လီစကုပ်ဦးတည်ရာကို ထိန်းကျောင်းပေးသော ဂျိုင်ရိုစကုပ်ခြောက်လုံး တပ်ဆင်ထားသည်။

သို့ရာတွင် အဆိုပါဂျိုင်ရိုစကုပ်ခြောက်လုံးအနက် သုံးလုံးသာပုံမှန်အခြေအနေအတိုင်း လည်ပတ်နိုင်ကြောင်း နာဆာတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။



လက်ရှိအချိန်တွင် ဟက်ဘယ် အာကာသ ရေဒီယိုတယ်လီစကုပ်သည် စူးစမ်းလေ့လာရေးစနစ်များကို ရပ်ထားပြီး မြေပြင်ထိန်းချုပ်ရေးစခန်း ညွှန်ကြားချက်အသစ်များကို စောင့်ဆိုင်းနေသည်ဟု နာဆာတာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်ကို ၁၉၉၀ ပြည့်နှစ်ကပင် လွှတ်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နာဆာက Peregrine လဆင်းယာဉ်ငယ်တစ်စင်းကို ဒီဇင်ဘာ ၂၄ ရက်တွင် လွှတ်တင်ရန်စီစဉ်ထား

**ဝါရှင်တန် ဒီဇင်ဘာ ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် Peregrine အမည်ရှိ လဆင်းယာဉ်ငယ်တစ်စင်းကို ဒီဇင်ဘာ ၂၄ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

Peregrine လဆင်းယာဉ်သည် နှစ်ပေါင်း ၅၀ အတွင်း နာဆာအဖွဲ့က လွှတ်တင်မည့် ပထမဆုံး လဆင်းယာဉ်ဖြစ်ကြောင်း သိရသည်။

Peregrine လဆင်းယာဉ်သည် လွှတ်တင်ပြီးပါက ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် လပတ်လမ်းအတွင်းသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

Peregrine လဆင်းယာဉ်ကို ပစ်ဘာ့ဂ်မြို့အခြေစိုက် အက်စထရိုဘော့တစ်ကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်သည်။

Peregrine မစ်ရှင်သည် ၁၉၇၂ ခုနှစ် အပိုလို-၁၇ လဆင်းယာဉ်မစ်ရှင်နောက်ပိုင်း နာဆာ၏ ပထမဆုံး လဆင်းယာဉ်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လဆင်းယာဉ်ကို ယခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် United Launch Alliance ကုမ္ပဏီ၏ ဗော်လ်ကန်စင်တော်ဒုံးပျံဖြင့် လွှတ်တင်ရန် နာဆာကစီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## လမ်းမြန်မြန်ဆန်ဆန် လျှောက်ပေးပါက ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**တီဟီရန် ဒီဇင်ဘာ ၁**

လမ်းလျှောက်ရာတွင် မြန်မြန်ဆန်ဆန်လျှောက်ပေးပါက ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

အီရန်သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀၀၀ ကျော်ပါဝင်သည့် ဆီးချိုရောဂါလေ့လာချက်နှင့် လမ်းလျှောက်မှုအကျိုးကျေးဇူးဆိုင်ရာ လေ့လာချက်များကို ပြန်လည်ဆန်းစစ်ခဲ့ကြကြောင်း သိရသည်။

ပေါ်ထွက်လာသည့် ရလဒ်များအရ တစ်နာရီလျှင် ၂ ဒသမ ၅ မိုင်ထိ အနည်းဆုံးလျှောက်နိုင်သူများတွင် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ သိသိသာသာ ကျဆင်းနေတတ်ကြောင်း သိရသည်။

တစ်နာရီ ၂ ဒသမ ၅ မိုင်နှုန်း လမ်းလျှောက်မှုသည် အမျိုးသမီးများအတွက် တစ်မိနစ်လျှင်ခြေလှမ်း ၈၇ လှမ်း၊ အမျိုးသားများအတွက် တစ်မိနစ်လျှင် ခြေလှမ်း ၁၀၀ လမ်းလျှောက်သည်နှင့်ညီမျှကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် တစ်နာရီ ၂ ဒသမ ၅ မိုင်နှုန်းထက် လမ်းလျှောက်မှုပိုမြန်ခဲ့လျှင် တစ်နည်းအားဖြင့် တစ်နာရီသုံးမိုင်နှုန်းထိ လျှောက်နိုင်ခဲ့လျှင် ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေ ကျဆင်းမှုပိုများလာကြောင်းလည်း အီရန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လမ်းလျှောက်ခြင်းဖြင့် ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေကို လျှော့ချရာတွင် ပုံမှန်ထက် မြန်မြန်ဆန်ဆန်လျှောက်ပေးပါက ပို၍ထိရောက်မှုရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Sputnik News**
**Trs : KKO**

## နေ့မစေ့လမစေ့ကလေးဖွားမြင်မှုကို ကိုဗစ်ကာကွယ်ဆေးများက တားဆီးပေးနိုင်

**နယူးယောက် ဒီဇင်ဘာ ၁**

ကိုဗစ်ရောဂါ ကာကွယ်ဆေးများသည် နေမစေ့ လမစေ့ကလေးဖွားမြင်မှုကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါ ကူးစက်ခံခဲ့ရဖူးသော မိခင်လောင်းများကြားတွင် နေ့မစေ့ လမစေ့ ကလေးဖွားမြင်မှုနှုန်း ၇၈ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။


အမေရိကန် သုတေသနပညာရှင်များသည် ၂၀၁၄ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြားရှိခဲ့သည့် ကလေးဖွားမြင်မှု သန်းပေါင်းများစွာ၏ အချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ ၂၀၁၄ ခုနှစ်တွင် မိခင်လောင်းများကြား နေ့မစေ့ လမစေ့ကလေးဖွားမြင်မှုများ မြင့်တက်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင်မူ နေ့မစေ့ လမစေ့ ကလေးဖွားမြင်မှုနှုန်း ပြန်လည်ကျဆင်းသွားကြောင်း သုတေသန ပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

Moderna နှင့် Pfizer ကိုဗစ်ရောဂါကာကွယ်ဆေးများ စတင်ထွက်ပေါ်လာပြီးနောက်တွင် မိခင်လောင်းများကြား နေ့မစေ့ လမစေ့ ဖွားမြင်မှုများ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်များအရ ကိုဗစ်ရောဂါကာကွယ်ဆေးများမှာ မိခင်လောင်းများ နေ့မစေ့ လမစေ့ ကလေးဖွားမြင်မှုများကို တားဆီးပေးနိုင်ဖွယ်ရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

### ပရီးမီးယားလိဂ် ပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်များ

ML

**ချဲလ်ဆီး Vs ဘရိုက်တန်**

**ကစားမည့်ရက်/အချိန် ၃-၁၂-၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ချဲလ်ဆီး ၁ - ၀ ဘရိုက်တန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | - | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(ရှုံး) |
| ဘရိုက်တန် | - | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(နိုင်) |

ချဲလ်ဆီးအသင်းဟာ ပြီးခဲ့တဲ့အမှတ်ပေးပွဲမှာ နယူးကာဆယ်ကို ဂိုးပြတ်ရှုံးခဲ့ပြီး လက်ရှိမှာလဲ ဒဏ်ရာရပွဲပယ်ကစားသမားများနေတာဖြစ်ပါတယ်။ ဘရိုက်တန်ကတော့ အသင်းလိုက်ကစားအားကောင်းနေတာကြောင့် ချဲလ်ဆီးအသင်းတိုက်စစ်ကို ပွဲချိန်ပြည့်ဟန့်တားပြီး ရမှတ်ရှာဖွေလာမှာပါ။ ဒါကြောင့် အနည်းဆုံးသရေကစားလာမဲ့ ဘရိုက်တန်နဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - ချဲလ်ဆီး ၂ - ၂ ဘရိုက်တန်**

**မန်စီးတီး Vs စပါး**

**ကစားမည့်ရက်/အချိန် ၃-၁၂-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စပါး ၁ - ၀ မန်စီးတီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | - | ဝေး(သရေ) | အိမ်(သရေ) | အိမ်(နိုင်) |
| စပါး | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

မန်စီးတီးအသင်းအနေနဲ့ အခုပွဲစဉ်ကိုအနိုင်ရဖို့ ပြင်ဆင်လာမှာဖြစ်ပြီး ချန်ပီယံဆုကို စိန်ခေါ်ဖို့ကြိုးစားမှာသေချာပါတယ်။ စပါးအသင်းကတော့ အဓိက ကစားသမားတွေ ဒဏ်ရာရ၊ ပွဲပယ်ဖြစ်နေတာကြောင့် မန်စီးတီးအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ အနိုင်သေချာမဲ့ မန်စီးတီးကိုရွေးရမှာပါ။

**အင်တာနက်ခန့်မှန်း - မန်စီးတီး ၃ - ၁ စပါး**

### အီတလီစီးရီးအေ ပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်

ML

**ဆက်ဆူအိုလို Vs ရိုးမား**

**ကစားမည့်ရက်/အချိန် ၃-၁၂-၂၀၂၃ (ည ၁၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရိုးမား ၃ - ၄ ဆက်ဆူအိုလို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆက်ဆူအိုလို | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |
| ရိုးမား | - | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(သရေ) |

ဆက်ဆူအိုလိုဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲဆက် အနိုင်မရခဲ့ဘဲ အသင်းလိုက်ကစားအား ကျဆင်းနေတာဖြစ်ပါတယ်။ လက်ရှိ ရိုးမားကလဲ အဝေးကွင်းကစားပုံတည်ငြိမ်မှုမရှိပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းမှာ ဆက်ဆူအိုလိုကို အသာရထားတာကိုတွေ့ရမှာပါ။ ဒါကြောင့် ကစားသမားစုဖွဲ့မှုသာလွန်နေတဲ့ ရိုးမားအသင်းကို ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဆက်ဆူအိုလို ၁ - ၂ ရိုးမား**

### အားကစားသတင်း အတိုအထွာများ

- ယူရိုပါကွန်ဖရင့်လိဂ်ပွဲစဉ်အဖြစ် အေဇီလာအသင်းနှင့် လီဂီယာဝါဆောအသင်းတို့ပွဲစဉ်တွင် လီဂီယာဝါဆော ပရိသတ်များကို ကွင်းအတွင်းဝင်ခွင့်မပြုခဲ့သည့်အတွက် ရဲတပ်ဖွဲ့နှင့် ပရိသတ်များအကြား ပဋိပက္ခဖြစ်ပွားခဲ့ရာ ရဲအရာရှိ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဘာမင်ဂမ်မြို့ ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။
- ဟယ်စင်ကီးအသင်းက အာဘာဒင်းအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရချိန်တွင် အာဘာဒင်းပရိသတ်များက ဟယ်စင်ကီး ဂိုးသမားကို နှင်းခဲဖြင့် ပစ်ပေါက်မှုများကြောင့် ပြိုင်ပွဲကို ခေတ္တရပ်ဆိုင်းခဲ့ရပြီး ပွဲပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ ML

## အယ်ဆာပေးဒိုးအသင်းနှင့် ခြေစမ်းပွဲစဉ်တွင် တိုက်စစ်မှူးမက်ဆီ ပါဝင်မည်ဖြစ်ကြောင်း အင်တာမီယာမီအသင်း ပြောကြား



**ဝါရှင်တန် ဒီဇင်ဘာ ၁**

အာဂျင်တီးနားအသင်းနှင့်ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ကြွက်သားဒဏ်ရာရရှိခဲ့သည့် တိုက်စစ်မှူးမက်ဆီအနေဖြင့် လာမည့် ဖေဖော်ဝါရီ ၁၉ ရက်တွင် ကစားမည့် အယ်ဆာပေးဒိုးအသင်းနှင့် ခြေစမ်းပွဲစဉ်တွင်ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း အင်တာမီယာမီအသင်းက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူးမက်ဆီသည် ပြီးခဲ့သည့် နိုဝင်ဘာ ၂၂ ရက်က ဘရာဇီးအသင်းနှင့်စားခဲ့သည့် ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်တွင် ပွဲကစားချိန် ၇၈ မိနစ်အရောက်တွင် ကြွက်သားဒဏ်ရာရရှိခဲ့သောကြောင့် လူစားလဲထွက်ခွာခဲ့ရကာ ၎င်းအနေဖြင့် ယခုနှစ်ကုန်ထိ အနားယူရမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး ယခုအခါ အင်တာမီယာမီအသင်းက ရာသီအကြိုခြေစမ်းပွဲအဖြစ် နိုင်ငံလက်ရွေးစင်အယ်ဆာဗေဒိုးအသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်မှူးမက်ဆီ ပြန်လည် ပါဝင်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အင်တာမီယာမီ အသင်းသည် လာမည့် ၂၀၂၄ ခုနှစ်အတွက် ရာသီအကြို ခြေစမ်းပွဲကစားမည့် ခရီးစဉ်ကို ထုတ်ပြန်ကြေညာခြင်း မရှိသေးသော်လည်း ပထမဆုံး ခြေစမ်းပွဲစဉ်အဖြစ် အယ်ဆာဗေဒိုး လက်ရွေးစင်အသင်းနှင့် ကစားမည်ဖြစ်ကြောင်းကိုထုတ်ပြန်ခဲ့ပြီး ဆော်ဒီနိုင်ငံတွင်ကျင်းပမည့်ချစ်ကြည်ရေးဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် အတည်ပြုခြင်းမရှိသေးဘဲ လာမည့်ရက်သတ္တပတ်မှသာ ရာသီအကြို ခြေစမ်းပွဲစဉ်ဇယားကို ထုတ်ပြန်မည်ဖြစ်သည်။

တိုက်စစ်မှူးမက်ဆီသည် ပြီးခဲ့သည့် ဇူလိုင်က အင်တာမီယာမီအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံတွင် အသင်းအတွက်သွင်းဂိုး ၁၀ ဂိုးသွင်းယူကာ အသင်းအား ပြည်တွင်းဖလားတစ်လုံးရရှိအောင် စွမ်းဆောင် နိုင်ခဲ့သော်လည်း အောက်တိုဘာ ၂၁ ရက်က အမှတ်ပေးပြိုင်ပွဲတွင် ချာလော့တီအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းအနေဖြင့် မေဂျာလိဂ် play-off ကစားခွင့်နှင့်လွဲချော်ခဲ့ရသည်။

သို့သော် အင်တာမီယာမီအသင်းသည် ယခုနှစ်တွင်ရရှိခဲ့သည့် တိုက်စစ်မှူးမက်ဆီ၏ ရှစ်ကြိမ်မြောက် ဘော်လွန်ဒီအော်ဆုကိုဂုဏ်ပြုသည့်အနေဖြင့် နိုဝင်ဘာ ၁၀ ရက်က နယူးယောက်အက်စ်စီအသင်းနှင့် ခြေစွမ်းပွဲကစားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : ML

## Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဟားမန်းနှင့် တိုနီဖီနော့တို့ ပူးတွဲဦးဆောင်

**နာဆော ဒီဇင်ဘာ ၁**

ဘဟားမားစ်နိုင်ငံတွင် ကျင်းပနေသည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဟားမန်းနှင့် တိုနီဖီနော့တို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း သိရသည်။

ထို့ပြင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျော်ဒန်စပိုက်က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ကင်မရွန်းယန်း၊ ရှက်ဖလာ၊ မိုရီကာဝါနှင့် မက်ဟိုမာတို့ကသတ်မှတ်ရိုက်ချက်ထက် သုံးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲကို ဦးဆောင်ကျင်းပသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်က သတ်မှတ်ရိုက်ချက်ထက် သုံးချက်ပိုရိုက်ထားပြီး အမှတ်ပေးဇယား၏ အဆင့် ၁၈ နေရာတွင်ရပ်တည်လျက်ရှိသလို ကာလရှည်ကြာစွာအနားယူထားရသော်လည်း ပုံစံကောင်းတစ်ချို့ ပြသနိုင်ခဲ့ကြောင်း သိရသည်။

တိုက်ဂါးဝုဒ်က “ပထမနေ့မှာ ရိုက်ချက်တွေက သိပ်မထွက်ခဲ့ဘူး။ ပြိုင်ပွဲဝင်လိုစိတ် ပျောက်ဆုံးနေသလို ခံစားရတယ်။ ဒုတိယနေ့မှာ ဒီထက်ပိုကောင်းအောင် ကစားနိုင်လိမ့်မယ်လို့တော့ ယုံကြည်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## ဂိုးသမားအိုနာနာအနေဖြင့် နောက်ထပ်အမှားကျူးလွန်ပါက ပွဲထွက်ကစားသမားစာရင်းမှ ဖယ်ရှားခံရမည်ဟု နည်းပြတန်ဟတ် သတိပေး

**မန်ချက်စတာ ဒီဇင်ဘာ ၁**

မန်ယူအသင်းနည်းပြတန်ဟက်က အသင်းမှ ဂိုးသမားအိုနာနာကို နောက်ထပ် အမှားများကျူးလွန်ပါက ပွဲထွက်ကစားသမားစာရင်းမှ ဖယ်ရှားခံရမည်ဖြစ်ပြီး အရန်ကစားသမားအဖြစ်သာ အသုံးပြုသွားမည်ဟု သတိပေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းက ပြီးခဲ့သည့် ဘောလုံးရာသီအကုန်က အသင်းနှင့် ဆယ်စုနှစ် တစ်ခုကျော်ကြာကစားခဲ့သည့် ဂိုးသမားဒီဂီယာနှင့် လမ်းခွဲခဲ့ပြီးနောက် ၎င်း၏နေရာတွင် အင်တာမီလန်အသင်းမှ ဂိုးသမားအိုနာနာနှင့် အစားထိုးခဲ့သော်လည်း အိုနာနာအနေဖြင့် မန်ယူအသင်းတွင် မဖြစ်သင့်သည့် အမှားများကျူးလွန်ပြီး ရှန်းကန်နေရခြင်းဖြစ်သည်။

နည်းပြတန်ဟတ် ကိုယ်တိုင် အေဂျက်အသင်းတွင် လက်တွဲခဲ့ဖူးသည့် ဂိုးသမားအိုနာနာကို အင်တာမီလန်အသင်းထံမှ ခေါ်ယူခဲ့ခြင်းဖြစ်ပြီးအသင်းတွင် ပွဲထွက်ကစားသမားအဖြစ် ပွဲစဉ်တိုင်းပါဝင်ခွင့်ရရှိနေသော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲများတွင် အမှားများစွာကျူးလွန်နေခဲ့သည့်အတွက် မန်ယူအသင်းအနေဖြင့် ရသင့်သည့်ရမှတ်များကို အိုနာနာကြောင့် ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

ဂိုးသမား အိုနာနာသည် နောက်ဆုံးကစားခဲ့သည့် ဂါလာတာစာရေးအသင်းနှင့် မန်ယူအသင်းတို့ သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ဂါလာတာစာရေးအသင်း တောင်ပံကစားသမား ဇီယက်သွင်းယူခဲ့သည့် သွင်းဂိုးနှစ်ဂိုးကို ဂိုးသမားတစ်ဦး




အနေဖြင့် အလွယ်တကူကာကွယ်နိုင်ရမည်ဖြစ်သော်လည်း ၎င်း၏ ပေါ့ဆမှုကြောင့် ခွင့်ပြုပေးခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဂိုးသမား အိုနာနာကြောင့် မန်ယူအသင်းအနေဖြင့် ရမှတ်ဆုံးရှုံးခဲ့ရပြီး သရေရလဒ်ကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှထွက်ခွာရဖွယ်ရှိနေကြောင်း သိရသည်။

Ref : RT

Trs : STA

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ISPE အသင်းကို လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ




**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ပွဲစကတည်းခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် လေးမိနစ်နှင့် ၂၄ မိနစ်တွင် ရန်ကျော်ထွေးက လည်းကောင်း၊ ပွဲချိန် ၁၀ မိနစ်တွင် သာယာဝင်းထက်ကလည်းကောင်း ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၃၉ မိနစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းမှ သူရိန်စိုးက ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့မိသည့်အတွက် ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံး အပြန်အလှန် ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် သွင်းဂိုးရရှိရန်ခက်ခဲခဲ့သော်လည်း ပွဲချိန် ၉၃ မိနစ်တွင် ဇော်ရဲထွန်းက ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုး တစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန် ယူနိုက်တက်အသင်းက ISPE အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၁)အခြားပွဲစဉ်တွင် ရှေဝတီယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် ဒီဇင်ဘာ ၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့်ရခိုင်ယူနိုက်တက်အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။ STA

# ယူရိုပါလိဂ်အုပ်စုပွဲစဉ် ငါးပွဲအပြီးတွင် ပရီးမီးယားလိဂ်မှ ကလပ်အသင်းများ ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့




**လန်ဒန် ဒီဇင်ဘာ ၁**

ယူရိုပါလိဂ်အုပ်စုပွဲစဉ် ငါးပွဲကစားအပြီးတွင် ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် လီဗာပူး၊ ဝက်စ်ဟမ်း၊ ဘရိုက်တန်အသင်းတို့မှာ နိုင်ပွဲကိုယ်စီရရှိခဲ့သောကြောင့် ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် လီဗာပူးအသင်းသည် လက်လင့်အသင်းကို ဒီယက်ဂ်၊ ဂတ်ပို၊ ဆာလာဟ်တို့၏ သွင်းဂိုးများဖြင့် လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် လေးပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမနေရာဖြင့် ရှုံးထွက်အဆင့်သို့ တက်ရောက်ရောက်နိုင်ခဲ့ပြီး ဝက်စ်ဟမ်းအသင်းက တိုပိုလာအသင်းကို အဝေးကွင်းတွင် သွားရောက်ကစားခဲ့ရသော်လည်း ဆူစက်ခ်၏ နောက်ကျသွင်းဂိုးဖြင့်အနိုင်ရခဲ့သဖြင့် အုပ်စုပွဲစဉ်ငါးပွဲကစားအပြီးတွင် လေးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၂ မှတ်ရရှိခဲ့ပြီး ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ထို့ပြင် အုပ်စု(B)မှ ဘရိုက်တန်အသင်းအနေဖြင့် အေအီးကေအသင်းကို အဝေးကွင်းတွင် ဂျာအိုပက်ထရို၏ ပင်နယ်တီသွင်းဂိုးဖြင့် အနိုင်ရခဲ့ကာ အုပ်စုပွဲစဉ်ငါးပွဲတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရမှတ် ၁၀ မှတ်ရရှိခဲ့ကာ အဆင့်(၃)မှ အေအီးကေအသင်းကို ရမှတ်ခြောက်မှတ် ဖြတ်တောက်နိုင်ခဲ့သောကြောင့် လက်ကျန်ပွဲတစ်ပွဲကစားရန်အလိုတွင် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်ငါးပွဲအပြီးတွင် အုပ်စု(A)ဝက်စ်ဟမ်းနှင့် ဖရိုင်းဘတ်၊ အုပ်စု(B)မာဆေးနှင့် ဘရိုက်တန်၊အုပ်စု(D)မှ အတ္တလန်တာနှင့် စပို့တင်းလစ္စဘွန်း ၊အုပ်စု(E)မှ လီဗာပူးနှင့်တူးလော့၊ အုပ်စု(F)မှ ရင်းနက်နှင့်ဗီလာရီးရဲလ်၊ အုပ်စု(G)မှ ဆလာဗီးယားနှင့် ရိုးမား၊ အုပ်စု(H)မှ လေဗာကူဆင်အသင်းတို့ ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ Ref : RT

Trs : ML

# Next Gen ATP Finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ မက်ဂျီဗစ်နှင့်အာသာဖီတို့ တက်ရောက်

**ရိုယာ့ဒ် ဒီဇင်ဘာ ၁**

ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါးမြို့တွင်ကျင်းပနေသည့် Next Gen ATP Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ဆာဘီးယားတင်းနစ်ကစားသမား မက်ဂျီဗစ်နှင့် ဂျော်ဒန်တင်းနစ်ကစားသမားရှယ်ဘေတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မက်ဂျီဗစ်က (၃-၄၊ ၄-၂၊ ၄-၃၊ ၄-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

မက်ဂျီဗစ်နှင့် ရှယ်ဘေတို့၏ ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့သည့် ပွဲစဉ်ဖြစ်ခဲ့ပြီး tie-break အဆင့်ရောက်ခဲ့သည့် ပွဲငယ်နှစ်ပွဲရှိခဲ့သည်။

မက်ဂျီဗစ်သည် break point ကို သုံးကြိမ်တိုင်တိုင်ကာကွယ်၍ ရှယ်ဘေကို အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် ဆွစ်ဇာလန်တင်းနစ်ကစားသမား စထရစ်ကာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သကဲ့သို့ စထရစ်ကာသည် အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွင် ပြင်သစ်တင်းနစ်ကစားသမားအာသာဖီနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး (၄-၂၊ ၃-၄၊ ၄-၂၊ ၄-၃) ရလဒ်ဖြင့်ရှုံးနိမ့်ခဲ့သော်လည်း အုပ်စုတွင်းအစောပိုင်းပွဲစဉ်တွင်အနိုင်ရထားသည့်အတွက် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရခဲ့သည်။

အာသာဖီသည် စထရစ်ကာကို အနိုင်ရရှိခဲ့ပြီးနောက် ပြင်သစ်တင်းနစ် ကစားသမားတစ်ဦးဖြစ်သည့် ဗန်အက်ချီနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဗန်အက်ချီသည် အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွင် အမေရိကန်တင်းနစ်ကစားသမား မီချယ်လ်ဆန်ကို (၄-၃၊ ၃-၄၊ ၃-၄၊ ၄-၁၊ ၄-၃) ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။ Ref : RT

Trs : AZL

## စပိန်လာလီဂါ ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်

STA

**ဘာစီလိုနာ Vs အေတီကို**

**ကစားမည့်ရက်/အချိန် ၄-၁၂-၂၀၂၃ (နံနက် ၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘာစီလိုနာ ၁ - ၀ အေတီကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |
| အေတီကို | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

အိမ်ကွင်းကောင်းတဲ့ ဘာစီလိုနာအသင်းဟာ အဓိက ကစားသမားအချို့ ဒဏ်ရာကြောင့်အနားယူနေရတယ်ဆိုပေမဲ့ ကစားသမားအင်အားပိုင်းကတောင့်တင်းမှုရှိနေပါတယ်။ အေတီကိုအသင်းကလဲနောက်ဆုံးကစားခဲ့တဲ့လေးပွဲဆက် နိုင်ပွဲရထားပေမဲ့ ဘာစီလိုနာအသင်းနဲ့ရင်ဆိုင်ရတိုင်း ရှုံးနိမ့်ရလေ့ရှိပါတယ်။ ဒါကြောင့် ဘာစီလိုနာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘာစီလိုနာ ၂ - ၁ အေတီကို**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်

STA

**မိန့် Vs ဖရိုင်းဘတ်**

**ကစားမည့်ရက်/အချိန် ၃-၁၂-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မိန့် ၁ - ၁ ဖရိုင်းဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မိန့် | - | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(သရေ) |
| ဖရိုင်းဘတ် | - | ဝေး(ရှုံး) | အိမ်(သရေ) | အိမ်(နိုင်) |

မိန့်အသင်းဟာ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ခြေစွမ်းပိုင်းကအကျဘက်ရောက်နေလို့ အိမ်ကွင်းဆိုပေမဲ့ ရှုံးနိမ့်ရပါလိမ့်မယ်။ ဖရိုင်းဘတ်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းနဲ့တိုက်စစ်ပိုင်း ပိုမိုကောင်းမွန်လာပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ ဖရိုင်းဘတ်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - မိန့် ၁ - ၂ ဖရိုင်းဘတ်**

## ပြင်သစ်လီဂူး ပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်များ

STA

**မိုနာကို Vs မောင့်ပယ်လီယာ**

**ကစားမည့်ရက်/အချိန် ၃-၁၂-၂၀၂၃ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မိုနာကို ၀ - ၄ မောင့်ပယ်လီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မိုနာကို | - | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(ရှုံး) |
| မောင့်ပယ်လီယာ | - | အိမ်(သရေ) | အိမ်(ရှုံး) | အိမ်(သရေ) |

နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ မိုနာကိုအသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့ မဖြစ်မနေအနိုင်ရလဒ်ဖော်ဆောင်မှာပါ။ မောင့်ပယ်လီယာအသင်းကလည်း သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကြောင့် အခုပွဲစဉ်မှာလဲ ရှုံးနိမ့်ရမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မိုနာကိုအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - မိုနာကို ၂ - ၀ မောင့်ပယ်လီယာ**

**လိုင်လီ Vs မက်**

**ကစားမည့်ရက်/အချိန် ၃-၁၂-၂၀၂၃ (ည ၁၀း၃၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်လီ ၀ - ၀ မက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်လီ | - | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(နိုင်) |
| မက် | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |

နှစ်ပွဲဆက်နိုင်ပွဲရယူထားပြီး ပုံစံကောင်းပြသနေတဲ့ လိုင်လီအသင်းဟာ အိမ်ကွင်းမှာ မက်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ မက်အသင်းကလဲ အသင်းလိုက် ကစားပုံမှာကျော့မှုရှိတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဒီပွဲမှာ အိမ်ကွင်းကစားပုံကောင်းတဲ့ လိုင်လီအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - လိုင်လီ ၁ - ၀ မက်**

# ဂျပန်-ဖိလစ်ပိုင် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအလားအလာ

**ဝင်းဇင်(သုတေသန)**

အရှေ့တောင်အာရှဒေသရှိ ဂျပန်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာ မဟာမိတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည်။ ဂျပန်နိုင်ငံကဲ့သို့ ကျွန်းနိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံအနေဖြင့်လည်း လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများရှိနေသည်။ ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် နိုဝင်ဘာ ၃ ရက်တွင် ဖိလစ်ပိုင်သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် တောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်တို့တွင် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများမြင့်တက်လာလျက်ရှိသောကြောင့် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် အပြန်အလှန်ဝင်ရောက်သွားလာခွင့် သဘောတူညီချက် (RAA) ဖြစ်သည့် ကာကွယ်ရေးဆိုင်ရာ စာချုပ်တစ်ခုအတွက် စတင်ဆွေးနွေးမှုလုပ်ဆောင်သွားရန် သဘောတူညီမှုရရှိခဲ့သည်။ RAA သည် အလည်အပတ်တပ်ဖွဲ့များလာရောက်ခွင့်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပိုမိုလုပ်ဆောင်နိုင်ရေးအတွက် အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက် ရရှိခြင်းသည် ဖိလစ်ပိုင်နိုင်ငံတွင် ဂျပန်တပ်ဖွဲ့များ တပ်ဖြန့်ချထားခွင့်ရရှိစေမည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်နိုင်ခြင်းသည် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာ အားကောင်းလာစေမည်ဖြစ်ကြောင်းနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ပူးတွဲတုံ့ပြန်နိုင်မည်ဖြစ်ကြောင်း ကီရှီဒါက ပြောကြားသွားခဲ့သည်။ အရှေ့တရုတ်ပင်လယ်နှင့်တောင်တရုတ်ပင်လယ်ပြင်တို့တွင်တင်းမာမှုများမြင့်တက်လျက်ရှိပြီး ဂျပန်နှင့်ဖိလစ်ပိုင်တို့သည် တရုတ်နှင့်နယ်မြေပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသည်။

၂၀၂၃ ခုနှစ် ဇွန်လတွင် ဂျပန်နိုင်ငံသည် ကမ်းခြေစောင့်ကင်းလှည့်စစ်ရေယာဉ်ဖြစ်သည့် Akitsushima ကို ဖိလစ်ပိုင်နိုင်ငံသို့စေလွှတ်ခဲ့ပြီး အမေရိကန်၊ ဖိလစ်ပိုင်တို့နှင့် သုံးနိုင်ငံ စစ်ရေးလေ့ကျင့်မှု၌ ပါဝင်လေ့ကျင့်ခဲ့သည်။ အမေရိကန်သည် ဂျပန်၊ ဖိလစ်ပိုင်တို့နှင့် ကာလရှည်ကြာ မိတ်ဖက်ဆက်ဆံရေး ထူထောင်ထားရှိသည်။ ထို့ကြောင့် ဂျပန်နှင့် ဖိလစ်ပိုင်တပ်မတော်တို့သည် အမေရိကန်၏ စစ်ဘက်ဆိုင်ရာ နည်းဗျူဟာများလွှမ်းမိုးခံထားရသည်။ အထူးသဖြင့် သုံးနိုင်ငံ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အဆင်ပြေချောမွေ့လျက်ရှိသည်။

ထို့ပြင် ဂျပန်ခေါင်းဆောင်အနေဖြင့် ဖိလစ်ပိုင်နှင့် ခိုင်မာအားကောင်းသော လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် အနောက်ပစိဖိတ်ဒေသတွင် ဟန့်တားနိုင်မှုစွမ်းဆောင်ရည် ပိုမိုတိုးမြှင့်နိုင်မည်ဟု ယုံကြည်လက်ခံထားရှိသည်။ ဂျပန်နိုင်ငံသည် စစ်ဆန့်ကျင်ရေးဝါဒကို စွန့်လွှတ်ရန်ကြိုးပမ်းလျက်ရှိသောကြောင့် ဖိလစ်ပိုင်နှင့်လုံခြုံရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်လုပ်ဆောင်လာလျက်ရှိသည်။ ဂျပန်နိုင်ငံသည် အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာစာတမ်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့ပြီး ၎င်းစာတမ်းတွင် စစ်ဆန့်ကျင်ရေးဝါဒကို ပြန်လည်သုံးသပ်ထားရှိသည်။

ဂျပန်နိုင်ငံသည် ၎င်း၏ တရားဝင်လုံခြုံရေးထောက်ပံ့ကူညီမှု (OSA) အစီအစဉ် တစ်စိတ်တစ်ဒေသအနေဖြင့် ဖိလစ်ပိုင်ရေတပ်ကို စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် အမေရိကန်ဒေါ်လာ လေးသန်းတန်ဖိုးရှိသော ကမ်းခြေစောင့်ရေဒါစနစ်များ လှူဒါန်းထောက်ပံ့သွားရန် ရည်ရွယ်ထားရှိသည်။ ဖိလစ်ပိုင်နိုင်ငံသည် OSA အစီအစဉ်အရ အကူအညီများရရှိမည့်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း ဧပြီလအတွင်းက ထုတ်ပြန်ကြေညာခဲ့မှုနှင့်အတူ ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်ကို ဝေဟင်ကင်းထောက်ရေဒါများ၊ ဗြိုဟ်တုဆက်သွယ်ရေးစနစ်များနှင့် ကမ်းခြေစောင့်စစ်ရေယာဉ်များ ထောက်ပံ့ကူညီခဲ့သည်။

❖ ဂျပန်ခေါင်းဆောင်အနေဖြင့် ဖိလစ်ပိုင်နှင့် ခိုင်မာအားကောင်းသော လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် အနောက်ပစိဖိတ်ဒေသတွင် ဟန့်တားနိုင်မှုစွမ်းဆောင်ရည် ပိုမိုတိုးမြှင့်နိုင်မည်ဟု ယုံကြည်လက်ခံထားရှိသည်။ ဂျပန်နိုင်ငံသည် စစ်ဆန့်ကျင်ရေးဝါဒကို စွန့်လွှတ်ရန် ကြိုးပမ်းလျက်ရှိသောကြောင့် ဖိလစ်ပိုင်နှင့်လုံခြုံရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်လုပ်ဆောင်လာလျက်ရှိသည်။ ဂျပန်နိုင်ငံသည် အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာစာတမ်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင်ထုတ်ပြန်ခဲ့ပြီး ၎င်းစာတမ်းတွင် စစ်ဆန့်ကျင်ရေးဝါဒကို ပြန်လည်သုံးသပ်ထားရှိသည်။ ❖

ထို့ပြင် ဂျပန်နိုင်ငံသည် OSA စတင်ဆောင်ရွက်ခြင်းနှင့်အတူ စစ်ဘက်တွင် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာရေးမှအပ အခြားသောဖွံ့ဖြိုးတိုးတက်ရေးအကူအညီများ အသုံးပြုခြင်းမရှိဆိုသည့် ကာလရှည်ကြာစွဲကိုင်ထားသောမူဝါဒကို စွန့်လွှတ်ခဲ့သည်။ ဖိလစ်ပိုင်တွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JSDF) ၏ လူသားချင်းစာနာထောက်ထားမှုနှင့် ဘေးအန္တရာယ်လျော့ပါးသက်သာမှု (HADR) တာဝန်များနှင့် နှီးနွှယ်သောအသုံးအနှုန်း (TOR) ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် နှစ်နိုင်ငံခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် လက်ရှိအချိန်တွင် စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားရန်ပြင်ဆင်လျက်ရှိသည်။

လွန်ခဲ့သော ၁၀ စုနှစ် ခြောက်စုခန့်ကတည်းကပင် နှစ်နိုင်ငံကြားဆက်ဆံရေးကို စတင်ထူထောင်ခဲ့သည်။ ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်တွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြီးမားဆုံး ထောက်ပံ့ကူညီလျက်ရှိရာ တံတားများ၊ ရထားလမ်းများ၊ ဖိလစ်ပိုင်မြေအောက်ရထားလမ်းနှင့် အခြားသော စီမံကိန်းများအတွက် ရန်ပုံငွေများထောက်ပံ့ပေးလျက်ရှိသည်။

နှစ်နိုင်ငံစလုံးသည် RAA အတွက် ဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်လျက်ရှိသည်။ ၎င်း RAA သည် နှစ်နိုင်ငံတပ်မတော်များကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုများနှင့် အခြားသောပူးတွဲလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အမေရိကန်၊ ဩစတြေးလျတို့နှင့် အလားတူသဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားရှိပြီး ဂျပန်နိုင်ငံအနေဖြင့်လည်း ဗြိတိန်၊ ဩစတြေးလျတို့နှင့်အလားတူ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားရှိသည်။

ဖိလစ်ပိုင်နိုင်ငံ၏ တည်နေရာသည် တရုတ် (တိုင်ပေ)နှင့် နီးကပ်သည့်အပြင် အရေးပါသော ပင်လယ်ရေလမ်းကြောင်းဆိုင်ရာ ကုန်သွယ်မှုလမ်းကြောင်းဖြစ်သည့်အတွက် ဒေသတွင်းလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရာတွင် အရေးပါသည့်နိုင်ငံအဖြစ် ရှုမြင်ခံထားရသည်။

ဂျပန်နှင့်ဖိလစ်ပိုင်တို့ကြား လက်မှတ်ရေးထိုးထားရှိသည့် RAA သည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ အဆင်ပြေချောမွေ့စေမည်ဖြစ်ပြီး JSDF များကို ဖိလစ်ပိုင် စစ်အခြေစိုက်စခန်းများသို့ ဝင်ရောက်လည်ပတ်ခွင့်ရှိမည့်အပြင် အလှည့်ကျတပ်ဖြန့်ချထားမှုများကိုပင်လျှင် လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။ အဆိုပါသဘောတူညီချက်သည် သဘာဝဘေးအန္တရာယ်ကဲ့သို့သော အရေးပေါ်အခြေအနေများတွင် JSDF များကို ဖိလစ်ပိုင်နိုင်ငံ၌ တပ်ဖြန့်ချထားရာတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

ထို့ပြင် အဆိုပါသဘောတူညီချက်သည် အမေရိကန်တပ်ဖွဲ့များနှင့် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဖိလစ်ပိုင်တွင် အမေရိကန်စစ်အခြေစိုက်စခန်း လေးခု တိုးမြှင့်ချထားခွင့်ပြုသည့် အမေရိကန်နှင့်ဖိလစ်ပိုင်တို့ကြား ရရှိထားသော သဘောတူညီချက်ကြောင့် အမေရိကန်သည် ယခုနှစ်အတွင်း ပိုင်နက်နယ်မြေအငြင်းပွားနေသော တောင်တရုတ်ပင်လယ်နှင့် တရုတ်(တိုင်ပေ) အနီးတွင် ၎င်း၏ကာကွယ်ရေးရပ်တည်ချက်ကို သိသိသာသာ တိုးမြှင့်လှုပ်ရှားလာနိုင်ခဲ့သည်။

ဖိလစ်ပိုင်သို့ သွားရောက်လည်ပတ်သည့် ကီရှီဒါ၏ ခရီးစဉ်သည် ကာကွယ်ရေးနှင့်လုံခြုံရေးနယ်ပယ်များတွင် နှစ်နိုင်ငံ၏ မဟာဗျူဟာမြောက် သဘောတူညီချက်များနှင့်အတူ ခရီးသွားလုပ်ငန်းနှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် များစွာသောသဘောတူညီချက်များပါဝင်ခဲ့သည်။ ၎င်းတို့သည် ပင်လယ်ရေကြောင်းလုံခြုံမှုနယ်ပယ်ရှိ တူညီသော အကျိုးစီးပွားများကို မျှဝေသွားမည့်အပြင် လိုအပ်ပါက ဒေသတွင်း လုံခြုံရေးကို ကာကွယ်သွားရန်လည်း သဘောတူညီခဲ့သည်။

ဂျပန်နိုင်ငံသည် အမေရိကန် လွှမ်းမိုးသည့် စည်းမျဉ်းစည်းကမ်းအခြေခံသော နိုင်ငံတကာ အခင်းအကျင်းကို ထိန်းသိမ်းထားနိုင်ရန်နှင့် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ် မျှော်မှန်းချက်ခိုင်မာသေချာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ဂျပန်နိုင်ငံနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်လာသည်မှာ ဖိလစ်ပိုင်တစ်နိုင်ငံတည်းမဟုတ်ချေ။ အထူးသဖြင့် ဗီယက်နမ်သည် ဂျပန်နိုင်ငံ၏ကင်းလှည့်ရေယာဉ်များ ထောက်ပံ့ကူညီမှုကို လက်ခံထားသည့်အပြင် ပင်လယ်ရေကြောင်းဆိုင်ရာ စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထိုအတောအတွင်း ဂျပန်နိုင်ငံအနေဖြင့် ဖီဂျီနှင့် မလေးရှားနိုင်ငံကိုလည်း စစ်ရေးဆိုင်ရာအထောက်အပံ့များ ပေးအပ်သွားရန် စီစဉ်ထားရှိသည်။ ထို့ကြောင့် ဂျပန်နိုင်ငံသည် ဒေသတွင်း နိုင်ငံများနှင့် လုံခြုံရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်လာကြောင်း တွေ့ရှိရပေသည်။

ဂျပန်နိုင်ငံသည် ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာချမှတ်ပြီးနောက် စစ်ဆန့်ကျင်ရေးမူဝါဒကို ပြန်လည်သုံးသပ်၍ ကာကွယ်ရေးအသုံးစရိတ်များ တိုးမြှင့်သုံးစွဲရန် လွှတ်တော်တွင် အချေအတင်ဆွေးနွေးလျက်ရှိသည်။ ဂျပန်နိုင်ငံသည် တရားဝင်လုံခြုံရေးထောက်ပံ့ကူညီမှု (OSA) အစီအစဉ်အရ ဒေသတွင်းနိုင်ငံများကို ကာကွယ်ရေးဆိုင်ရာ အကူအညီများပေးအပ်လျက်ရှိသည်။ လက်ရှိအချိန်တွင်လည်း ဖိလစ်ပိုင်နှင့်အပြန်အလှန် ဝင်ရောက်သွားလာခွင့် သဘောတူညီချက် (RAA) လက်မှတ်ရေးထိုးရန် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ ဂျပန်နှင့်ဖိလစ်ပိုင်တို့သည် နှစ်နိုင်ငံတပ်ဖွဲ့များ အပြန်အလှန်သွားရောက်လည်ပတ်ရေး၊ ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းနှင့် အခြေခံအဆောက်အအုံကဏ္ဍတို့တွင် ပူးပေါင်းလုပ်ဆောင်သွားရန် သဘောတူညီထားရှိသည်။

ထို့ကြောင့် ဂျပန်နှင့်ဖိလစ်ပိုင်တို့သည် ဒေသတွင်း၌ ကာကွယ်ရေးဆိုင်ရာ ဟန်ချက်ထိန်းညှိနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်လာနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **Evolving Japan-Phillipines Security Ties By Asia Times.**

# မိုင်းဖြတ်မြို့နယ် ပါပူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းဖြတ် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ ပါပူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၈၀ ဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသန်း၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက ပါပူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများဖြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပါပူးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၈၀ ထုတ်ချေးထားရှိပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**စင်မာ**

# မွန်တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးနှင့် ဖော်ထုတ်ပြသနိုင်ရေး ဆောင်ရွက်သွားမည်



**မော်လမြိုင် ဒီဇင်ဘာ ၁**

မွန်ပြည်နယ်ရှိ မွန်တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးနှင့် ဖော်ထုတ်ပြသနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

မွန်ပြည်နယ်အတွင်းရှိ မွန်တိုင်းရင်းသားများတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ရိုးရာဓလေ့များရှိပြီး ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို အစဉ်အလာမပျက် ဆင့်ပွားတိုးတက်စေပြီး အနာဂတ်ကာလတိုင် လူငယ်မျိုးဆက်သစ်များကို လက်ဆင့်ကမ်း လွှဲပြောင်းသွားနိုင်စေရေးအတွက် အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၉ ရက်က ကျင်းပသည့် မွန်ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေး၊ ဖော်ထုတ်ထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးတွင် မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးက ပြောကြားသည်။

"မွန်တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေကို နက်နက်ရှိုင်းရှိုင်း မြတ်နိုးတာဟာ ဂုဏ်ယူဖွယ်ရာဖြစ်တဲ့အတွက် အစဉ်အလာကို မျိုးဆက်သစ် မွန်လူငယ်မောင်မယ်လေးတွေ လက်ဆင့်ကမ်းအမွေ စနစ်တကျပေးအပ်နိုင်ဖို့အတွက် မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တွေ၊ တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ဦးခင်မောင်ဦးက ပြောပြသည်။

မွန်တိုင်းရင်းသားတို့၏ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးနှင့် ဖော်ထုတ်ပြသနိုင်ရေး မွန်ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Ballad of Songbirds & Snakes ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာသန်း ၂၀၀ ကျော်ရှိလာ

**နယူးယောက် ဒီဇင်ဘာ ၁**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Ballad of Songbirds & Snakes ဇာတ်ကားသည် ရုံတင်ပြီး ၁၀ ရက်အကြာတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

The Ballad of Songbirds & Snakes ဇာတ်ကားသည် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်လွန်ခဲ့ပြီး နိုင်ငံတကာဈေးကွက်တွင်လည်း အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်ရရှိထားရာ ၎င်းဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော်ခဲ့ပြီဖြစ်သည်။

Lionsgate ကုမ္ပဏီသည် အဆိုပါဇာတ်ကားကို နိုဝင်ဘာ ၁၇ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မင်းသားတွမ်ဘလိုက်နှင့် မင်းသမီး ရာချယ်ဇီဂလာတို့ ဦးဆောင်ပါဝင်ထားသည့် The Ballad of Songbirds & Snakes ဇာတ်ကားကို ဒါရိုက်တာဖရန့်စ်လောရင့်က တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO




# ပိုက်ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲနှင့် စာနယ်ဇင်းမိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ပိုက် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲနှင့် စာနယ်ဇင်းမိတ်ဆက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံမြို့နယ် ကျိုက္ကဆံစေတီတော် ရင်ပြင်တော်ပေါ်တွင် နိုဝင်ဘာ ၃၀ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူရိုက်ကူးသော ဒါရိုက်တာ စိုးမိုးမင်းက ပြောပြ၍ သိရသည်။

ပိုက် ရုပ်ရှင်ဇာတ်ကားသည် ရာဇဝင်ကို၏ ဝတ္ထုဇာတ်လမ်းကို ကြယ်စုသစ်က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာစိုးမိုးမင်းက တာဝန်ယူရိုက်ကူးကာ ကျော်ထက်အောင်၊ ရှင်မွေလ၊ ဝီလီ၊ မင်းပိုင်၊ မြတ်ကေသီအောင်၊ လီလီကျော်ခိုင်၊ ချောကလျာ၊ ကြယ်စင်ဖြူ၊ ဆောင်းအိမ်ခြွေထွန်း၊ နေဆန်း၊ ဆင်မ၊ မတူး၊ မျိုးမျိုးခိုင်၊ သူဇာပွင့် စသည့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။



"ကျွန်တော့်ရဲ့ ခြောက်ကားမြောက် ရုပ်ရှင်ဇာတ်ကားပါ။ အဓိကကတော့ လူ့ဗဟုဿုတ်ဆန်းကြယ်လေးတွေပါမယ်။ ပိုက်ဆိုတဲ့အတိုင်း မမဆောင်းက ပိုက်ကြီးသွားတယ်။ ဘယ်သူ့ကြောင့် ဒီပိုက်ရတာလဲပေါ့။ ပိုက်ပြဿနာကို ဖြေရှင်းရင်းနဲ့ အကုန် ပိုက်တွေကြီးကုန်ကြတာပေါ့။ ဒါကြောင့် ပိုက်ဖြစ်သွားတာပါ"ဟု ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။

ပိုက်ရုပ်ရှင်ဇာတ်ကားကို ယနေ့မှစတင်ကာ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီး၊ လှည်းကူး၊ မှော်ဘီ စသည့် မြို့နယ်များတွင် တစ်လကျော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Nosferatu သွေးစုပ်ဖုတ်ကောင်ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင်ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဒီဇင်ဘာ ၁**

Nosferatu အမည်ရှိ သွေးစုပ်ဖုတ်ကောင်ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ရုံတင်ပြသရန် Focus Feature ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။


Nosferatu ဇာတ်ကားသည် ၁၉၂၂ ခုနှစ်က ရိုက်ကူးခဲ့သည့် Nosferatu ဇာတ်ကားကို ပြန်လည် ဆန်းသစ်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ Nosferatu(1922) သည် စာရေးဆရာ ဘရမ်းစတော့ကာ၏ Dracula ဝတ္ထုကို မှီငြမ်းရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်းသိရသည်။

၂၀၂၄ ခုနှစ်တွင် ရုံတင်မည့် Nosferatu ဇာတ်ကားသစ်ကိုမူ ဒါရိုက်တာ ရောဘတ်အက်ဂါက ရိုက်ကူးပေးထားပြီး မင်းသားဘီစကားဂါ့၊ နီကိုလပ်ဟော့နှင့် မင်းသမီးလိုင်လီရို့ဒက်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

Nosferatu ဇာတ်ကားသည် Focus Feature အတွက် ရောဘတ်အက်ဂါရိုက်ကူးပေးခဲ့သော ဒုတိယမြောက်ဇာတ်ကားဖြစ်သည်။

Ref : Xinhua News

Trs : KKO




# ၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် ရွေးကြိုမောင်မယ်များ စတင်ခေါ်ယူ

**ရန်ကုန် ဒီဇင်ဘာ ၁**

နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် ရွှေကြိုမောင်မယ်များစတင်ခေါ်ယူနေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အဆိုပါ ရွှေကြိုမောင်မယ်များအဖြစ် လျှောက်ထားလိုသူများ အနေဖြင့် ယနေ့မှ စတင်ပြီး ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး (ဗဟို)တွင် လျှောက်လွှာထုတ်ယူရမည်ဖြစ်ကာ ဒီဇင်ဘာ ၁၅ ရက် ညနေ ၄ နာရီ မတိုင်ခင် နောက်ဆုံးထားကာ လျှောက်လွှာတင်ရမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ်များ စတင်လျှောက်လွှာခေါ်ယူနေပါပြီ။ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီသူတွေ လျှောက်လွှာ တင်လို့ရပါတယ်။ ဒီဇင်ဘာ ၃၁ ရက်မှာ အသက် ၁၆ နှစ်ပြည့်ပြီး အသက် ၂၅ နှစ်မကျော်လွန်သူဖြစ်ရမှာပါ။ ရွှေကြိုလျှောက်ထားသူတွေက ကျန်းမာရေးကောင်းမွန်သူ၊ အကျင့်စာရိတ္တကောင်းမွန်တဲ့သူ၊ ကိုယ်ခန္ဓာအချိုးအစားပြေပြစ်သူ ဖြစ်ရပါမယ်။ သတ်မှတ်ထားတဲ့ရက်ကို နောက်ဆုံးထားပြီး လျှောက်လွှာတင်ရမှာပါ။ ဒီနှစ်လဲ အရင်နှစ်တွေလိုပဲ ရွှေကြိုအယောက် ၂၀ ကို ရွေးချယ်သွားမှာပါ။ မိန်းကလေး ၁၀ ယောက်၊ ယောက်ျားလေး ၁၀ ယောက်ကို ရွေးချယ်သွားမှာပါ"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ရွှေကြိုမောင်မယ်များကို အကဲဖြတ်ဒိုင်များအဖြစ် သရုပ်ဆောင် ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ မေသန်းနု စသည့် ဝါရင့်အနုပညာရှင်များက စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Maintenance of 59 ancient religious buildings damaged by storm Mocha completed in Bagan ancient cultural zone


A temple in Bagan ancient cultural zone.

**NyaungU December 1**

The Department of Archaeology and National Museum (Bagan branch) stated that a total of 59 ancient religious buildings damaged in recent storm Mocha have been completed in Bagan ancient cultural zone.

The completed maintenance were 53 damaged buildings and six mural paintings and masonry works, totalling 59.

"Maintenance of ancient works has been done in time. Moreover, officials conduct surveys on prevention of inundation at 15 ancient religious edifices," said director U Kyaw Myo Win of the department.

During the period from 6 September to 22 October 2023, 1,276 banyan plants and others were removed from the religious buildings with the use of chemicals, and 11 ancient religious monuments have been installed with lightning conductors. ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Authorities plan to plant 4,885 acres of kitchen crops in this year's winter crop planting season in Myaungmya Township

**Myaungmya December 1**

Up to 4,885 acres of kitchen crops will be planted in this year's winter crop growing season in Myaungmya Township, Myaungmya District, Ayeyawady Region, said U Kyaw Moe Win, head of the Department of Agriculture for Myaungmya District.

In this year's winter crop planting season, 4,885 acres of kitchen crops in Myaungmya Township will be planted in the second week of December.

It is reported that there is a systematic cooperation between the Department of Agriculture, Department of Agricultural Mechanization, administrative body, departments related to agriculture and the locals.

In Myaungmya Township, in this year's winter crop planting season, local farmers and the Department of Agriculture will work together to cultivate 4,885 acres of kitchen crops. These kitchen crops including pepper, mustard, roselle, cabbage, coriander, radish plant, eggplant, cucumber, papaya, and bitter gourd, will be planted.


A cucumber plantation.

KKL

# 75,000 visses of catla catla fish from Pantanaw Township sold to Yangon market in October

**Pantanaw December 1**

Last October, 75,000 visses of catla catla fish were sold from Pantanaw Township, Maubin District, Ayeyawady Region, to the Yangon market, said Daw Khin Khin Aye, an entrepreneur who trades marine products in Pantanaw Township.

Last September, only 45,000 visses were sold to the Yangon market. Regional marine products including catla catla go to the Yangon market.

"From our region, we sell catla catla fish most to the Yangon market. From the first week of last month, that fish sale has increased. We are getting a good price because of the strong demand in the country. Compared to last September, we sold up to 30,000 visses in October." Currently, the demand for the fish is good and the price is good. Therefore, everyone in the fishery industry is making profits," Daw Khin Khin Aye said.

Catla catla fish produced in Pantanaw Township are being sold to the Yangon market from where they are sold again to other regions via Yangon. These fish are sold on a daily basis. Therefore, all those involved in the fishery industry are enjoying benefits. Kyaw Kyaw Lin


Catla catla fish being put in baskets before being transported to Yangon.

# Demand for dried betel nuts increase in Mawlamyinegyun Township

**Mawlamyinegyun December 1**

The demand for dried betel nuts has increased and sales are good In Mawlamyinegyun Township, Labutta District, Ayeyawady Region, said Daw Chaw Chaw, a betel nut wholesaler in the township.

In Mawlamyinegyun Township, in the first week of November, only 4,000 visses of dried betel nuts were sold per day, and from the second week of November until now, the sale of dried betel nuts has increased to 8,500 visses. Sales of these local dried betel nuts are increasing demands from Yangon, Maubin and Bogalay townships.

"Dried betel nuts are being bought from other areas, so the sale is good. Due to the increase in charities, sales are getting good. Currently, the sales of dried betel nuts are up to 8,500 visses per day. The sales of dried betel nuts are good, but the price is normal. In our region, raw betel nuts as well as dried betel nuts are produced," Daw Chaw Chaw said.

In Mawlamyinegyun Township, traders buy local betel nuts and make them into two types of betel nuts: wholes and cuts, and then transport them back to the regions where they are bought.

As the demand for dried betel nuts increases, those who store dried betel nuts, betel nut growers and traders, and wholesalers are making profits.

Kyaw Kyaw Lin

# Some 2 million local and foreign travellers visited Bagan ancient cultural heritage site from January to October 2023



Local and foreign visitors seen at a temple in Bagan ancient cultural zone.

**NyaungU December 1**

Some two million local and foreign travellers visited Bagan ancient cultural heritage site from January to October 2023, said U Myo Min Aung, Assistant Director of Directorate of Hotels and Tourism (Bagan branch).

Among them, more than 10,00 0 travellers also visited the ancient cultural heritage site.

"Number of travellers to Bagan ancient cultural heritage site is on the rise from 2022. Especially, numbers of top arrivals of travellers are New Year period, Thingyan festival, Thadingyut, Tazaungdine and Deember school holidays. Starting from 2022, the Bagan region is flocked with local travellers year round," said U Myo Min Aung.

Traveller arrivals in Bagan region scored some 1 million from January to October 2022, compared with two million the same period of this year, doubling the number. ASH

# Forest Department allows over 260,000 acres of private teak plantations between 2006 and 2023

**Nay Pyi Taw December 1**

More than 260,000 acres of private teak plantations have been established and cultivated between 2006 and 2023, according to the Ministry of Natural Resources and Environmental Conservation.

In order to develop the private forestry sector, the Forest Department under the ministry has been inspecting and approving the establishment of private teak plantations in forest lands managed by the ministry since 2006.

In order to support the development of teak and hardwood cultivation, which is one of the main pillars of the country's economy, private entrepreneurs are allowed to grow, produce and sell teak and various hardwood plantations.

In addition, private teak plantations will continue to be an original area where teak grows in Myanmar and increase the number of high-quality teak forest areas.



A teak plantation.

In order to achieve a high standard of living and to preserve the royal teak of Myanmar for generations to come, it is being granted permission for such purposes. 336

# K120 million disbursed to 73 short-term livestock breeders

**Mandalay December 1**

K120 million of loans have been disbursed to 73 short-term livestock breeding farmers from four districts of in Mandalay Region, said Dr Khin Zaw, head of Mandalay Region Livestock Breeding and Veterinary Department.

The region budget was allocated to 73 livestock breeders from four districts to engage short-term livestock farming tasks. Starting from July this year, K120 million was issued to 73 breeders to operate 41,090 cattle, pig, sheep and goat and poultry farms.

"We issue loans to farmers under the rules. The term of loan is one year. It will be collected by supervisory committees at different levels under the directive of the region government. Interest rate is K0.5 to K1.5. We introduce local farmers with quality strain, water, fertile soil, techniques and market. Disbursement of loans aims to improve livestock sector in the region," he explained.

The loan covered local breeders from Aungmyethazan, Kyaukse, Meiktila and Yamethin districts. Those breeders will engage in farming of 41,090 animals. Moreover, the loan aims to improve experiences of breeders to follow livestock practices and create jobs for local people. 185

# Chinese FM stresses two-state solution to Palestine-Israel issue

**United Nations December 1**

China calls for convening a more authoritative, inclusive and result-oriented peace conference as soon as possible to set a roadmap and timetable for the two-state solution to the Palestine-Israel issue, said Chinese Foreign Minister Wang Yi.

China supports the United Nations in playing a leading role to that end, said Wang, also a member of the Political Bureau of the Communist Party of China Central Committee, during a meeting with UN Secretary-General Antonio Guterres at the UN headquarters in New York on Tuesday.

The Palestinian-Israeli conflict is a global focus, and the role of the United Nations and its actions are drawing global attention, Wang said.

On this issue, China has always been on the side of peace, on the side of human conscience, and on the side of international law, he said.

China supports the United Nations and the secretary-general in playing a unique and indispensable role in dealing with the issue, said Wang.

As the president of the UN Security Council for the month of November, China, maintaining close communication with Arab countries and other relevant parties, has made the Palestinian-Israeli conflict a key priority of the council, he said. Xinhua

# UN envoy calls for de-escalation in Syria

**United Nations December 1**

UN Deputy Special Envoy for Syria Najat Rochdi on Tuesday called for urgent de-escalation in Syria and warned of the spillover of the Israeli-Palestinian conflict.

"We remain deeply concerned about the prospect of a potentially wider escalation in Syria. The effects of the tragic developments in the occupied Palestinian territory and Israel continue to be felt inside Syria," she told the Security Council.

Just this weekend, Israeli airstrikes once again hit Damascus airport, once again temporarily halting the UN Humanitarian Air Service which operates from this airport and services Syria's humanitarian programs, she noted. "Targeting civilian infrastructure is prohibited under international law."

The attack on Damascus airport came after several other airstrikes attributed to Israel on other locations across Syria as well as reports of Israeli artillery fire into southern Syria, she said.

These strikes have coincided with reports of rocket and missile launches from southern Syria over the occupied Syrian Golan toward Israel, she said.

Near-daily reports of attacks on U.S. forces in northeast Syria continue, mostly claimed by the so-called Islamic Resistance in Iraq, though none have been reported in the last few days. The United States, which claims that groups behind these attacks are backed by Iran, have carried out two more rounds of what they say are retaliatory strikes on facilities in Syria which it claims are used by Iran's Islamic Revolutionary Guard Corps and groups that it backs. Iran denies that these groups are affiliated with it, said Rochdi. Xinhua



# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဘယ်လ်ဂျီယံလေတပ်က တန်ပြန်ဒရုန်းတိုက်ဖျက်ရေးအတွက် အီတလီထုတ် Benelli M4 သေနတ်ကို အသုံးပြုလျက်ရှိ




ဘယ်လ်ဂျီယံရှိ Kleine-Brogel လေတပ်စခန်းသည် ခွင့်ပြုချက်မဲ့ဝင်ရောက်ပျံသန်းလာသောဒရုန်းများကို တန်ပြန်ရန်အတွက် အထူးသင့်လျော်သော အီတလီထုတ် Benelli M4 သေနတ်ကို အသုံးပြုလျက်ရှိပြီး လေကြောင်းလုံခြုံရေးတွင် သိသာထင်ရှားသော တိုးတက်မှုတစ်ရပ်အနေဖြင့် ပြသနိုင်ခဲ့ကြောင်း www.armyrecognition.com သတင်းဌာနက နိုဝင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါကြေညာချက်ကို လေတပ်အခြေစိုက်စခန်း၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ထုတ်ပြန်ခဲ့ပြီး ပေါ်ပေါက်လာသော လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်ရန် အရေးကြီးကြောင်း မီးမောင်းထိုးပြခဲ့သည်။

Benelli M4 သေနတ်ကို ကိုင်တွယ်ရာတွင် အရည်အချင်းပြည့်မီသောနည်းပြကိုးဦးက လေတပ်အခြေစိုက်စခန်း၏ ကာကွယ်ရေးတပ်ဖွဲ့များကို စတင်လေ့ကျင့်ပေးနေပြီဖြစ်သည်။

အဆိုပါ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးလေ့ကျင့်မှုသည် စစ်ဘက်ဆိုင်ရာ အချက်အချာနေရာများအတွက် လုံခြုံရေးစိန်ခေါ်မှုများအပေါ် စိုးရိမ်ပူပန်မှုတိုးမြင့်လာစေသည့် ဒရုန်းစနစ်(UAS) ကာကွယ်ရေးစွမ်းရည်များ အားကောင်းလာစေရန်ရည်ရွယ်လုပ်ဆောင်ခဲ့သည့် ပဏာမခြေလှမ်းဖြစ်ကြောင်း သိရသည်။

Benelli M4 သေနတ်သည် အီတလီထုတ် Semi-Automatic အနီးကပ်တိုက်ခိုက်ရေး လက်နက်အမျိုးအစားဖြစ်ပြီး သဲ၊ ရွှံ့နှင့် ဖုန်မှုန့်များအပါအဝင် ပြင်းထန်သောရာသီဥတုအခြေအနေများတွင် လက်နက်အား ယုံကြည်စိတ်ချရမှုအတွက်ကျော်ကြားသည်။ ၎င်း၏ မာတ်ငွေ့ဖြင့် လုပ်ဆောင်နိုင်သည့် ပစ်ခတ်မှုစနစ်သည် Manual Operation လုပ်ဆောင်မှုနှင့်ပေါင်းစပ်ထားပြီး ဒရုန်းများကို တန်ပြန်တိုက်ခိုက်ရေးအသုံးပြုရန်အတွက် စံပြဖြစ်စေကာ ဘက်စုံသုံးနိုင်မှုနှင့် တိုက်ပွဲဝင်ထိရောက်မှုကို တိုးမြှင့်ပေးနိုင်သည်။

Benelli M4 သေနတ်ကို တယ်လီစကုပ်ချိန်ဆိုက်နှင့် ပစ္စတိုပုံစံလက်ကိုင်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး မစ်ရှင်အတွက် သီးခြားလိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပြုပြင်နိုင်သည်။ လေဆာအကွာရှာကိရိယာများ သို့မဟုတ် ညအမြင်အာရုံစနစ်များကဲ့သို့သော ဆက်စပ်ပစ္စည်းများအတွက် လျှောလမ်းများတပ်ဆင်ပစ်ခတ်နိုင်ပြီး ရော်ဘာကျည်ဆန်များအပါအဝင် ကျည်အမျိုးအစားအမျိုးမျိုးကို တပ်ဆင် အသုံးပြုနိုင်စေမည်ဖြစ်သည်။

Benelli M4 သေနတ်ကို ဩစတြေးလျနှင့် ဘယ်လ်ဂျီယံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ အထူးတပ်ဖွဲ့အသီးသီးက အထူးကင်းထောက်အဖွဲ့၊ အထူးတိုက်ခိုက်ရေးတပ်စုနှင့် ဒေသဆိုင်ရာရဲတပ်ဖွဲ့များတွင် စတင်အသုံးပြုနေပြီဖြစ်သည်။ ဤသို့ ကမ္ဘာလုံးဆိုင်ရာအသုံးပြုလာမှုသည် အခန်းကဏ္ဍအမျိုးမျိုးတွင် ၎င်း၏ယုံကြည်စိတ်ချရမှုနှင့် တိုက်ပွဲဝင်ထိရောက်မှုကို သက်သေပြချက်တစ်ခုဖြစ်လာခဲ့သည်။

**Belgian Air Force adopts Italian Benelli M4 shotgun as counter-UAS solution ကို ဘာသာပြန်ဆိုထားပါသည်။**

## နော်ဝေနှင့်ဂျာမနီက မျိုးဆက်သစ်ရေတပ်တိုက်ခိုက်ရေးဒုံးကျည်များ တီထွင်ထုတ်လုပ်မည်

နော်ဝေနှင့် ဂျာမနီတို့ ပူးပေါင်း၍ မျိုးဆက်သစ် ရေတပ်တိုက်ခိုက်ရေးဒုံးကျည်ကို တီထွင်ထုတ်လုပ်မည်ဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက နိုဝင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နော်ဝေကာကွယ်ရေးကုမ္ပဏီ Kongsberg သည် ၂၀၃၅ ခုနှစ်တွင် ရေတပ်တိုက်ခိုက်ရေးဒုံးကျည်ကို တိုက်ပွဲဝင်အဆင်သင့်ဖြစ်ရန် မျှော်လင့်ထားကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နော်ဝေနိုင်ငံသည် ဒုံးကျည်၏ ကနဦးဒီဇိုင်းအဆင့်ကိုစတင်ရန်နှင့် အပြီးသတ်လုပ်ဆောင်ရန်ပြင်ဆင်နေပြီး စီမံကိန်းကို ဆက်လက် အကောင်အထည်ဖော်ရန်အတွက် လွှတ်တော်သို့ အကြံပြုသွားမည်ဖြစ်သည်။

"မနက်ဖြန်မှာဖြစ်လာမဲ့ ခြိမ်းခြောက်မှုတွေကို ကာကွယ်နိုင်မဲ့ လက်နက်တွေ တီထွင်ဖို့ ဒီနေ့ လုပ်ငန်းစတင်ဖို့လိုအပ်ပါတယ်"ဟု နော်ဝေကာကွယ်ရေးဝန်ကြီး Bjorn Arild Gram က ပြောကြားသည်။

ဒုံးကျည်အသစ်သည် နော်ဝေ၏ ကာကွယ်ရေးစွမ်းရည်နှင့် တာဝေးပစ်မှတ်များ တိုက်ခိုက်နိုင်စွမ်းကို အားကောင်းစေမည်ဖြစ်သည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

၂၀၀၀ ပြည့်နှစ် အစောပိုင်းတွင် Kongsberg ကုမ္ပဏီသည် Naval Strike Missile (NSM) တိုက်ခိုက်ရေးဒုံးကျည်ကို စတင်တီထွင်ထုတ်လုပ်ခဲ့ပြီးနောက် ဆယ်စုနှစ်တစ်ခုကျော်ကြာတွင် ယခုကဲ့သို့ လုပ်ဆောင်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

NSM ဒုံးကျည်ကို ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နော်ဝေတပ်မတော်တွင် တပ်ဖြန့်အသုံးပြုနိုင်ခဲ့ပြီး နောက်ပိုင်းတွင် နိုင်ငံတကာရေတပ် ၁၃ ခုက အဆိုပါဒုံးကျည်ကို ဝယ်ယူတပ်ဆင်အသုံးပြုလာခဲ့ကြသည်။

စက်မှုလုပ်ငန်း၊ အစိုးရများနှင့် သုတေသနလုပ်ငန်းများကြား ချောမွေ့စွာပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံ၍ နော်ဝေနိုင်ငံသည် ဒုံးကျည်ထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ် ရေတပ်တိုက်ခိုက်ရေးဒုံးကျည် စီမံကိန်းအသစ်တွင် ရပ်တည်သွားနိုင်လိမ့်မည်ဖြစ်သည်။

ဤစီမံကိန်းမှ နော်ဝေနိုင်ငံနှင့် မဟာမိတ်နိုင်ငံများအတွက် ကာကွယ်ရေးစွမ်းရည်များကို မြှင့်တင်ပေးခြင်းဖြင့် အလုပ်အကိုင်သစ်များ ဖန်တီးပေးသွားနိုင်မည်ဖြစ်သည်ဟု Kongsberg ကုမ္ပဏီဥက္ကဋ္ဌ Eirik Lie က ပြောကြားခဲ့သည်။




ရေတပ်သုံးဒုံးကျည်သစ် တီထွင်ထုတ်လုပ်မှုသည် နော်ဝေနှင့် ဂျာမနီနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းတစ်ခုဖြစ်ပြီး နှစ်နိုင်ငံစလုံးရှိ ရေတပ်သင်္ဘောများတွင် တပ်ဆင်အသုံးပြုရန် စီစဉ်ထားသည်။

**Norway, Germany to Develop Next-Gen Naval Strike Missile ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်စစ်ဘက်ဌာနက ပဋိပက္ခသစ်များကို သုတေသနပြုရန် သုတေသနပြုစင်တာတစ်ခု တည်ထောင်ခဲ့

အီရန်စစ်ဘက်ဌာနသည် ၂၁ ရာစုတွင် ပေါ်ပေါက်လာသော ပဋိပက္ခများတွင် အသုံးပြုသည့် နည်းပညာအမျိုးအစားသစ်များကို သုတေသနပြုရန် စင်တာ(ဌာနချုပ်)တစ်ခုကို ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း အီရန်အာဏာပိုင်များက ကြေညာခဲ့သည်ဟု ရုရှားနိုင်ငံ sputnikglobe.com သတင်းဌာနက နိုဝင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



အဆိုပါ သုတေသနစင်တာသည် ရေဒါ၊ ဇီဝဗေဒ၊ အသံနှင့် ကွမ်တမ်နယ်ပယ်များအပါအဝင် ပဋိပက္ခများတွင် အသုံးပြုသည့် နည်းပညာများကိုလေ့လာရန် ရည်ရွယ်ထားကြောင်း အီရန်နိုင်ငံ ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

စံပြုသတ်မှတ်ထားခြင်းမရှိသေးသော အဆိုပါနည်းပညာများသုံးသည့် ပဋိပက္ခအမျိုးအစားများတွင် ဆင်နွှဲမှုနည်းလမ်းအသစ်များနှင့် လက်နက်အမျိုးအစားသစ်များပါဝင်နေပြီး အချို့သောစစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူများက အဆိုပါစစ်ဆင်ရေး နည်းလမ်းအမျိုးအစားများကို ရှေးဟောင်းဂန္ထဝင်စစ်ဆင်ရေး နည်းလမ်းများထက် ပိုမိုထိရောက်သည်ဟု သတ်မှတ်ယူဆထားကြောင်း အီရန်စစ်ရေးလေ့လာသုံးသပ်သူ Mohammad-Hassan Sangtarash က Sputnik သတင်းဌာနသို့ ပြောကြားခဲ့သည်။

"အဲဒါကြောင့် အီရန်စစ်ဘက်မှာ သုတေသနစင်တာ(ဌာနချုပ်)အသစ်တစ်ခုကိုဖွဲ့စည်းခဲ့ပြီး စစ်ပွဲမှာစစ်ဆင်ရေးနည်းလမ်းအမျိုးအစားနဲ့ အယူအဆအမျိုးမျိုးကို သုတေသနပြုလုပ်လျက်ရှိနေပြီး လက်နက်အမျိုးအစားသစ်တွေ တီထွင်ထုတ်လုပ်သွားမှာပါ"ဟု Sangtarash က ပြောကြားခဲ့သည်။

ကွမ်တမ်နည်းပညာများ၏ အရေးပါမှုကို အထူးသတိပြုမိခဲ့ပြီး လူသားတို့၏ ကွမ်တမ်နည်းပညာသုံးစနစ်များကို ထိန်းချုပ်နိုင်မှုစွမ်းရည်သည် လက်နက်ကိုင်တပ်ဖွဲ့များ၏ ကြည်း၊ ရေ၊ လေ နယ်ပယ်စုံတွင် ကွမ်တမ်နည်းပညာများ အသုံးပြုလာနိုင်မှုကို သိသိသာသာတိုးချဲ့နိုင်စေမည်ဖြစ်ကာ ပဋိပက္ခများဆင်နွှဲသည့်နည်းလမ်းများကို ပြောင်းလဲစေနိုင်သည်ဟု Sangtarash က သုံးသပ်ပြောကြားခဲ့သည်။

ထိုနည်းပညာများသည် ရန်သူ့လေယာဉ်ကို ထောက်လှမ်းရန်အတွက် လျှပ်စစ်သံလိုက်လှိုင်းများကို ရေဒီယိုလှိုင်းများအစား အသုံးပြုနိုင်ပြီး ဒေတာလုပ်ဆောင်မှုကိုအရှိန်မြှင့်တင်နိုင်ရန် ကူညီပေးနိုင်လိမ့်မည်ဟု Sangtarash က ထပ်လောင်း ပြောကြားခဲ့သည်။

**Iran to Research Radar and Quantum Warfare at New Military Center ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# လားရှိုးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၆၇၅၃ ဧက ရိတ်သိမ်းပြီးစီး



**လားရှိုး ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးများ ရိတ်သိမ်းလျက်ရှိရာ ယနေ့ထိ စပါး ၂၆၇၅၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လားရှိုးမြို့နယ်တွင် ယခုနှစ် မိုးစပါးများကို နိုဝင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းလျက်ရှိရာ ယနေ့ထိ စိုက်ပျိုးထားသည့် ၃၆၇၁၇ ဧက အနက် ၂၆၇၅၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ရိတ်သိမ်းရန် ကျန်ရှိသော မိုးစပါး ဧကများကိုလည်း ဆက်လက် ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မိုးစပါးရိတ်သိမ်းနေတဲ့ တောင်သူတွေအတွက် ရိတ်သိမ်းခြွေလှေ့စက်တွေ အချိန်မီရရှိစေဖို့အတွက် သက်ဆိုင်ရာမြို့နယ်က စက်မှုလယ်ယာဦးစီးဌာနတွေ၊ ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်။ ဒ့ါပြင် ရာသီအလိုက်ကျရောက်တတ်တဲ့ ပိုးမွှားအန္တရာယ်ကာကွယ်ရေးလုပ်ငန်းတွေကိုလဲ စိုက်ကွင်းထဲအရောက် လိုက်လံပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

လားရှိုးမြို့နယ်အတွင်း မိုးစပါးတစ်ဧကလျှင် ၆၇ ဒသမ ၅ တင်းထွက်ရှိကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာ၌ သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာ၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်နည်း သင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက လက်ပံပျားကျေးရွာ စက်မှုလက်မှု အထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်သီတာထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် လုပ်ငန်းသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုရာ ခရိုင်ဦးစီးမှူးဒေါ်သီတာထွန်းက လိုက်လံရှင်းလင်းပြသခဲ့သည်။



အဆိုပါ သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းကို ပထမအကြိမ်အဖြစ် ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်ထိနှင့် ဒုတိယအကြိမ်အဖြစ် ဒီဇင်ဘာ ၁၄ ရက်မှ ၂၄ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ပဲအခြေခံစားသောက်ကုန်အဖြစ် ကုလားပဲခွဲကြော်၊ ကုလားပဲချောင်း၊ ရွှေဥကြော်၊ မြေပဲဆားလှော်၊ မြေပဲပွကြော်၊ ပဲပူးကြော်နှင့် ဒေသထွက် စားသောက်ကုန်လုပ်ငန်းအဖြစ် ဆီး၊ မန်ကျည်းဖျော်ရည်လုပ်ငန်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကို လက်ပံပျားကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၁၂ ဦးတက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# နတ်မောက်မြို့နယ် ဘော်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဘော်အိုင်ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက ဘော်အိုင်ကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးလင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘော်အိုင်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၃ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၁၆ ဒသမ ၈ သန်းစုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁-၁၂-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာများထိန်းသိမ်းရာတွင် စနစ်တကျနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုအပ် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများမရှိစေရေး လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုများကို အမြဲမပြတ်စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ(၂/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ



(သတင်းစဉ်)

# မြန်မာနိုင်ငံတွင်ရှိသည့် ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့ နိုင်ငံသားအားလုံးက အမျိုးသားရေးအသိ၊ အမျိုးသားရေးတာဝန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ သတ္တမအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ



(သတင်းစဉ်)

# နိုင်ငံသားကတ်ရှိပြီးသူများနှင့် နိုင်ငံသားကတ်အသစ် လျှောက်ထားသူများကို e-ID စနစ်ဖြင့် တစ်ပါတည်း Biographic၊ Biometric ကောက်ယူခြင်း ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မွန်ပြည်နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များ၊ သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံသည်။



(သတင်းစဉ်)

# ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ပြန်လည်ထွက်ခွာ




တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများက ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များကို ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းတွင် ပို့ဆောင်နှုတ်ဆက်စဉ်။



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ တပ်မတော်(ရေ)မှ စစ်ရေယာဉ် (ကျန်စစ်သား)ကို လာရောက်လေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသစဉ်။



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ တပ်မတော်(ရေ)မှ စစ်ရေယာဉ် (ကျန်စစ်သား)ပေါ်၌ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) 44th PLA Navy Escort Task Group (ETG)မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော (Zi Bo) နှင့် ဖရီးဂိတ်စစ်ရေယာဉ် (Jing Zhou) နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် (Qian Dao Hu) တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်း၊ တရုတ်-မြန်မာ ဗုဒ္ဓဘာသာအသင်းတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် လိုက်ပါလာခဲ့ကြသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များသည် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင်လည်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)ကို လာရောက်လေ့လာခဲ့ကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များတွင် လိုက်ပါလာသည့် အရာရှိ၊ စစ်သည်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခြင်း၊ သန်လျင်တပ်နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ဆိပ်ကြီး)၌ စာရေးကိရိယာလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ ဝေဟင်ရန်၊ ရေပြင်ရန်၊ ရေအောက်ရန် ကာကွယ်ရေးလေ့ကျင့်ခန်းများ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် လေ့ကျင့်ခန်းဧရိယာသို့ ဆက်လက်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့်စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၁၂၃ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၃၅ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ တရုတ်နိုင်ငံသား အမျိုးသား ၉၃၃၉ ဦး၊ အမျိုးသမီး ၁၁၇၈ ဦး စုစုပေါင်း ၁၀၅၁၇ ဦးတို့ကိုဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၂-၁၂-၂၀၂၃ (စနေနေ့)**

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၁း၀၀ | စိုက်မွေးသုတ |
| ၃။ | ၁၃း၀၀ | တိုင်းရင်းသား စကားပြောကြရအောင် |
| ၄။ | ၁၄း၃၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၆း၀၀ | First Step |
| ၆။ | ၁၈း၂၀ | Thazin Request Song |
| ၇။ | ၂၁း၄၀ | ဂီတလမ်းအသွင် တေးသံစဉ် |

# နှစ်နိုင်ငံကြား မြန်မာနိုင်ငံ၏ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် Aquarius နည်းပညာကုမ္ပဏီမှ မစ္စတာ ဗလာဒီမာ စတပ်ပါနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံကြား မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် Aquarius နည်းပညာကုမ္ပဏီမှ မစ္စတာ ဗလာဒီမာစတပ်ပါနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။**



# မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ မြန်မာနိုင်ငံတပ်မတော်(ရေ) စစ်ရေယာဉ်များ ပူးပေါင်းရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများကို တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေ၊ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် တရားဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်များကို အားပေးလုပ်ဆောင်နေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်တော်(ရေ)က စစ်ရေယာဉ်များဟာ ဒီနေ့ညနေပိုင်းမှာတော့ မြန်မာနိုင်ငံက စစ်ရေယာဉ်များနဲ့အတူ ပင်လယ်ပြင်မှာ လေ့ကျင့်ရေးဆောင်ရွက်မယ့်ဧရိယာကို ထွက်ခွာပြီး ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ရေးလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိပါတယ်။ မနက်ဖြန်အထိ လေ့ကျင့်မှာဖြစ်ပါတယ်။ အဲ့ဒီမှာတော့ ဝေဟင်ရန်၊ ရေပြင်ရန်၊ ရေအောက်ရန်ကာကွယ်ရေးလေ့ကျင့်ခန်းများ အတူပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိတဲ့အချိန်မှာလည်း ရန်ကုန်မြို့က အထင်ကရနေရာတွေကို လှည့်လည်လေ့လာတာတွေ၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအားကစားပြိုင်ပွဲတွေ ပြုလုပ်တာတွေ၊ နှစ်နိုင်ငံသင်္ဘောများ အပြန်အလှန်လည်ပတ်တာတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံ အစိုးရချင်း၊ တပ်မတော်ချင်း ဆက်သွယ်ဆက်ဆံရေး ခိုင်မြဲအောင်မြင်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ နယ်စပ်ဒေသတွေမှာတော့ တရားမဝင် ဝင်ရောက်နေထိုင်တဲ့ နိုင်ငံခြားသား အမျိုးသား ၁၂၃ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၃၅ ဦးကို တရုတ်နိုင်ငံက တာဝန်ရှိသူများထံ လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အားလုံး ၁၀၅၁၇ ဦးရှိပြီဖြစ်ပါတယ်။ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို နှစ်နိုင်ငံတာဝန်ရှိသူများအနေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

တိုက်ပွဲဖြစ်စဉ်များအနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ လောက်ကိုင်မြို့ကို MNDAA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ ရှော့ခ်တိုက်ဒုံးများနဲ့ပစ်ခတ်မှု ဆောင်ရွက်ခဲ့ပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးကို လာရောက်ပစ်ခတ်ခဲ့တာရှိပါတယ်။ Drop Bomb နဲ့ လာရောက်ချခဲ့တာရှိပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ဒီနေ့မှာ ကော့ကရိတ်မြို့ရဲ့နေရာ ရှစ်နေရာကို KNU၊ PDF အကြမ်းဖက်အဖွဲ့တွေက ဝင်ရောက်တိုက်ခိုက်တာရှိပါတယ်။ ဒီနေရာမှာတော့ တိုက်ပွဲတစ်နေကုန်နီးပါးဖြစ်ပွားခဲ့ပါတယ်။ KNU၊ PDFအဖွဲ့က ကျဆုံးထိခိုက်ဒဏ်ရာရရှိမှု များပြားတယ်ဆိုတာ သိရပါတယ်။ ကော့ကရိတ်မြို့ရဲ့




အခြေအနေကတော့ ခုချိန်မှာ ချောင်းမြောင်းပစ်ခတ်တာ အဝေးကလက်နက်ကြီးနဲ့ ပစ်ခတ်တာမျိုးပဲရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ထွန်အိုင်စခန်းကို Drop Bomb များနဲ့ လာရောက်တိုက်ခိုက်တာရှိပါတယ်။

ဒီနေ့မှာတော့ အမျိုးသားဒီမိုကရေစီပါတီသစ်က ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေတဲ့ ဦးသန်းထွန်းကို ရန်ကုန်မြို့မှာ PDF အကြမ်းဖက်အဖွဲ့က ပစ်ခတ်သတ်ဖြတ်ခဲ့တယ်ဆိုတာကို တွေ့ရပါတယ်။ ဒီအမျိုးသားဒီမိုကရေစီပါတီသစ်ဆိုတာသည် ယခင်ကတည်းကတိုင် တပ်မတော်အစိုးရလက်ထက်ကတည်းက တပ်မတော်နဲ့ အတိုက်အခံပြုလုပ်ပြီးတော့ ဒီမိုကရေစီအရေးကို ကြိုးပမ်းတဲ့အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ သို့သော် ဒီအချိန်မှာ အမြင်မတူတာနဲ့ ငါနဲ့မတူ ငါ့ရန်သူဆိုပြီး သတ်ဖြတ်တဲ့ပုံစံမျိုးပဲဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာမှာ ဖော်ဆောင်တဲ့လမ်းကြောင်းတွေ၊ အယူအဆတွေ၊ အတွေးအခေါ်တွေ အမျိုးမျိုးရှိမှာဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာမှ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာမှာ ငါယူဆတဲ့လမ်းကြောင်း၊ ငါလုပ်ကိုင်တဲ့ဟာပဲမှန်တယ်၊ ငါနဲ့မတူ ငါ့ရန်သူလို့ သဘောထားတာသည် မြန်မာနိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို များစွာ အနှောင့်အယှက်ဖြစ်စေပါတယ်။ ကျွန်တော်ပြောခဲ့သလိုပါပဲ။ မဲမသမာမှုကြောင့် တပ်မတော်ကနေ တာဝန်ယူခဲ့ရတယ်။ မဲမသမာမှုကိုလည်း လုပ်ခဲ့တယ်။ တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ပြောခဲ့တယ်။ တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဒီ NUG၊ PDF အဖွဲ့တွေအနေနဲ့ နေရာမျိုးစုံ၊ မီဒီယာမျိုးစုံကနေပြီး သူတို့နဲ့ အတွေးအခေါ်မတူတဲ့သူမှန်သမျှကို ဆန့်ကျင်ဖို့၊ သတ်ဖြတ်ဖို့ အမြဲတမ်းလှုံ့ဆော်နေတာ တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံပြည်သူလူထုအနေနဲ့ စဉ်းစားကြည့်ပါ။ ဒီလိုမျိုးအတွေးအခေါ်မျိုးရှိတဲ့သူတွေဟာ ကျွန်တော်တို့ ပြည်သူလူထုလိုလားတဲ့ ဒီမိုကရေစီစနစ်၊ ကျွန်တော်တို့ပြည်သူလူထုလိုလားနေတဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဒီလက်နက်ကိုင်အကြမ်းဖက်သူတွေက တည်ထောင်ပေးမယ်လို့ ယုံကြည်ပါသလား၊ ယုံကြည်တယ်ဆိုရင် ဒီလောက်မိုက်မဲတဲ့ယုံကြည်မှုမျိုးတော့ ရှိမှာမဟုတ်ဘူးလို့ပဲ ကျွန်တော်ပြောလိုပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူလူထုရဲ့ဆန္ဒကို အကြမ်းဖက်တဲ့နည်း၊ ခြိမ်းခြောက်တဲ့နည်းမပါဘဲနဲ့ဖော်ဆောင်ရတဲ့ စနစ်ဖြစ်ပါတယ်။ ပြည်သူလူထုကနေ ရွေးချယ်တဲ့ ကိုယ်စားလှယ်တွေက ဒီမိုကရေစီနည်းလမ်းတကျရှိနေတဲ့ တရားဥပဒေတွေရဲ့ နည်းလမ်းတကျနဲ့ ဖော်ဆောင်ရတာမျိုးဖြစ်ပါတယ်။ ဒါမှသာလျှင် အောင်မြင်မှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို အားပေးနေတယ်ဆိုရင် မိမိရဲ့စိတ်ထဲမှာ တကယ်ကော ဒီမိုကရေစီလိုချင်တာလားဆိုတဲ့ ဆန်းစစ်မှုမျိုး ဆန်းစစ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူလူထုလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းတဲ့နေရာမှာ နိုင်ငံတော်ဝန်ကြီးချုပ် ပြောခဲ့သလိုပါပဲ။ ကျွန်တော်တို့ တပ်မတော်သည် ပြည်သူလူထုနဲ့ တစ်သားတည်းရှိပါတယ်။ တပ်မတော်သည် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ဦးဆောင်ဖော်ဆောင်တဲ့သူဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့ ခိုင်မာစေခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကျွန်တော်တို့ရည်မှန်းချက်တွေဖြစ်တဲ့အတိုင်းပဲ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ပြည်ထောင်စုစနစ်ကို အခြေခံတဲ့ ဖက်ဒရယ်စနစ်ကို မလွဲမသွေလျှောက်လှမ်းတည်ထောင်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြင်ဦးလွင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ MSME လုပ်ငန်းနှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု



**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းနှင့်တာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့် အဖွဲ့ဝင်များ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ MSME စားသောက်ကုန်လုပ်ငန်းနှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ကို ဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက ဥယျာဉ်အတွင်း ပြင်ဦးလွင်ဒေသ၏ အထင်ကရပန်းမျိုးများ၊ ရာသီအလိုက်ပွင့်သော ပန်းမျိုးများစိုက်ပျိုးထားရှိမှု၊ (၁၆)ကြိမ်မြောက် Flower Wonderland ပန်းပွဲတော်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်ထိ ကျင်းပသွားရန် စီစဉ်ထားမှု၊ ပွဲတော်တွင် ဒေသပန်းမျိုးများပြသမည့် ဇုန်တစ်ဇုန်အပါအဝင် ပြကွက်ဇုန် ရှစ်ဇုန်၊ စိုက်ပျိုးပြသမည့်ပန်းအရေအတွက် နှစ်သိန်းခန့်၊ စိုက်ပျိုးပြသမည့် ပန်းမျိုးစိတ် ဒေသမျိုးစိတ်များစီစဉ်ထားရှိမှု၊ ပန်းများအလှဆင်စိုက်ပျိုးပြသသွားမည့် ဇုန်ဧရိယာများနှင့် ဇုန်အလိုက် ပုံစံများစီမံထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးပြီး ကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်တော်လေးကန်ရေပိုလွှဲနေရာသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်က ကန်တော်ကြီးကန်ရေသိုလှောင်ထားရှိမှုနှင့် ကန်တော်ကြီးကန်ရေပိုလွှဲတံတား ပိုမိုကြံ့ခိုင်စေရန်နှင့်ပိုလျှံရေများကို စနစ်တကျထုတ်လွှတ်နိုင်ရန် ဆက်လက်ဆောင်ရွက်မည့် ဒီဇိုင်းနှင့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးပြီး ကန်တော်လေးရေလှောင်ကန်နှင့်ဂဲလောင်းချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဦးဆရွှတ်တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ရေချမ်းအိုးရှိ Point နေကြာစက်ရုံနှင့် Pop Pop ယိုစုံလုပ်ငန်း၊ လက်ပံကုန်းကျေးရွာရှိ ဦးသန်းထွန်း၏ ဥစားကြက်မွေးမြူရေးခြံများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)

Myanmar Public Health Conference (2023)

"လူတိုင်းသက်ရှည်ကျန်းမာဖို့ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့"


"Public Health: Improving the longevity and health of the nation"

(၆-၁၂-၂၀၂၃) မှ (၇-၁၂-၂၀၂၃) ထိ နေပြည်တော်

**❑ မုန်တိုင်းငယ်မှ**

ဒီဇင်ဘာ ၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့လည်းကောင်း အားကောင်းလာနိုင်သည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ ဒီဇင်ဘာ ၄ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေတို့အနီး ရောက်ရှိနိုင်ပြီးနောက် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေနှင့်အပြိုင် မြောက်ယွန်းယွန်းသို့ ရွေ့လျားကာ ဒီဇင်ဘာ ၅ ရက်တွင် အင်ဒရာပရာဒေ့ရှ်ပြည်နယ် ကိုနီလိုရီမြို့နှင့် မာချီလီပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။


( ၁.၁၂.၂၀၂၃)ရက်နေ့ မြန်မာစံတော်ချိန် ( ၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ




# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်နိုင် ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရပြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့်မန္တလေးတိုင်းဒေသကြီး မန္တလေးနန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ အာဟာရပြည့်စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အလေးမပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၂-၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) အလေးမပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အလေးမပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

အဆိုပါ အလေးမပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ငါးသင်းဖြင့် ဒီဇင်ဘာ ၅ ရက်ထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (၆၂)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၁**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (၆၂) နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြတပ်ခွဲများက စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး ဒုတိယတိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်မိန့်ခွန်း ပြောကြားသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ၂၀၂၂-၂၀၂၃ ခုနှစ်ကာလအတွင်း သင်တန်းများတွင်ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရ အရာရှိ၊စစ်သည်များ၊ ရဲမေကျပန်းစကားပြောပြိုင်ပွဲတွင်ဆုရရှိသူများ၊ ဝတ်စားဆင်ယင်မှု အကောင်းဆုံးဆုရရှိသူများ၊ အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးဆုနှင့် စိုက်ပျိုးရေး၊မွေးမြူရေးဆုရရှိသူများကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဗလာမပါ ကံစမ်းမဲများဖောက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

# ကျောက်ဆည်မြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အားကစားပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ




**ကျောက်ဆည် ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းတို့ပူးပေါင်း၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ကျောက်ဆည်ခရိုင် အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သီချင်း၊ ကျောင်းကောင်စီကတိသစ္စာသီချင်းနှင့် မေတ္တာကျောင်းသီချင်းတို့ဖြင့် သီဆိုဖွင့်လှစ်သည်။

အားကစားပြိုင်ပွဲတွင် ကျောက်ဆည်ခရိုင်ပညာရေးမှူး ဒေါက်တာဥမ္မာကြည်နှင့် မေတ္တာကိုယ်ပိုင် အထက်တန်းကျောင်းတည်ထောင်သူ ဆရာမကြီး ဒေါ်သင်းပုံ့ကြူတို့က အမှာစကားပြောကြားကြပြီး မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ကရာတေးစွမ်းရည်များ ပြသကာ ပန်းဖွားအကဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း Grade -10 မှ လူရည်ချွန်ကျောင်းသား မောင်ဖြိုးသက်ပိုင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူလေးများက Zumba အကဖြင့် ကပြဖျော်ဖြေကာ ဘောလုံးအားကစားပြိုင်ပွဲ ကျင်းပခဲ့ပြီး ပထမ၊ ဒုတိယနှင့် တစ်ဦးချင်း ထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဖလားဘောလုံးပြိုင်ပွဲအတွက် အလှူငွေကျပ်သုံးသိန်းကို မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူ ဆရာမကြီးဒေါ်သင်းပုံ့ကြူက မြို့နယ်အားကစားမှူး ဦးဝေမင်းဟိန်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**တင်တင်ထွေး**

၂၀ ရှေ့ဖုံးမှအဆက်

ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။


မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည်ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများကတင်ပြလာသည့်ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း



လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက လှူဒါန်းထားသော ဒံပေါက်ထမင်းဘူးများကို တပ်မတော်မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။



စေတနာရှင်အလှူရှင်ပြည်သူများက လှူဒါန်းထားသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "ရှေ့တန်းရောက် တပ်မတော်သားအားလုံး တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ ရေလိုအေးပြီး ပန်းလိုမွှေးပါစေ၊ တရားသောစစ်အောင်မြင်ပါစေ" စသည့်ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရေစကြိုမြို့နယ် ဆင်မရဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ဆင်မရဲ)မှ အထက်တန်းပြ ဆရာမတစ်ဦးကို PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်

ဆရာမ ဒေါ်မာစီအား PDF အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခဲ့သည့် နေရာပြပုံ




**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ရဟန်းသံဃာများ၊ နိုင်ငံ့ဝန်ထမ်းများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူများအကြောက်တရားလွှမ်းမိုးစေရန် ၎င်းတို့နှင့် အမြင်အယူအဆမတူသူများကို "သူလျှို၊ သတင်းပေး၊ ဒလန်" ဟုစွပ်စွဲ၍ ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆင်မရဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ဆင်မရဲ)တွင် အထက်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်နေသည့် အောင်ပန်းချောင်းကျေးရွာနေ ဒေါ်မာစီသည် ၎င်း၏အစ်မဖြစ်သူ ဒေါ်မာသီနှင့် သမီးဖြစ်သူ မနှင်းမာလာအောင်တို့နှင့်အတူ နေအိမ်၌ရှိနေစဉ် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက PDF အမည်ခံအကြမ်းဖက်သမားဦးရေ ၃၀ ခန့်ရောက်ရှိလာပြီး ဆရာမဖြစ်သူ ဒေါ်မာစီကိုကျေးရွာ၏ အရှေ့ဘက် မီတာ ၁၅၀ခန့်အကွာရှိ စက်လှေဆိပ်သို့ လက်ပြန်ကြိုးတုပ်၍ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများသည် ကျေးရွာ၏မြောက်ဘက်သို့ပြန်လည် ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အနာဂတ်ကလေးငယ်များအား ပညာသင်ကြားပေးနေသည့် ဆရာမဖြစ်သူကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Phyo Zayar Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျီစုအနောက်ရပ်ကွက်နေ ဖြိုးဇေယျာအောင်အား နံနက် ၁ နာရီခွဲတွင် လည်းကောင်း၊ "Desoung (Koemi)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ နှင်းအိန္ဒယ်အား ည ၁၁ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ရေလုပ်ငန်းလုပ်ကိုင်ရန်ပို့ဆောင်၍ လုပ်အားခခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁**

ရေလုပ်ငန်းလုပ်ကိုင်ရန်ပို့ဆောင်၍ လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ ဒေါ်နီနီဝင်းက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နေ ဦး ---- ၊ ၄၈ နှစ်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ ဦး ---၊ ၄၀ နှစ်၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နေ ဦး ---- ၊ ၅၃ နှစ်နှင့် ပန်းတနော်မြို့နယ်နေ ကို ----၊ ၂၄ နှစ်တို့ကို ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ငါးဖမ်းလုပ်ငန်းတွင်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် နှစ်သိန်းရရှိမည်ဟု စည်းရုံးပြောဆို၍ ရောကျေးရွာရှိ ရေလုပ်ငန်းရှင်ဦးစောထွန်းနိုင် (ခ) ဦးဘုန်းနိုင်၏ မျှောပိုက်စက်လှေတွင် ရေလုပ်ငန်းလုပ်ကိုင်ရန် ပို့ဆောင်ကာ လုပ်အားခငွေကျပ် ၁၂သိန်း ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ရွှေပြည်သာမြို့မရဲစခန်း(ပ)၈၆/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၆/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မင်္ဂလာဒုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ နိုဝင်ဘာ ၂၉ ရက်တွင် တရားခံ ဒေါ်နီနီဝင်းအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် ငါးနှစ် ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြောက်ဥက္ကလာပမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ကင်းပုန်းဝပ်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို မိုင်း သုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ဟု မဟုတ်မမှန်သတင်းအမှားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ကင်းပုန်းဝပ်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၃၀ ရက် ည ၇ နာရီတွင် မိုင်း သုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာ ရန်ကုန်ခေတ်သစ်က မဟုတ်မမှန် သတင်းတုသတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်ရှိ အုပ်ချုပ်ရေးတာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းရာ အဆိုပါကျောင်းတွင် မိုင်းပေါက်ကွဲမှုမရှိကြောင်း၊ တပ်မတော်မှ ဝင်ရောက်တပ်စွဲထားသည်မှာလည်း မဟုတ်မှန်ကြောင်း၊ သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေးတရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ မဟုတ်မမှန်ကောလာဟလ သတင်းတုသတင်းမှားများကို ဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# COP 28 ညီလာခံအဖွင့်နေ့တွင် အာရပ်စော်ဘွားများပြည်ထောင်စုက ရာသီဥတုဘေးအန္တရာယ်ရန်ပုံငွေအတွက် ကန်ဒေါ်လာသန်း ၁၀၀ မတည်




**အဘူဒါဘီ ဒီဇင်ဘာ ၁**

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့တွင် ကုလသမဂ္ဂက ဦးဆောင်၍ ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ (COP 28) ကို နိုဝင်ဘာ ၃၀ ရက်က စတင်ကျင်းပလျက်ရှိပြီး အဖွင့်နေ့တွင် အာရပ်စော်ဘွားများ ပြည်ထောင်စုက တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဘေးအန္တရာယ် ရန်ပုံငွေအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ မတည်ကြောင်း ကတိပေးထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုက မတည်ငွေပမာဏ ထုတ်ပြန်ခဲ့ပြီးနောက် တက်ရောက်လာသော နိုင်ငံပေါင်း ၁၉၀ ကျော်မှ ကိုယ်စားလှယ်တော်များကိုလည်း ရန်ပုံငွေထည့်ဝင်ရန် တိုက်တွန်းမှုများပြုလုပ်ခဲ့ရာ နိုင်ငံတချို့ကလည်း ရန်ပုံငွေထည့်ဝင်သွားရန် ကတိပေးခဲ့ကြောင်း၊ ထို့နောက် ရန်ပုံငွေပမာဏ အမေရိကန်ဒေါ်လာသန်း ၃၀၀ ကျော်ထိမြင့်တက်လာပြီဖြစ်ကြောင်း အာရပ်စော်ဘွားများ ပြည်ထောင်စုက ထုတ်ပြန်ခဲ့သည်။

“COP 28 ညီလာခံအဖွင့်နေ့မှာ ရာသီဥတုဘေးအန္တရာယ်ရန်ပုံငွေထည့်ဝင်ဖို့အတွက် သဘောတူညီမှုရရှိခဲ့ပါတယ်။ ရန်ပုံငွေထည့်ဝင်ဖို့ ကတိပေးလာတဲ့ နိုင်ငံတိုင်းအတွက်ဂုဏ်ယူပါတယ်။ အာရပ်စော်ဘွားများပြည်ထောင်စုအနေနဲ့ကတော့ ရန်ပုံငွေအတွက် အမေရိကန်ဒေါ်လာသန်း ၁၀၀ ထည့်ဝင်သွားဖို့ ကတိပေးထားပါတယ်”ဟု အာရပ်စော်ဘွားများပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး ရှိတ်အဘ်ဒူလာဘင်ဇာယက်က ပြောကြားခဲ့သည်။

အဆိုပါ ရန်ပုံငွေသည် ကမ္ဘာ့နိုင်ငံများအနက် ရေဘေးအန္တရာယ်၊ အပူလှိုင်းဖြတ်သန်းမှု အန္တရာယ်၊ မိုးခေါင်သည့် အန္တရာယ်တို့ဖြင့် ရင်ဆိုင်ရသော နိုင်ငံများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပံ့ပိုးမှုအနေဖြင့် လျော်ကြေးငွေပေးအပ်သွားရန် ရည်ရွယ်ထားသည်ဟု COP 28 ညီလာခံဥက္ကဋ္ဌ ဆူလ်တန်အယ်ဂျပ်ဘာက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဖိလစ်ပိုင်နိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ဥရောပသမဂ္ဂက ယူရို ၃၀၀၀၀၀ ပံ့ပိုး

**မနီလာ ဒီဇင်ဘာ ၁**

ဖိလစ်ပိုင်နိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် ဥရောပသမဂ္ဂက လူသားချင်းစာနာထောက်ထားမှုအနေဖြင့် ယူရို ၃၀၀၀၀၀ ပံ့ပိုးကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ ဖိလစ်ပိုင်အစိုးရက ထုတ်ပြန်ခဲ့ရာတွင် ရေဘေးသင့်ခဲ့သည့်ပြည်သူ ဦးရေ ၈၈၀၀၀၀ ကျော်ရှိခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၇၄၀၀၀ ထက်မနည်းရှိခဲ့ကြောင်း၊ နယ်မြေ ငါးခုတွင် ကယ်ဆယ်ရေးစခန်း ၁၃၀ ကျော်ထိဖွင့်လှစ်ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ပြည်သူများကို နေရာချပေးခဲ့ရကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ဖိလစ်ပိုင်အစိုးရက နိုဝင်ဘာ ၂၁ ရက်မှစတင်၍ နိုင်ငံတော်အဆင့် သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

“ဖိလစ်ပိုင်နိုင်ငံ ဗီဆာယက်စ်ကျွန်းမှာ နိုဝင်ဘာလဒုတိယပတ်ကနေစတင်ပြီးတော့ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ အယောက် ၇၄၀၀၀ ထက်မနည်းရှိခဲ့ပြီး ရေဘေးဒဏ်သင့်ခဲ့သူ ပြည်သူ အယောက် ၈၈၀၀၀၀ ကျော် ရှိခဲ့ပါတယ်။ ရေဘေးသင့်ပြည်သူတွေကို ကူညီဖို့အတွက် ဥရောပသမဂ္ဂက လူသားချင်းစာနာထောက်ထားရေး ပရိုဂရမ်အရ ဖိလစ်ပိုင်ရေဘေးသင့်ပြည်သူတွေကို ယူရို ၃၀၀၀၀၀ ထိ ပံ့ပိုးပေးခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်နဲ့ရင်ဆိုင်ခဲ့ရတဲ့ ပြည်သူတွေကို တတ်နိုင်သလောက် ကူညီပေးသွားဖို့အတွက် ဥရောပသမဂ္ဂက အခုလိုစီစဉ်ခဲ့တာ ဖြစ်ပါတယ်”ဟု ဥရောပသမဂ္ဂ၏ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ လူသားချင်းစာနာထောက်ထားရေးပရိုဂရမ်တာဝန်ခံ အာလင်းအက္ကွီနိုက ပြောကြားခဲ့ကြောင်း သိရသည်။




**Ref : Xinhua News**
**Trs : Sai Sat**

# အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်တွင် မိုးခေါင်မှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများ ဆုံးရှုံးခဲ့ရသည့်တောင်သူများကို လျော်ကြေးပေးရန် ပြည်နယ်ဝန်ကြီးချုပ်ညွှန်ကြား

**နယူးဒေလီ ဒီဇင်ဘာ ၁**

အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်တွင် ယခုနှစ်အတွင်း မိုးခေါင်မှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ကာနာတာကာပြည်နယ်ဝန်ကြီးချုပ် ဆစ်ဒါရာမိုင်အာက သဘာဝဘေးဒဏ်သင့် တောင်သူများကို လျော်ကြေးငွေအနေဖြင့် ပထမအကြိမ်ပေးအပ်သွားနိုင်ရေး နိုဝင်ဘာ ၃၀ ရက်က ညွှန်ကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပထမအကြိမ်အနေဖြင့် တောင်သူတစ်ဦးလျှင် လျော်ကြေးငွေအဖြစ် ရူပီး ၂၀၀၀ ရရှိမည်ဖြစ်ကြောင်း၊ ကာနာတာကာပြည်နယ်တွင် ကျေးလက်ဒေသပေါင်း ၂၃၆ ဒေသရှိသည့်အနက် မိုးခေါင်မှုကြောင့် ကျေးလက်ဒေသပေါင်း ၂၂၃ ဒေသကို သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့ရကြောင်း၊ ပြည်နယ်အဆင့် အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ရသဖြင့် တောင်သူများအတွက် ပံ့ပိုးရေးအစီအစဉ်ကို ပြည်နယ်အစိုးရအဖွဲ့က တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

“သဘာဝဘေးဒဏ်သင့် တောင်သူတွေအတွက် ပံ့ပိုးမှုအနေနဲ့လျော်ကြေးငွေဆိုပြီး ပေးအပ်သွားဖို့ ထုတ်ပြန် ကြေညာထားပါတယ်။ ပထမအကြိမ်ကို အမြန်ဆုံးပေးအပ်သွားဖို့အတွက် သက်ဆိုင်ရာကို ညွှန်ကြားထားပါတယ်။ လာမဲ့လေး၊ ငါးရက်အတွင်း တောင်သူတစ်ယောက်ချင်းစီကို လျော်ကြေးငွေ ပေးအပ်နိုင်တော့မှာပါ”ဟု ကာနာတာကာပြည်နယ် ဝန်ကြီးချုပ် ဆစ်ဒါရာမိုင်အာက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။




၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



0w h/ h @

# ငြိမ်းအေးရာဆီသို့

ထူးထူးဇော်




(၁)

ထားထားရီသည် အိမ်ရောင်းမည်ဆိုသော ဆိုင်းဘုတ်ကိုကြည့်၍ ဝမ်းနည်းမိသည်။ မွေးကတည်းက နေလာခဲ့သောအိမ်၊ အဖေ၊ အမေတို့ခေါင်းချခဲ့သော အိမ်ကို မရောင်းချင်ပေ။ ထားထားရီတို့ခြံကြီးသည် ပေ ၁၀၀ ပတ်လည်ခြံကြီးဖြစ်ပြီး အဖေရှိစဉ်က စားပင်သီးပင်များ၊ ပန်းပင်များဖြင့် ဝေဝေဆာဆာရှိခဲ့သည်။ အဖေကွယ်လွန်ပြီးနောက် အပင်များကို ပြုစုမည့်သူ မရှိသောကြောင့် တချို့တစ်ဝက်မှာ သေကုန်ပြီဖြစ်သည်။ ဤအိမ်မှာမွေးပြီး ခြံထဲတွင် မောင်နှမသုံးယောက် ဆော့ကစား၍ ကြီးပြင်းလာသည်ဖြစ်သောကြောင့် ခြံနှင့်အိမ်ကို သံယောဇဉ်ရှိသည်။ ဖြစ်နိုင်လျှင်မရောင်းဘဲ မောင်နှမများ စုစုစည်းစည်းနေစေချင်သည်။

သို့သော် အစ်မနှင့်အစ်ကိုက ရောင်းချင်သည်ဆိုတော့ အငယ်ဖြစ်သည့်မိမိက ဘာများတတ်နိုင်ပါမည်နည်း။ အစ်မက ဖိနပ်လုပ်ငန်းတိုးချဲ့ရန် ငွေလိုနေသကဲ့သို့ အစ်ကိုကလည်း သင်္ဘောတက်ရန် ငွေလိုနေသည်။ ထို့ကြောင့် အိမ်ကိုရောင်းပြီး မောင်နှမသုံးယောက်ခွဲဝေယူရန် စီစဉ်ကြခြင်းဖြစ်သည်။ ထားထားရီ၏ အစ်မနှင့် အစ်ကိုသည် အိမ်ထောင်ကိုယ်စီရှိသော်လည်း ထားထားရီတစ်ယောက်သာ လာကြိုက်သမျှသူကိုကြေးများရင်း အပျိုကြီးဖြစ်မှန်းမသိဖြစ်ခဲ့ခြင်းဖြစ်သည်။ မိဘများရှိစဉ်က သင့်လျော်သည့်သူနှင့် နေရာချထားပေးရန် စီစဉ်ပေးခဲ့သော်လည်း ထားထားရီက လက်မခံခဲ့ပေ။ အိမ်ရောင်းပြီးနောက် ထားထားရီသည် မိမိရရှိသော ဝေစုပိုက်ဆံများကို လက်ဝတ်လက်စားများလုပ်ထားပြီး အစ်မအိမ်တွင် လိုက်နေသည်။

ထားထားရီအစ်မမှာ သူ့ယောကျ်ားနှင့်အတူ ဖိနပ်လုပ်ငန်းလုပ်ကိုင်နေရသည်ဖြစ်၍ အိမ်မှုကိစ္စများ လုပ်ပေးရသည်။ အစ်မမွေးသော သမီးလေးသဲသဲကိုပါ ထိန်းပေးရသည်။ လခသဘောမျိုးမဟုတ်သော်လည်း ဖိနပ်လုပ်ပြီးသားများ ဆိုင်သွားပို့ပြီး၍ ပိုက်ဆံရလာသည့်အခါမျိုးတွင် အစ်မက ထားထားရီကို မုန့်ဖိုးပေးသည်။ သဲသဲသည် အလွန်ချစ်စရာကောင်းပြီး လည်သည်။ မိခင်အလုပ်လုပ်နေ၍ သူ့ကိုဂရုမစိုက်နိုင်သဖြင့် မိမိကိုဂရုစိုက်သော ထားထားရီကိုသာ ကပ်သည်။ ခေါ်တာတောင် ဒေါ်လေးမခေါ်ဘဲ မေမေထားဟုခေါ်သည်။

"မေမေထားကိုအချစ်ဆုံး၊ သဲသဲက ဖေဖေနဲ့မေမေကိုတောင်မချစ်ဘူး။ မေမေထားကိုပဲ ချစ်တာ"စသည်ဖြင့် မပီကလာပီကလာချွဲနွဲ့၍ လိုချင်တာမှန်သမျှပူဆာပြီး ညာခိုင်းတတ်သည်။ သဲသဲညာခိုင်းသည်ကို သိသိ-ကြီး နှင့် ထားထားရီတစ်ယောက် အကျေနပ်ကြီးကျေနပ်နေပေသည်။ ဘေးအိမ်မှ ဒေါ်ဆွေဆွေဝင်းက ထားထားရီကို "အပျိုကြီးတွေဟာ ကွင်းပြောင်ပြောင်မှာ ချုံငြိတတ်တယ် သတိထား"ဟု အမြဲသတိပေးလေ့ရှိသည်။ အဓိပ္ပာယ်ကတော့ အပူမရှာချင်၍ လင်ယူ သားမွေးမလုပ်သော်လည်း တူ၊ တူမများကြောင့် အရှုပ်ထဲက ရုန်းမထွက်နိုင်သည်ကို ပြောခြင်းဖြစ်သည်။ သို့သော် ဘယ်သူဘာပြောပြော ထားထားရီက တူမလေး သဲသဲဆိုလျှင် သည်းသည်းလှုပ်ချစ်သည်။ သဲသဲလိုချင်တာပူဆာသမျှ ဝယ်ပေးသည်။ သဲသဲကို မျက်နှာတစ်ချက် အညိုးမခံပေ။ ထို့ကြောင့် ထားထားရီအစ်မ စန်းစန်းရီက "ထားရီ နှင့်တူမပူဆာတိုင်း ဝယ်ပေးမနေနဲ့ ပိုက်ဆံကိုစုဆောင်းထား။ ကိုယ့်လက်ထဲရှိမှ ကိုယ့်ပိုက်ဆံ။ ကိုယ့်မှာမရှိရင် မျက်နှာငယ်ရတယ်။ နောင်ရေးအတွက် သိမ်းထား"ဟူ၍ ဆုံးမလေ့ရှိသည်။ အစ်မဆုံးမသော်လည်း ထားထားရီသည် သဲသဲလိုချင်တာမှန်သမျှ ဝယ်ပေးနေရသည်နှင့် ရသည့်မုန့်ဖိုးများမှာ စုဆောင်းမိခြင်းမရှိပေ။

ထားထားရီ၏ အစ်မဖိနပ်ရုံတွင် အလုပ်လာလုပ်သော လူပျိုကြီး ကိုမျိုးသည် ထားထားရီကို ချစ်ကြိုက်နေသည်။ ကိုမျိုးသည် ယခင်က မိခင်နှင့် နှစ်ယောက်တည်းနေရာ မိခင်ကိုပြုစုနေရသဖြင့် မိန်းမယူရန်မစဉ်းစားခဲ့ချေ။ ယခုမိခင်ကြီး ကွယ်လွန်သွားပြီဖြစ်သည့်အတွက် မိန်းမယူရန်စဉ်းစားရာ မိမိနှင့် သက်တူရွယ်တူဖြစ်သော ထားထားရီကို သဘောကျခြင်းဖြစ်သည်။ ကိုမျိုးသည် လုပ်ရည်ကိုင်ရည်တော်ပြီး ရိုးသားသူဖြစ်သောကြောင့် ထားထားရီအစ်မက သဘောကျသည်။

"စိတ်ကူးမလွဲနဲ့ ထားရီ။ ညည်းအရွယ်နဲ့ ကိုမျိုးလိုလူမျိုး တွေ့တော့မှာမဟုတ်ဘူး။ သူက လုပ်ရည်ကိုင်ရည်ရှိပြီး စီးပွားရှာတတ်တယ်။ ညည်းအရင်းအနှီးထုတ်ပေးပြီး ဖိနပ်ရုံထောင်ရင် ကြီးပွားနိုင်တယ်။ ယူဖို့စဉ်းစားကြည့်"ဟူ၍ နားချသည်။

ထားထားရီ၏ခဲအိုကလည်း "ညီမတို့နှစ်ယောက်ယူဖြစ်ရင် ဖိနပ်ရုံထောင်ဖို့ အစ်ကိုကူညီပေးမယ်။ စိတ်ကူးမလွဲနဲ့ ထားရီ"ဟု တိုက်တွန်းသည်။ ထားထားရီသည် ကိုမျိုး၏ ယောကျ်ားပီသသော အသွင်အပြင်ကို သဘောကျမိသည်။ အသက် ၄၀ နားနီးပြီဖြစ်၍ မစဉ်းစားချင်တော့ပေ။ သည်တစ်ခါတော့ ယောကျ်ားယူတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ အကုန်လုံးက ဝိုင်း၍ သဘောတူကြသော်လည်း သဲသဲက "မေမေထား ယောကျ်ားမယူရဘူး။ သူများကိုမချစ်ရဘူး။ သဲသဲကိုပဲချစ်။ မေမေထားနဲ့ မခွဲနိုင်ဘူး။ မေမေထားနဲ့ပဲနေမယ်" ဆိုပြီး ငိုတော့သည်။

အစ်မစန်းစန်းရီက သူ့သမီးသဲသဲကို "နင်က တစ်သက်လုံး မေမေထားနဲ့နေမှာမို့လို့လား။ သူ့မှာလဲ သူ့ဘဝရှိသေးတယ်။ အသက်ကြီးရင် တစ်ယောက်တည်း ဒုက္ခရောက်မှာပေါ့"ဟူ၍ ဝင်ပြောသည်။

"နေမှာ မေမေထားနဲ့တစ်သက်လုံးနေမှာ။ သဲသဲလဲယောကျ်ားမယူဘူး။ မေမေထားလဲ မယူရဘူး"ဆိုပြီး ကန့်ကွက်တော့သည်။ တငိုငိုတရယ်ရယ်ဖြစ်ကာ ဘယ်သူချော့ချော့မရဘဲ ငိုသည်မှာ မတိတ်တော့ပေ။ နောက်ဆုံးတွင် တူမကိုအချစ်ပိုသော ထားထားရီသည်

❖ ထားထားရီသည် အသက် ၆၀ ကျော်နေပြီဖြစ်သည့်အတွက် ကျန်းမာရေးသည် ယခင်လိုမဟုတ်တော့ပေ။ ငယ်ငယ်ကကဲ့သို့ အပင်ပန်းမခံနိုင်တော့ဘဲ အိမ်အလုပ်များလုပ်ပြီးလျှင် မောနေတတ်သည်။ တစ်ခါတလေ ညဘက်အိပ်မပျော်သဖြင့် နံနက်စောစောမထနိုင်ပေ။ ထိုအခါမျိုးတွင် "မေမေထား နေမကောင်းဘူးလား" ဟုတစ်ခွန်းမမေးဘဲ "အခုချိန်ထိမထသေးဘဲအိပ်နေတော့ ထမင်းဟင်းဘယ်အချိန်ချက်မှာလဲ အလုပ်တွေများနေရတဲ့ကြားထဲ အိပ်ပဲအိပ်နိုင်လွန်းတယ် အလိုက်မသိဘူး" ဟူ၍ အပြောခံရသည်။ နေမကောင်း၍ မညည်းရဲပေ။ ကိုယ့်ဘာသာဆေးဝယ်သောက်ပြီး လုပ်စရာအလုပ်များကို ကြိတ်မှိတ်လုပ်ရသည်။ ❖

သဲသဲသဘောလိုက်လျော၍ ကိုမျိုးကို ငြင်းလိုက်ရတော့သည်။ ကိုမျိုးလည်း ထားထားရီငြင်းလိုက်ပြီး မကြာမီ ဖိနပ်သဲကြိုးချုပ်သော အေးအေးအောင်နှင့် မင်္ဂလာဆောင်သွားသည်။ ထားထားရီအစ်မထံမှ အလုပ်ထွက်သွားပြီး သူတို့အိမ်တွင် လင်မယားနှစ်ယောက် တစ်နိုင်တစ်ပိုင်ဖိနပ်လုပ်ငန်း လုပ်ကိုင်ကြသည်။

(၂)

ထားထားရီသည် အပျိုကြီးဘဝဖြင့် အိမ်မှုကိစ္စနှင့် သဲသဲ ဝေယျာဝစ္စတို့ကို လုပ်ပေးခြင်းဖြင့် အချိန်ကာလများ ကုန်ဆုံးခဲ့လေသည်။ မေမေထားမရှိလျှင်မနေနိုင်ဘူးဆိုသော သဲသဲသည် ဒုတိယနှစ်တွင် အိမ်မှာဖိနပ်လာလုပ်သော အလုပ်သမားကောင်ကလေးနှင့် ခိုးရာလိုက်ပြေးသွားတော့သည်။ သဲသဲ အိမ်ထောင်ကျပြီးနောက် ထားထားရီ၏ခဲအို ကွယ်လွန်သည်။ ခဲအိုကွယ်လွန်ပြီးနောက် အစ်မစန်းစန်းရီသည် အိပ်ရာထဲလဲသည်။ မကြာမီမှာပင် အစ်မလည်း ဆုံးသွားသည်။ အိမ်မှာလူမမာနှစ်ယောက် ဆက်တိုက်ဖြစ်သွားသဖြင့် ဖိနပ်လုပ်ငန်းမှာ ရပ်သွားသည်။ လုပ်ငန်းပြန်လုပ်ရန် အရင်းအနှီးလိုအပ်သဖြင့် ထားထားရီသည် မိမိတွင်ရှိသော လက်ဝတ်လက်စား ရတနာပစ္စည်းတချို့ကို ထုခွဲရောင်းချ၍ သဲသဲတို့လင်မယားကို လုပ်ငန်းပြန်လုပ်ရန် အရင်းအနှီးထုတ်ပေးခဲ့သည်။

သဲသဲတို့လင်မယားသည် ပိုက်ဆံသုံးစွဲရာတွင် စည်းကမ်းမရှိပေ။ ချွေတာစုဆောင်းခြင်းမပြုကြ။ ဖိနပ်များပို့ပြီး ပိုက်ဆံရလာပါက သုံးဖြုန်းပစ်ပြီး ပိုက်ဆံကုန်သွားလျှင် ရန်ဖြစ်ကြသည်။ ထိုအခါမျိုးတွင် အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာဆိုသလို ထားထားရီ စိတ်ညစ်ရသည်။ အစပိုင်းတွင် သဲသဲယောကျ်ားသည် အလုပ်မှန်မှန်လုပ်သော်လည်း နောက်ပိုင်းတွင် နှစ်လုံး၊ သုံးလုံးမက်ကာ အလုပ်သမားများနှင့် လွှတ်ထားပြီး သွားချင်ရာသွားနေတတ်သည်။ ပိုင်ရှင်ကိုယ်တိုင်က ဖိဖိစီးစီး မကြီးကြပ်သဖြင့် အလုပ်သမားများမှာလည်း ပေါ့လျော့စွာအလုပ်လုပ်ကြသည်။ အော်ဒါများအချိန်မီ မပြီးစီး၍ ဖိနပ်ဆိုင်များနှင့်ပြဿနာတက်ရာ ဖိနပ်ဆိုင်များက သဲသဲတို့ဆီက မမှာတော့သဖြင့် အလုပ်များ ရပ်ဆိုင်းကုန်သည်။

ထားထားရီဆုံးမသော်လည်း မနာခံဘဲ လင်မယားနှစ်ယောက်စလုံး ခံပြောကြသည်။ အရင်းအနှီးများလည်းကုန်သွားသဖြင့် ရုံပိုင်ဘဝကနေ သူများဆီမှ လက်ခစားယူလုပ်ရသောဘဝသို့ ရောက်သွားတော့သည်။ သူတို့ယူလုပ်သော ဖိနပ်ရုံပိုင်ရှင်မှာ ကိုမျိုးဖြစ်သည်။ ကိုမျိုးသည် အေးအေးအောင်နှင့် လက်ထပ်ပြီး လင်မယားနှစ်ယောက် ကြိုးကြိုးစားစားအလုပ်လုပ်၍ စုဆောင်းလာခဲ့ရာ အနှစ် ၂၀ ဟူသော အချိန်တွင် ဖိနပ်ရုံပိုင်ရှင်ဖြစ်လာခဲ့သည်။ ထားထားရီသည် အသက် ၆၀ ကျော်နေပြီဖြစ်သည့်အတွက် ကျန်းမာရေးသည် ယခင်လိုမဟုတ်တော့ပေ။ ငယ်ငယ်ကကဲ့သို့ အပင်ပန်းမခံနိုင်တော့ဘဲ အိမ်အလုပ်များလုပ်ပြီးလျှင် မောနေတတ်သည်။ တစ်ခါတလေ ညဘက်အိပ်မပျော်သဖြင့် နံနက်စောစောမထနိုင်ပေ။ ထိုအခါမျိုးတွင် "မေမေထား နေမကောင်းဘူးလား"ဟု တစ်ခွန်းမမေးဘဲ "အခုချိန်ထိမထသေးဘဲ အိပ်နေတော့ ထမင်းဟင်း ဘယ်အချိန်ချက်မှာလဲ အလုပ်တွေများနေရတဲ့ကြားထဲ အိပ်ပဲအိပ်နိုင်လွန်းတယ် အလိုက်မသိဘူး"ဟူ၍ အပြောခံရသည်။ နေမကောင်း၍ မညည်းရဲပေ။ ကိုယ့်ဘာသာဆေးဝယ်သောက်ပြီး လုပ်စရာအလုပ်များကိုကြိတ်မှိတ်လုပ်ရသည်။ အစ်မရှိစဉ်က အော်ဒါပို့ပြီးလျှင် မုန့်ဖိုးရသော်လည်း သဲသဲလက်ထက်တွင် အိမ်အလုပ်များသာ လုပ်ရပြီး တစ်ပြားတစ်ချပ်မှမရပေ။ ကိုယ်သောက်မည့်ဆေးများကို ကိုယ့်ပိုက်ဆံနှင့်သာ ဝယ်သောက်ရသည့်

စာမျက်နှာ ၂၅ သို့ ➤

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၁၆၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၁၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၇၉၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၁၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင်မှာ မြေပဲဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဆက်လက်စိုက်ပျိုးလျက်ရှိပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၈၇ ဧက၊ ကနီမြို့နယ်တွင် ၆၅၅၉ ဧကနှင့် ဆားလင်းကြီးမြို့နယ်တွင် ၁၁၂၂ ဧက စုစုပေါင်း ၈၁၆၈ ဧက ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၃၀၀၀၊ ကနီမြို့နယ်တွင် ဧက ၁၈၇၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၀၀၉၄ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၁၀၀၀ စုစုပေါင်း ၃၂၇၉၄ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဆောင်းမြေပဲစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး စသည့် စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မြေပဲကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၃၂၇၉၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# ဇေယျာသီရိမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၅၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၃၈၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ်သိန်း ၉၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁၇ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



➤ စာမျက်နှာ ၂၄ မှအဆက်

အပြင် သဲသဲ၏ကလေးနှစ်ယောက်ကိုပါ မုန့်ဝယ်ကျွေးရသည်။ ထားထားရီ သိမ်းထားသောလက်ဝတ်ရတနာပစ္စည်းများကို နည်းနည်းစီရောင်းချပြီး သုံးနေရသဖြင့် တဖြည်းဖြည်းကုန်လာပေသည်။

(၃)

တစ်နေ့ လမ်းထဲမှ သဲသဲသူငယ်ချင်း အိမ်အလည်လာရာ သူ့အဒေါ်ဝယ်ပေးသည်ဆိုသောလက်ကိုင်အိတ်ကို ကြွားသွားသည်။ ထိုအဒေါ်ဆိုသူသည် ထားထားရီကဲ့သို့ အပျိုကြီးဖြစ်လေသည်။ သို့သော် ထိုအပျိုကြီးသည် ငွေတိုးချေးစားသဖြင့် ပိုက်ဆံချမ်းသာသည်။ တူမသုံးယောက်ကိုအိမ်တွင်ခေါ်ထား၍ ကျွေးထားနိုင်သည်။ ထို့ကြောင့် တူမများမှာ ထိုအဒေါ်အပျိုကြီးကို ဝိုင်းပြုစုကြသည်မှာ အားကျစရာဖြစ်သည်။ ဗိုက်ဆာတယ်ပြောရုံဖြင့် ထမင်းခူးပြီးသားအဆင်သင့်ပင်။ ရေချိုးပြီး ကိုယ့်အဝတ်အစားလျှော်စရာမလို တူမသုံးယောက်က လုၡ၍လျှော်ပေးကြသည်။ သဲသဲသည် သူ့သူငယ်ချင်းပြန်သွားသောအခါ ထားထားရီကြားအောင် စောင်းပြောသည်။ "သူများတွေများ အဒေါ်ရ ကံကောင်းလိုက်တာ။ ငါ့မှာတော့ ရဖို့မပြောနဲ့ ကိုယ်ကကျွေးမွေးထားတာတောင် အိမ်အလုပ်ဝိုင်းမလုပ်ချင်ဘူး"ဟူ၍ ပြောသည်။ ထားထားရီ အံ့သြမိသည်။ မိမိလုပ်ပေးရသည်ကို မမြင်ဘဲ ကျွေးထားရသည်ကိုပဲပြောနေသည်။ ထားထားရီသည် ယခင်ကကဲ့သို့ အိမ်အလုပ်များ သွက်သွက်လက်လက်မလုပ်ပေးနိုင်တော့ပေ။ သဲသဲမွေးထားသည်မှာ ယောကျ်ားလေးနှစ်ယောက်ဖြစ်သောကြောင့် ထိန်းလို့မနိုင်တော့ပါ။ အလုပ်များလုပ်ရာတွင် နှေးကွေးလာသော်လည်း အိမ်အလုပ်များကို တတ်နိုင်သလောက်လုပ်ပေးနေဆဲဖြစ်သည်။ သဲသဲသည် ငယ်ငယ်က လိုချင်တာမှန်သမျှ ပူဆာလျှင်ဝယ်ပေးခဲ့သည်ကို မေ့နေပြီထင်သည်။ အဖေးကြီးမမှတ်မိတောင် သူ့အဖေ၊ အမေဆုံးပြီးနောက် မိမိတွင်ရှိသမျှကို အရင်းအနှီးအဖြစ်ထုတ်ပေးခဲ့သည်။ သူတို့မကြိုးစား၍ မဖြစ်ထွန်းခဲ့ခြင်းဖြစ်သည်။ ထားထားရီ စဉ်းစားရပြီဖြစ်သည်။ တူမနှင့် ဆက်နေ၍မဖြစ်နိုင်တော့ပေ။ သူ နေမကောင်း၍ အိပ်ရာထဲလဲနေလျှင်တောင်မှ ပြုစုပေးမည့်ပုံမပေါ်ပေ။ မိမိမွေးထားတာမဟုတ်သော်လည်း မွေးကတည်းက ထိန်းလာရပြီး သူ့အမေထက် ပိုပင်ပန်းစွာပြုစုခဲ့ရသည်။ ယခုတော့ မိမိက လူပိုတစ်ယောက်ဖြစ်နေ၏။ လိုချင်တာဝယ်ပေးနိုင်ရန်အတွက် ဖိနပ်ရုံပိုင်ရှင်ဖြစ်မည့်အရေး ဘယ်သူဖျက်ခဲ့တာပါလဲ။ ကိုယ့်ဘာသာစားသောက်နေနိုင်မည့်ဘဝမျိုးရပါလျက် သူ့ကိုငဲ့ပြီးမနေခဲ့မိ၍ ကျွေးထားရသောကြောင့် ငြိုငြင်ပေပြီ။ တူမကို သံယောဇဉ်မဖြတ်ပါက ရှေ့လျှောက်ပိုဆိုးလာရန်သာ ရှိသည်။ သဲသဲသည် ကျေးဇူးမသိတတ်သော တူမဖြစ်လေသည်။ ထို့ကြောင့် ဘေးအိမ်မှ ဒေါ်ဆွေဆွေဝင်း၏အကူအညီဖြင့် သီလရှင်အဖြစ်ဝတ်ခဲ့သည်။ ယခုတော့ ဆရာလေး ဒေါ်တိက္ခညာဏီသည် ဗုဒ္ဓ၏သမီးတော်အဖြစ် နိဗ္ဗာန်ရောက်ကြောင်းတရားများကို ကျင့်ကြံအားထုတ်ရင်း ငြိမ်းအေးသောဘဝကို လျှောက်လှမ်းနေပြီဖြစ်ပါသည်။

# ချစ်မိတ်ဆွေ၏ နံနက်ခင်း

\- ချစ်မိတ်ဆွေ နံနက်ခင်း
ကောင်းမြတ်ခြင်း အစတည်၊
ဆွမ်းချက်ပြင် ဒါနပြု
ကောင်းမှုစုံညီ၊
သန့်ရှင်းရေး ပြုကြမည်
နေ့သစ်ဆီ အတူလှမ်း၊
မင်္ဂလာ ဆိုစကားနဲ့
ပြောကြားရှင်လန်း။

\- မေတ္တာကို ရင်မှာထား
နှလုံးသားဖြူပါစေ၊
အလုပ်တွေ ကြိုးစားလျက်
ဆောင်ရွက်မိတ်ဆွေ၊
ရလဒ်လည်း ကောင်းမည်လေ
အေးမြဝေ ကိုယ်စိတ်နှလုံး၊
မြဲတစေ ပရဟိတဖြင့်
ရွှင်ပျလို့ပြုံး။

\- နံနက်ချိန် စောစောထ
ဝီရိယ ထားကြကာ၊
စီမံပါ အကျိုးရှိဖို့
ပြုဘိစဉ်သာ၊
တံခါးဖွင့် နေ့သစ်မှာ
ရောင်းဝယ်ရာ ပြုလုပ်အပ်၊
ချစ်မိတ်ဆွေ နောက်မရောက်
တောက်ပဂုဏ်ဒြပ်။ ။

**ဖြိုးထက်(ရေစကြို)**

# ဂွမြို့နယ် ကျောက်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဂွ ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာတွင်းလမ်းများ ရေရှည်ပိုမိုကောင်းမွန်ခိုင်ခံ့စေရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျောက်ကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျောက်ကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ပေ ၃၈၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်က ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားရန်နှင့် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်းကျော် အသုံးပြုကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှု၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်ထံမှ သိရသည်။

**ကိုသန်း**

# စာစီညွန့်ဖွဲ့လျှင် နာမည်အလွန်ထည့်ချင်သူ

**မောင်သင်းထုံ(ကျောက်မဲ)**



နန်းတော်ရှေ့ဆရာတင်

ရန်ကုန်သူ၊ ရွှေမင်းဂံ၊ ရွှေပြည်စိုး၊ အောင်ပင်လယ် သီချင်းတွေရေးရာမှာ ထွင်လဲထွင် ရဲသူ၊ ထွင်လဲထွင် နိုင်သူမှာ တေးရေးဆရာ နန်းတော်ရှေ့ဆရာတင် ဖြစ်ပါတယ်။

"မယ်အေးလေးကပို့တဲ့မေတ္တာရည်၊ အပြည်ပြည် အရွှာရွှာမလစ်ခဲ့ပါဘူး၊ ရောက်သမျှမြို့ရွာဟု ချစ်ကြပါ သတဲ့၊ အသစ်ကလေးမို့ ကြာမူပါတာ"

ဆရာတင်ရေးပြီး အငြိမ့်မင်းသမီး ယုဇနအေးစိန် က သီချင်းဆိုတာ။ အဲဒီခေတ်က လက်ဆွဲမီးအိမ်တွေနဲ့ ကရတဲ့ခေတ်ဆိုတော့ မင်းသမီးက သီချင်းအလိုက် မေးထိုး၊ မျက်စပစ်ပြီး ဇာတ်ခုံနံဘေးက ကာလသား တွေမြင်ရအောင် လူပြက်တွေက အငြိမ့်စင်နံဘေး က ထွန်းထားတဲ့မီးအိမ်တွေဖြုတ်ပြီးမှ မင်းသမီး မျက်နှာ မျက်စပစ်တာမြင်အောင်ပြရတော့ ကာလ သားတွေသဘောကျနေကြတဲ့ကြားထဲတွင် ပြုံးနေတဲ့ သူတစ်ယောက်ကတော့ ဆရာတင်ပဲဖြစ်ပါတယ်။

သီချင်းကို လူတိုင်းက ဆိုနေတာကြားရတော့ ကြာလာတဲ့အခါ နားကြားပြင်းကတ်ပြီးမှ "အသစ် ကလေးမို့ ကြာမူပါ"ဆိုတဲ့နေရာမှာ "အသစ်ကလေးမို့ ဘာရာနာပါ"လို့ ပြောင်းဆိုလာကြတယ်။ ဘာရာနာဆို တာက အဲဒီခေတ်က လူသိများပြီး အပြောင်စကားဖြစ် တဲ့ ၁၂ ပဲသုံးမတ်ဆိုတဲ့ ဟိန္ဒူစကားကိုပြောတာပါ။

ဆရာတင်ဟာ မန္တလေးမြို့ နန်းတော်ရှေ့ မင်္ဂလာ ဥယျာဉ်ရပ်မှာနေထိုင်ကြတဲ့ မြို့စာရေးမင်း ဦးမှန်နဲ့ ဒေါ်မမတို့က မန္တလေးအရှေ့ပြင် စကျင်ဝရပ်မှာမွေးခဲ့ တဲ့သားပါ။ မင်းနဲ့စိုးနဲ့မကင်းဘူးပေါ့။ မိဘနှစ်ပါးက သားရွှေဥကို မောင်မောင်တင်လို့ နာမည်ပေးပြီးမှ ဝက်စလီယံယောက်ျားလေးကျောင်းမှာ ခေတ်ပညာ ကိုသင်စေခဲ့ပါတယ်။

ဆရာတင်ဟာ ကျောင်းသားဘဝကတည်းက အတီးအမှုတ်ဝါသနာပါတော့ တတိယတန်းကျောင်း သားဘဝမှာ ပလွေတစ်ချောင်းကို ခါးကြားညှပ်ယူ လာပြီးမှ အားတိုင်း ပလွေမှုတ်လေ့ကျင့်ခဲ့ပါတယ်။ အဲဒီတုန်းက နန်းမြို့ဦးထိပ်တံခါးကနေအဝင် နန်းမြို့အတွင်းမှာ ပိုလိုရိုက်တဲ့ ပိုလိုဂရောင်း ကွင်းကြီးရှိပါတယ်။ မောင်မောင်တင်ဟာ ကျောင်း အသွားအပြန် ပိုလိုဂရောင်းကွင်းကိုဝင်ပြီး ပလွေမှုတ် လေ့ကျင့်ခဲ့တယ်။

ဆရာတင်ဟာ မန္တလေးမြို့ နန်းတော်ရှေ့ချစ်တီး ဘုရားကျောင်းအနီးမှာ နေတာကြောင့် နန်းတော်ရှေ့ ဆရာတင်လို့ နာမည်တွင်ခဲ့တယ်။ အသက် ၂၂နှစ်မှာ ယုဇနအေးစိန်ဆိုဖို့ "မယ်အေးလေးက ပို့တဲ့မေတ္တာ ရည်"ဆိုတဲ့ သံဆန်းသီချင်းတစ်ပုဒ်ကို စပ်တယ်။ အောင်ပင်လယ်သီချင်း၊ ရွှေကျီးညိုသီချင်းလဲ လူကြိုက်များတယ်။ ဒါပေမဲ့ လူတွေက ထူးမခြားနား လောက်သာ သီချင်းထင်နေကြတော့ အောင်ပင်လယ် ကို နားကလောကြတယ်။ အောင်ပင်လယ်မှာ တောမှ မရှိတဲ့ဟာ။ တောမှာလဲ ရွှေကျီးညိုက မသာပါဘူး။ အလကားပေါက်တတ်ကရ တောရမ်းမယ်ဘွဲ့တွေ သီချင်းလုပ်ဆိုနေကြတာ ကလိန်းကလက်နိုင်တယ်လို့ လူတွေကပြောကြတာ။ ဒါပေမဲ့ အပြင်မှာကတော့ လူတန်းစားမရွေးဆိုနေကြတဲ့သီချင်းပါ။

မြို့မငြိမ်းလဲ တေးရေးဆရာပါပဲ။ ဒါပေမဲ့ ဆရာတင်နဲ့တော့ကွဲပြားတယ်။ ဆရာတင်ရဲ့ သီချင်း တွေဆိုတာ အသံအနေနဲ့လဲလွယ်တယ်။ စကားအနေ နဲ့ကလဲလွယ်တယ်။ မြို့မငြိမ်းကတော့ သူ့သီချင်းမှာ စကားလုံးဆန်းဖို့၊ နှုဖို့၊ လှဖို့ကြိုးစားရေးတယ်။ သူ ကြိုက်တဲ့အသံကို မရရအောင်ရှာပြီးမှထည့်တယ်။ ဒီတော့မြို့မငြိမ်းသီချင်းတွေကို ပညာတတ်လူတန်း စားတွေက ကြိုက်တယ်။ ဆရာတင်ရဲ့သီချင်းတွေကို ကျတော့ လူတန်းစားအသီးသီးက နှစ်ခြိုက်ကြတယ်။ ဆိုရလွယ်တယ်။ အခုလိုက်ဆို၊ အခုရလွယ်တဲ့သီချင်း တွေပါ။ ဆရာတင်ဟာ သီချင်းအပုဒ် ၃၀၀၀ လောက်ရေးခဲ့တယ်။ ဆရာတင်က အရေးစပ်နိုင်ဆုံး သီချင်းရေးဆရာပါ။ ဆရာတင်ဟာ အသံတစ်သံ တည်းနဲ့ သီချင်းစာသား သုံးပုဒ်၊ လေးပုဒ်လဲ ရေးပေး သူဖြစ်ပါတယ်။

ဆရာတင်ဟာ ကုန်ပစ္စည်းကြော်ငြာအတွက် သီချင်းရေးခ အများအပြားရတယ်။ ဆရာတင်ရဲ့ သီချင်းရေးခက မြင့်တယ်။ တချို့ ငွေကြေးမတတ်နိုင် သူတွေဟာ ဆရာတင်ရဲ့သီချင်းမရကြဘူး။ ဒါပေမဲ့ တချို့ တတ်နိုင်သူတွေကလဲရှိတော့ တစ်ခါတလေ သီချင်းရေးခက ပေးသလောက်ရတာရ၊ အလကား ရေးပေးရတာတွေလဲရှိပါတယ်။

ဆရာတင်ဟာ ဟိတ်ကြီးဟန်ကြီးနဲ့ နေတတ်တဲ့ သူမဟုတ်တော့ သူ့ကိုပွဲတောင်းရင် ဘာမဆိုလုပ်ပေး တတ်သူပါ။ ဆရာရေးတဲ့သီချင်း ဆရာကိုယ်တိုင်ဆိုပြ ပါဆိုလဲ ဆိုပြတာပဲ။ တစ်ခါတလေများ ကပြပါအုံး ဆိုလဲ ကပြတာပါပဲ။ သူ့မျက်နှာကြည့်လိုက်ရင် တပြုံးပြုံးနဲ့ပေါ့။

ဆရာတင်က တခ်ဏာပွတ္တိဉာဏ်ကောင်းတယ်။ သီချင်းရေးတာမြန်တယ်။ သီချင်းတစ်ပုဒ်ကို တစ်ခါ တစ်ရံ ခိုင်းသူရှေ့မှာတင် တစ်ထိုင်တည်းစပ်ပေးနိုင် တယ်။ လက်တန်းစပ်တာလဲရှိတယ်။ သူ့သီချင်းရေး ပြီးရင် လေဘာတီမမြရင်အိမ်သွားပြီး သီချင်းသင်ပေး တဲ့အခါရှိတယ်။ ဒါပေမဲ့ ဆရာတင်ဟာ တစ်ခါတလေ သီချင်းရေးစပ်ပေးပါလို့ သေချာငွေပေးလိုက်ပေမဲ့ သီချင်းလဲမလာ၊ လူလဲရှာမတွေ့တဲ့အခါတွေလဲရှိတတ် ပြန်ပါတယ်။

ဆရာတင်က ဗန္ဓုလသီချင်းကိုရေးစပ်ပြီးမှ စင် ပေါ်မှာကိုယ်တိုင်တက်ဆိုတာပါ။ စင်ပေါ်တက်တော့ လဲ ဗန္ဓုလဝတ်စုံဝတ်ပြီးမှ အားမာန်ပါပါ လက်သီး လက်မောင်းတန်းဆိုပြတော့ ပရိသတ်တွေဆိုတာ သဘောကျကြတာပေါ့။ ဂျူဗလီဟော အလှူညပွဲမှာ ဆရာတင်က ဗန္ဓုလသီချင်းတက်ဆိုတာကို ဘုရင်ခံက သဘောမကျပါဘူး။ သီချင်းရဲ့အဆုံးမှာ ဗန္ဓုလက ကြမ်းပြင်ကို ခြေဖနောင့်နဲ့ပေါက်တာလဲပါတာကိုး။ ဒါပေမဲ့ ဆရာတင်ကတော့ ဗြိတိသျှအစိုးရခေတ်၊ အာဏာရှိသူတွေ ကြိုက်မှကြိုက်စေတော့လို့သဘော မထားဘူး။ တမင်လဲမလုပ်ဘူး။ သူ့စိတ်ထဲ ကွက် ခနဲဖြစ်ပေါ်ခံစားလိုက်ရတာနဲ့ အဲဒါကို သီချင်းစပ် တော့ အာဏာပိုင်တွေက ဆရာတင်ကိုမကျေနပ်ကြ တာအကြိမ်ကြိမ်ပဲဖြစ်ပါတယ်။

တစ်ခါမှာတော့ ဆရာတင်ဟာ ရွှေဘိုမြို့ကို ဘုရင်ခံလာမယ်ဆိုတော့ မမြရင်အငြိမ့်နဲ့ဧည့်ခံရာ ဆရာတင်လဲပါတယ်။ ပွဲမကခင် ဆရာတင်ဟာ ရွှေဘိုမြို့ကိုလှည့်ပတ်ကြည့်တော့ ရွှေဘိုကိုတည်ခဲ့တဲ့ အလောင်းမင်းတရား ဦးအောင်ဇေယျရဲ့ အရိုးအိုး ပြာသာဒ်လေးဟာ ရွှေဘိုရုံးဝင်းအတွင်း မတင့်မတယ် လေးရှိနေတာမြင်ရလို့ ဝမ်းနည်းကာ သီချင်းစပ်ပြီး ညပွဲမှာဆိုတာ ရွှေဘိုပရိသတ်က သိပ်သဘောကျ ကြတယ်။ သုံးကြိမ် သုံးခါတောင်ပွဲတောင်းလို့ ဆိုပြရတော့ ရွှေဘိုမြို့ကအရာရှိတွေ မျက်နှာပျက် ကြရတယ်။

ဆရာတင်ဟာ လေဘာတီမမြရင်အတွက် သီချင်း တွေ အများကြီးရေးပေးခဲ့တယ်။ ဆရာက သီချင်းရေး ရင် အခြားသူများထက် မမြရင်ရဲ့သီချင်းတွေကို စေတနာပိုတယ်လို့ပြောကြတော့ ဆရာတင်က ဘာမှ မပြောဘဲ ပြုံးနေတတ်တယ်။ ဆရာတင်က သီချင်း တစ်ပုဒ်ကိုချပြီး မင်းသမီးသုံးယောက်၊ လေးယောက်ကို ဆိုခိုင်းကြည့်တယ်။ မမြရင်ဆိုတာကမှ သီချင်းက ပိုကောင်းတယ်။ မမြရင်က အဆိုကောင်း အသံရတဲ့ မင်းသမီးကိုး။ ဆရာတင်က မမြရင်အတွက် သီချင်း ရေးပေးတော့ သီချင်းတွေက မမြရင်ရဲ့ရည်းစားကို ရည်ရွယ်သလား၊ ဆရာတင်ကိုပဲ ရည်ရွယ်လေသလား ရိပ်တိပ်တိပ်၊ ချိတ်တိတ်တိတ်တွေကများတာ။ ဆရာ တင်ရေးတဲ့ နှစ်လက်မခွဲသီချင်း၊ ဦးသဝန်ကြောင် သီချင်း၊ အလှူ့ရှင်သီချင်းတွေဆိုတာ သူ့လိုလို၊ ငါ့လိုလို ထင်အောင် ရိသဲ့သဲ့ရေးထားတဲ့စာသားတွေပါတယ်။

ဆရာတင်က လေဘာတီမမြရင်ကို "မင်းနာမည် ကျော်ချင်ရင် မန္တလေးလာခဲ့"ဆိုပြီး ခေါ်ခဲ့တယ်။

**❖ ဆရာတင်ရဲ့အရည်အသွေးကို သဘောကျပြီးမှ ဇာတ်ဆရာဦးဖိုးစိန်က သူ့ဇာတ်ထဲလိုက်ပြီး သီချင်းရေးပေးပါ။ တစ်လ ငွေကျပ် ၃၀၀ ပေးပါ့မယ်နဲ့ခေါ်တော့ ဆရာတင်က သဘောကျပြီးလိုက်ဖူးတယ်။ ဒါပေမဲ့ ဦးဖိုးစိန်ရဲ့တောင်းဆိုချက်တစ်ခုကိုတော့ လက်မခံဘူး။ ဘာလဲဆိုတော့ ဦးဖိုးစိန်က သီချင်းရေးရင် သီချင်းထဲ ဆရာတင်ရဲ့နာမည် ထည့်မရေးရဘူးဆိုပါတယ်။ ဆရာတင်က ဆွမ်းတော်ကြီးခံအဖွဲ့ကို သီချင်းရေးပေးတော့ သီချင်းရဲ့နောက်ဆုံးအပိုဒ်မှာ "မောင်တင်ငယ်စဉ် တုန်းမှာလ၊ ကညာခင်မယ်ခင်ဖုံးတို့နဲ့ ရပ်လုံးမှာကျော်ခဲ့မော်ခဲ့"ဆိုတော့ အရဏ်အဖွဲ့က သီချင်းမှာ မင်းနာမည်ကြီးပါနေတာ မဆိုဘူးဆိုပြီး နေခဲ့တယ်။ ❖**

ဆရာတင်နဲ့မမြရင်ဟာ ခင်မင်တော့ ငွေရေးကြေးရေး အခက်အခဲရှိရင် မမြရင်ဆီကချေးတယ်။ ပြီးတော့ ပြန်ပေးချင်မှပေးတာ။ မမြရင်ဆီက သီချင်းရေးခကို လဲ ရမှရစေလို့ သဘောမထား။ ဆရာတင်က မမြရင် ကို အနိုင်ကျင့်တဲ့အခါ အနိုင်ကျင့်သေးတာတဲ့။ ဒီတော့ မမြရင်ဆိုတာ ဆရာတင်ရဲ့ ညှဉ်းဖတ်ကြီးဖြစ် နေတော့တယ်။

ဆရာတင်ဟာ သူရေးစပ်တဲ့သီချင်းအပုဒ်တိုင်း မှာ သူရေးမှန်းသိအောင် အမြဲတမ်းသူ့နာမည်ထည့် ရေးတတ်တယ်။ ဆရာကလဲ သူ့နာမည်ကလေးထည့် လိုက်ရမှ သူ့သီချင်းက ပြီးပြည့်စုံတယ်လို့ထင်တာတဲ့။ လေဘာတီမမြရင်အတွက် ရေးပေးတဲ့အလှူ့ရှင် သီချင်းထဲမှာဆိုရင် "ပြိုင်စံပေါ်စရာမမြင်၊ နိုင်ငံကျော် ပါရှင် နန်းတော်ရှေ့ဆရာတင် သူကတော့ တစ်ခု ထွင်ရင် အလှူ့ရှင်မှန်းအားလုံးသိကြပါတယ်ရှင်၊ စာစီညွှန့်ဖွဲ့လျှင်၊ နာမည်အလွန်ထည့်ချင်"ဆိုပြီး ဖွင့်ဟရေးစပ်ခဲ့တာဖြစ်ပါတယ်။

ဆရာတင်ရဲ့ အရည်အသွေးကိုသဘောကျပြီးမှ ဇာတ်ဆရာဦးဖိုးစိန်က သူ့ဇာတ်ထဲလိုက်ပြီး သီချင်းရေး ပေးပါ။ တစ်လ ငွေကျပ် ၃၀၀ ပေးပါ့မယ်နဲ့ခေါ်တော့ ဆရာတင်က သဘောကျပြီးလိုက်ဖူးတယ်။ ဒါပေမဲ့ ဦးဖိုးစိန်ရဲ့ တောင်းဆိုချက်တစ်ခုကိုတော့ လက်မခံ ဘူး။ ဘာလဲဆိုတော့ ဦးဖိုးစိန်က သီချင်းရေးရင် သီချင်းထဲ ဆရာတင်ရဲ့ နာမည်ထည့်မရေးရဘူးဆိုပါ တယ်။ ဆရာတင်က ဆွမ်းတော်ကြီးခံအဖွဲ့ကို သီချင်း ရေးပေးတော့သီချင်းရဲ့နောက်ဆုံးအပိုဒ်မှာ "မောင်တင် ငယ်စဉ်တုန်းမှာလ၊ ကညာခင်မယ်ခင်ဖုံးတို့နဲ့ ရပ်လုံး မှာကျော်ခဲ့မော်ခဲ့"ဆိုတော့ အရဏ်အဖွဲ့က သီချင်းမှာ မင်းနာမည်ကြီးပါနေတာ မဆိုဘူးဆိုပြီးနေခဲ့တယ်။ တတိယရေးစပ်တဲ့ ဖိုးအောင်ကျော်သီချင်းမှာတော့ "စာစီစဉ်သော်၊ နာမည်တွင်သော်၊ တင်ဆရာသူက"လို့ ဇွတ်ထည့်ရေးတော့ အဖွဲ့တွေဘာမှမတတ်နိုင်တော့ဘဲ ဆိုရတော့တယ်။

ဆရာတင်ဟာ ဂျပန်ခေတ်မှာတော့ ဒေါက်တာ ဘမော်ရဲ့ ရာဇဝတ်အုပ်လုပ်သေးတယ်။ ခြောက်လုံး ပြူး ခါးချိတ်ရာဇဝတ်အုပ်ဘဝမှာ သီချင်းတစ်ပုဒ်ရေး တော့ သီချင်းရဲ့နောက်ဆုံးမှာ "နန်းရှေ့ရဲ့အုပ်တင်စီ ရေးတာ"လို့ပါတယ်။ အခုခေတ်မှာ အသံလွှင့်ဌာန တချို့က သီချင်းတွေသာလွှင့်နေကြတာ ဆိုတဲ့လူ နာမည်ပဲပါရဲ့။ သီချင်းရေးသူ ဘယ်သူမှန်းမသိ၊ ကြေညာရကောင်းမှန်းလဲမသိကြ။ ဒီတော့ ဆရာတင် ရေးတဲ့သီချင်းတွေမှာတော့ "စာစီညွှန့်ဖွဲ့လျှင်၊ နာမည်အလွန်ထည့်ချင်" ဆိုတာလေးပါလာတော့ မဆိုးလှဘူးပေါ့။

**ကိုးကား**

– **ပြည်သူချစ်သော အနုပညာသည်များ**
**လူထုဒေါ်အမာ**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၆၄၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၆၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၁၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၆၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ခင်ဦးမြို့နယ်မှာ ပဲတီစိမ်းဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးနေပြီ။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလကစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၆၅၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းနေ

**ကျိုက်လတ် ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းနေကြောင်း ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးမှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများ စတင်ပေါ်နေပြီး လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ၁၅ ပိဿာမှ ၃၅ ပိဿာထိ အရောင်းအဝယ်ကောင်းနေကြောင်း၊ တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသမှထွက်ရှိသည့် တိုင်ထောင်ပဲသီးများကို မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ မအူပင် စသည့်မြို့နယ်တို့သို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

"လက်ရှိ တိုင်ထောင်ပဲသီး ၃၅ ပိဿာထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြားစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလဲ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသ ဈေးကွက်တွေက တိုင်ထောင်ပဲသီး အဝယ်လိုက်နေတာ။ အခုလို ဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်း ပိုမိုကောင်းမွန်လာတာတွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးမှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက် ရာသီကုန်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# စလင်းမြို့နယ် အုတ်ဖိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီအသစ်ပြန်လည်ဖွဲ့စည်း

**စလင်း ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် အုတ်ဖိုကန်ကျေးရွာ၌ စီမံကိန်းကော်မတီအသစ် ပြန်လည်ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံကိန်းတာဝန်ခံက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရန်အချက်များနှင့် ကော်မတီဝင်များ၏တာဝန်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် တောစိမ့်ကျေးရွာအုပ်စု အုတ်ဖိုကန်ကျေးရွာ၌ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန်၊ ရရှိလာသောအတိုးငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရွေးချယ်ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# မိုင်းဖြတ်မြို့နယ် ဝမ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းဖြတ် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ပုံကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးသန်း၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက ဝမ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝမ်ပုံကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၂၅၃ သိန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

**ခင်မာ**

# တောင်သာမြို့နယ် ဆည်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆည်တောကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှု မရှိစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက ဆည်တောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၆ ဒသမ ၂၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၂၂ ဒသမ ၄၁ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၂ ဦးကို ငွေကျပ် ၃၈ ဒသမ ၆၅ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မာ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ် အတွက် အထူးကောင်းမွန်သည်။

# ပွင့်လန်း(သတ္တုတွင်း)၏ တောင်ကျစမ်းများ မခန်းလေ

**ပုသိမ်အောင်သန်းဦး**

> ❖ ဝတ္ထု၏ရည်ရွယ်ချက်ကား မသဲကွဲ၊ တိုင်းရင်းသား ချစ်ကြည်ရေးကို သရုပ်ဖော်ခြင်းလော၊ ချင်းတောင်တန်းတိုးတက်ဖွံ့ဖြိုးရေးကို သရုပ်ဖော်ခြင်းလော၊ ရည်ရွယ်ချက်နှစ်ခုစလုံး အထမမြောက်ဟု ဆိုချင်သည်။ ချင်းတောင်တန်းဖွံ့ဖြိုးရေးကို ကြိုးစားလုပ်ဆောင်ပါမည်ဟုဆိုလာသူ မသီတာသည် နောက်ဆုံး ချစ်သူနောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့သည်။ ချင်းတောင်တစ်လှည့် မြေပြန့်တစ်လှည့် ကျင်လည် လုပ်ကိုင်ရေးအယူအဆသည် ဝတ္ထု၏ဦးတည်ချက်ကို ယောင်ဝါးဝါး ဖြစ်စေသည်။ ❖

ကျော်ခိုင်သည် ဓာတ်သတ္တုရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းမှ ဘူမိဗေဒအရာရှိတစ်ဦးဖြစ်သည်။ သူသည် ချင်းတောင်ရှိ မြေတောင်သတ္တုတွင်းသို့ တာဝန်ကျသဖြင့် ရန်ကုန်မှ ကလေးသို့ လေယာဉ်ဖြင့် လာခဲ့သည်။ လေယာဉ်ပေါ်တွင် ချင်းအမျိုးသမီး မသီတာနှင့် ရင်းနှီးလာခဲ့သည်။ ကျော်ခိုင်က သူ့ဘဝ အခြေအနေပြောပြ၊ မသီတာက ချင်းတိုင်းရင်းသား များ၏ အခြေအနေကိုပြောပြသည်။

မြေတောင်သတ္တုတွင်းတွင် ဘူမိဗေဒပညာရှင်များ နှင့် နှစ်လတာမျှ အတူအလုပ်လုပ်ကြသည်။ နှစ်လ ကျော်ပြီးနောက် ဦးသိန်းတန်နှင့် ကျော်ခိုင်တို့သည် သတ္တုထွက်ရာ ပင်းပိရွာသို့ထွက်ခဲ့ကြသည်။ လမ်းခရီးတွင် ဒူလဝမ်ရွာ၌ တစ်ညနားကြသည်။ ထိုရွာကား မသီတာ အမည်ရှိ(မန်နို)၏ရွာဖြစ်သည်။ ကျော်ခိုင်နှင့် မသီတာ တို့ ပြန်လည်ဆုံတွေ့ကြသည်။

နောက်ရက်တွင် သတ္တုရှာဖွေရေးအဖွဲ့ ပင်းပိရွာ သို့ ထွက်ခဲ့ကြသည်။ ပင်းပိရွာသားများက ခေါင်ရည်၊ စားသောက်ဖွယ်ရာများနှင့် ဧည့်ခံသည်။ လမ်းပြကြီး ငြိမ်းဂိုထန်က တောထဲတွင် သားကောင်ရှာပြီး ရရှိလာ ရာ ဧည့်ခံပွဲသည်ပို၍ စိုပြည်လေသည်။ ညတွင် ခွာဒို ကပွဲပြုလုပ်သည်။ ဦးသိန်းတန်က မသီတာအကြောင်း ချီးမွမ်းပြောပြသည်။

မသီတာက ချင်းတောင်ဖွံ့ဖြိုးရေးကို စိတ်ဝင်စား သည်။ ချင်းလူမျိုးတို့၏ဘဝကို မြှင့်တင်လိုသဖြင့် စာကြိုးစားကာ တက္ကသိုလ်သို့တက်ခဲ့သည်။ ဆရာ အတတ်သင် သင်တန်းလည်းတက်ခဲ့ပြီး ကျန်းမာရေး မှူးသင်တန်းလည်း တက်ခဲ့သည်။ ဘူမိဗေဒသမားကြီး ဦးသိန်းတန်က မသီတာ ချီးမွမ်းခန်းဖွင့်လာသည်။ ကျော်ခိုင်ကလည်း မသီတာကို စိတ်ဝင်စားမိသည်။ ချင်းတောင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင် ကူညီချင်လာသည်။

ကျော်ခိုင်တို့အဖွဲ့ ပင်းပိတွင် လုပ်ငန်းတာဝန်များ ဆောင်ရွက်ပြီးစီးသောအခါ စခန်းသို့ပြန်လာကြ သည်။ လမ်းခရီးတွင် ခရိုမိုက်သတ္တုတွေ့သည်ဟု သတင်းရထားသော ချောင်းတစ်ခုတွင်း ဆင်း၍ လေ့ လာကြသည်။

ဤတွင် သတ္တုရှာဖွေရေးအဖွဲ့ကို ဝက်ဝံနှစ်ကောင် က ချောင်းမြောင်းတိုက်ခိုက်သည်။ အဖွဲ့သားများက ဝက်ဝံကို ပြန်လည်ခုခံသည်။ ကျော်ခိုင် ဝက်ဝံ၏ ကုတ်ဖဲ့ကိုက်ခဲမှု ဒဏ်ရာများဖြင့် သွေးထွက်အနာတရ ရသည်။ ဒူလဝမ်ကျေးရွာသို့ ကျော်ခိုင်ကို ခေါ်လာခဲ့ သည်။ မသီတာ ဆေးကုသပေးသည်။ ဒူလဝမ်ရွာတွင် ကျော်ခိုင် ၁၀ ရက်ခန့်ကြာခဲ့သည်။

ကျော်ခိုင်က သူတက္ကသိုလ်တက်စဉ်က သူနှင့် လိုင် အကြောင်း မသီတာကိုပြောပြသည်။ လိုင်က တောင်ကြီးတောင်ကြားတွင် အလုပ်လုပ်ရမည့်သူကို အဆက်ဖြတ်လိုက်ကြောင်း ပြောသည်။ မသီတာက စိတ်မကောင်း။ ဒူလဝမ်ရွာတွင် ၁၀ ရက်မျှ နေစဉ် ကျော်ခိုင်နှင့်မသီတာတို့ ချစ်သူဖြစ်သွားကြသည်။

ကျော်ခိုင် သတ္တုတွင်းသို့ပြန်သောအခါ မသီတာ လည်း အလည်လိုက်လာသည်။ မြေတောင်သတ္တု စခန်းတွင် သုံးရက်မျှနေသွားသည်။ သတ္တုတွင်း လုပ်သားများ၏ဘဝ နေထိုင်လုပ်ကိုင်နေကြပုံ များကို လေ့လာသည်။ ကျော်ခိုင်နှင့်အတူ ပျော်ရွှင် ခဲ့ကြသည်။

မသီတာ ပြန်သွားပြီးနောက် သတ္တုတွင်းတွင် ပြဿနာတချို့နှင့် ရင်ဆိုင်ရသည်။ စခန်းတွင် တာဝန် ရှိသူမှာ ဦးသိန်းတန်။ သို့သော် ဦးသိန်းတန် ရန်ကုန် ရုံးချုပ်သို့သွားနေရာ ကျော်ခိုင်က စခန်းတာဝန်ကို ယူနေရသည်။ ထို့အတူ ဘူမိဗေဒအရာရှိတစ်ဦး ဖြစ်သူ ဦးလှသိန်းမှာလည်း တာဝန်ရှိလေသည်။

ဦးလှသိန်း လက်အောက်တွင် တာဝန်ထမ်းနေ သော ထန်ဂိုပေါင်သည် ပြဿနာ၏အစဖြစ်သည်။ ထန်ဂိုပေါင်က လုပ်ခတိုးပေးရေးတောင်းဆို၏။ အလုပ် သမားအချင်းချင်းကြားတွင်လည်း အခွင့်အရေးများ ပိုယူလာသည်။ ကျော်ခိုင်က ထန်ဂိုပေါင်၏အကြောင်း ကို စုံစမ်းသည်။ နောက်ဆုံး ချင်းသူပုန်များနှင့် ဆက်သွယ်သူအဖြစ် သိရှိရသောအခါ အလုပ်မှထုတ် ပစ်ရန်စီစဉ်သည်။ ထန်ဂိုပေါင်ဘက်မှ ဦးလှသိန်းက ကာကွယ်ပေးသည်။ ထန်ဂိုပေါင်ကို အကြောင်းပြု၍ ဦးလှသိန်းနှင့်ကျော်ခိုင်တို့ တစ်ယောက်နှင့်တစ်ယောက် တင်းမာလာသည်။

ထိုကာလတွင် ကျော်ခိုင် အလုပ်မှခွင့်ယူပြီး မသီတာထံသွားသည်။ မသီတာထံမှအပြန် ဘူမိဗေဒ အရာရှိ ဦးသိန်းတန်က မသီတာကိုချစ်လျှင် ချင်း တိုင်းရင်းသားများကို ချစ်ရမည်။ မသီတာနှင့်အတူ ချင်းတိုင်းရင်းသားတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် တာဝန်ယူပေးရမည်ဟု ဆိုလာသည်။ ချင်း တောင်တန်းဖွံ့ဖြိုးသာယာအောင် မသီတာနှင့်အတူ လက်တွဲဆောင်ရွက်နိုင်သူဖြစ်ရမည်ဟူသော သဘော ထားဖြစ်သည်။

ကျော်ခိုင် အလုပ်ခွင်သို့ပြန်ရောက်ပြီး မကြာမီ ထန်ဂိုပေါင် ပြဿနာတက်ပြန်သည်။ ထန်ဂိုပေါင်နှင့် အလုပ်သမားတစ်ဦး ခိုက်ရန်ဖြစ်သည်။ ဤကိစ္စတွင် ထန်ဂိုပေါင်လွန်ကြောင်း ဦးလှသိန်းက ဆိုသည်။ ထန်ဂိုပေါင်ကို အလုပ်မှထုတ်ပစ်လိုက်သည်။

မကြာမီ မြေတောင်သတ္တုတွင်းတွင် ခရိုမိုက်သတ္တု တိုင်းထွာခြင်း ပထမအဆင့် အောင်မြင်ခြင်း အထိမ်းအမှတ်ပွဲပြုလုပ်ရန် စီစဉ်ကြသည်။ သတ္တု လုပ်ငန်းတွင် ကူညီကြသော အနီးဝန်းကျင်မှ ချင်း အမျိုးသားများ နေထိုင်ကြသည့်ရွာ ၁၀ ရွာမှ ရွာသား များကိုလည်း ဖိတ်ရန်ပြင်ဆင်သည်။ ပွဲအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် လိုအပ်သည်များဝယ်ရန် ကလေးမြို့သို့ ကျော်ခိုင် သွားသည်။

ကလေးမြို့တွင် ထန်ဂိုပေါင်နှင့် လူကြီးတစ်ယောက် စကားပြောနေကြသည်ကို ကျော်ခိုင် တွေ့ခဲ့သည်။ ကျော်ခိုင်သည် အခြေအနေအရပ်ရပ်ကို လေ့လာပြီး သတ္တုတွင်းသို့ပြန်ခဲ့သည်။ ကျော်ခိုင်၏စိတ်ထဲတွင် ထန်ဂိုပေါင်သည် ရိုးသားသောလုပ်ရပ်ကို ဆောင်ရွက် မည်မဟုတ်ကြောင်း သတိထားမိသည်။ တစ်နေ့နေ့ တွင် သူပုန်များနှင့်အတူ သတ္တုတွင်းကို ဝင်ရောက် တိုက်ခိုက်လိမ့်မည်ဟုလည်း တွေးတောနေမိသည်။

ထန်ဂိုပေါင်နှင့် ချင်းသူပုန်များ သတ္တုတွင်းကို လာ ရောက်စီးနင်းတိုက်ခိုက်နိုင်သည့်နေ့မှာလည်း သူတို့ တွေ အောင်ပွဲကျင်းပသည့်နေ့ဖြစ်မည်ဟု ခန့်မှန်း ထားသည်။ ထို့ကြောင့်လည်း သတ္တုတွင်းတွင် အောင်ပွဲမကျင်းပမီ သက်ဆိုင်ရာရဲစခန်းမှ တာဝန်ရှိသူ များကို အကြောင်းကြားကာ ပွဲတော်အတွင်း လုံခြုံရေးကို တင်းတင်းကျပ်ကျပ် စီမံပေးရန်တင်ပြထားသည်။

အားလုံးထင်ကြေးပေးထားသည့်အတိုင်း ချင်း သူပုန်များသည် သတ္တုတွင်းအောင်ပွဲကျင်းပနေစဉ် စခန်းကို ဝင်တိုက်ကြသည်။ ကြိုတင်ပြင်ဆင်ထား သဖြင့် လုံခြုံရေးအပြည့်ယူထားသော ရဲတပ်ဖွဲ့က ခုခံ တိုက်ခိုက်ကြသည်။ ချင်းသူပုန်များ ကြာရှည်စွာ တိုက်ခိုက်ခြင်းမပြုနိုင်ဘဲ အကျအဆုံးများစွာဖြင့် ပြန်လည်ဆုတ်ခွာထွက်ပြေးသွားကြသည်။

ထွက်မပြေးနိုင်ဘဲ ဒဏ်ရာအနာတရရရှိကာ လဲကျကျန်ရစ်သူများထဲတွင် ထန်ဂိုပေါင်ပါလေသည်။ ထန်ဂိုပေါင်က ရဲအရာရှိများထံ ဖြောင့်ချက်ပေးသည်။ သူသည် သတ္တုတွင်းတွင် ဝင်ရောက်လုပ်ကိုင်နေသည်မှာ ချင်းသူပုန်များက သူလျှိုအဖြစ် စေလွှတ်ထားသူဖြစ် ကြောင်း၊ ကလေးမြို့ ပွဲခင်းတွင်တွေ့ရသော လူကြီးမှာ မှောင်ခို သမားကြီးဖြစ်ကြောင်း၊ ယမ်းမှုန့်များရရှိရေး အတွက် သတ္တုတွင်းစခန်းကို ဝင်တိုက်ခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။

ဤကဲ့သို့သော ပြဿနာများပေါ်ပေါက်ပြီး မကြာမီ ကျော်ခိုင်ကို ရန်ကုန်ရုံးချုပ်က ပြန်ခေါ်သည့် စာ ရောက်လာသည်။ ဤစာရောက်လာရခြင်း အကြောင်းမှာ သူ့ကြောင့်ဖြစ်ကြောင်း ဦးလှသိန်းက ဖွင့်ဆိုသည်။ သူရုံးချုပ်သို့ ထန်ဂိုပေါင်နှင့်ပတ်သက် ပြီး ကျော်ခိုင်အပေါ် မကျေမနပ်ဖြစ်မိရာမှ စာရေး တိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သူမှားခဲ့မိကြောင်း ဦးလှသိန်း က ဝန်ခံသည်။

မည်သို့ဆိုစေ ရုံးချုပ်မှ ရန်ကုန်သို့ ပြန်လာခဲ့ရန် စာရောက်လာပြီဖြစ်ရာ သူငြင်းဆန်၍ မရပါ။ ရန်ကုန် သို့ ပြန်ရပါမည်။ မသီတာကလည်း ချင်းတောင်ကို စွန့်ကာ ရန်ကုန်ကို လိုက်နိုင်မည်မဟုတ်ချေ။ ကျော်ခိုင် ရန်ကုန်ပြန်ရန် ကလေးလေဆိပ်သို့ဆင်းခဲ့သည်။ လေယာဉ်ထွက်ခါနီးတွင် မသီတာ ရောက်လာသည်။ ဦးသိန်းတန် တရားချ၍ ရောက်လာခြင်းဖြစ်ကြောင်း ရှင်းပြသည်။

ချင်းတောင်ဖွံ့ဖြိုးရေးနှင့် မြေပြန့်ဖွံ့ဖြိုးရေးကို တစ်လှည့်စီလုပ်မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ရန်ကုန်သို့ လိုက်ခဲ့မည်ဖြစ်ကြောင်း ရှင်းပြသည်။ ချင်းမလေး ရန်ကုန်သို့လိုက်ပါလာခဲ့သည်။

ဝတ္ထု၏ရည်ရွယ်ချက်ကား မသဲကွဲ၊ တိုင်းရင်းသား ချစ်ကြည်ရေးကို သရုပ်ဖော်ခြင်းလော၊ ချင်းတောင် တန်းတိုးတက်ဖွံ့ဖြိုးရေးကို သရုပ်ဖော်ခြင်းလော၊ ရည် ရွယ်ချက်နှစ်ခုစလုံး အထမမြောက်ဟု ဆိုချင်သည်။

ချင်းတောင်တန်းဖွံ့ဖြိုးရေးကို ကြိုးစားလုပ်ဆောင် ပါမည်ဟုဆိုလာသူ မသီတာသည် နောက်ဆုံး ချစ်သူ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့သည်။ ချင်းတောင်တစ်လှည့် မြေပြန့်တစ်လှည့် ကျင်လည် လုပ်ကိုင်ရေးအယူအဆသည် ဝတ္ထု၏ဦးတည်ချက်ကို ယောင်ဝါးဝါးဖြစ်စေသည်။

တိုင်းရင်းသားချစ်ကြည်ရေး သရုပ်ဖော်ဝတ္ထုဟု ဆိုရာတွင်လည်း မြန်မာအမျိုးသားနှင့်တိုင်းရင်းသား အမျိုးသမီးတို့၏ အချစ်ဇာတ်လမ်းများသည်လည်း ပုံစံဟောင်းသာဖြစ်ပြီး တိုင်းရင်းသားချစ်ကြည်မှု၊ စည်းလုံးမှုကို ဖော်ပြနိုင်စွမ်း မရှိနိုင်ပါ။

မည်သို့ဖြစ်စေ ၁၉၆၆ ခုနှစ်က အမျိုးသားစာပေ ဝတ္ထုရှည် ဒုတိယဆုရဝတ္ထုဖြစ်သည်မှာကား အမှန်ပင် ဖြစ်ပါသည်။

ပွင့်လန်း(သတ္တုတွင်း)၏အမည်ရင်းမှာ ဦးလှထွန်း ဖြစ်သည်။ ၁၉၃၆ ခုနှစ် မေ ၈ ရက်တွင် အဘ တောအုပ် ဦးဘိုးခန့်၊ အမိဒေါ်နန်းတင့်တို့က ပျဉ်းမနား မြို့တွင် မွေးဖွားခဲ့သည်။

၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်ခဲ့ သည်။ ဘူမိဗေဒရုံးချုပ်တွင် ငွေစာရင်းကိုင်၊ အထက် တန်းဘူမိဗေဒ လက်ထောက်အဖြစ် တာဝန်ထမ်း ဆောင်ခဲ့သည်။ ပွင့်လန်း(သတ္တုတွင်း)၏ ထင်ရှားသော ဝတ္ထုများမှာ တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်း၊ မိုးလမ်း လေလမ်း မုန်တိုင်းလမ်း၊ နေထွက်တောင်နှင့် နေဝင်တောင်၊ သွေးချောင်းကိုဖြတ်ကျော်၍၊ ရွက်စိမ်း ရွှေကိန္နရီလား သူဇာလား၊ ဒုဋ္ဌဝတီရေကြည်ချောင်း၊ ပင်လယ်ပြာပြာ မိုးပြာပြာ စသည့်လုံးချင်းဝတ္ထုရှည် များ ဖြစ်သည်။

တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်းနှင့် ရွက်စိမ်း ဝတ္ထုရှည်တို့သည် ရုပ်ရှင်အဖြစ် ရိုက်ကူးခြင်း ခံခဲ့ရသည်။

**ကိုးကား**

– **မလိခ၏မြန်မာဝတ္ထုအညွှန်း**

# ပျဉ်းမနားမြို့နယ် ပြူတွင်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေး ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ပြူတွင်းကျေးရွာ၌ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ပြူတွင်း ကျေးရွာတွင် အရှည်ပေ ၅၅၀ ၊ အကျယ် ၁၂ ပေ၊ အမြင့်ခုနစ်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် အလျား ၁၁ ပေ သုံးလက်မ၊ အနံခြောက် ပေ၊ အမြင့် ငါးပေရှိ ရေစစ်ကန်တည် ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး မှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ဖွံ့ဖြိုးရေး ကော် မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပြူတွင်းကျေးရွာ၌ အဆိုပါ ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၇၉ သန်း အသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသား များကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ပျဉ်းမနားခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

# တနင်္ဂနွေနေ့ည အမှတ်ပေးပြိုင်ပွဲမှာ ကစားသမားစုဖွဲ့မှုကောင်းနေတဲ့ လီဗာပူးအသင်း၊ ဒေါ့မွန်အသင်း၊ အင်တာမီလန်အသင်းတို့ကို အားပေးရမှာပါ

ML



လာမဲ့တနင်္ဂနွေနေ့ည အမှတ်ပေးပြိုင်ပွဲမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေကို အားပေးရအုံးမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အသင်းကြီးတွေ့ဆုံမှုမှာ နယူးကာဆယ်၊ နာပိုလီတို့အနိုင်ရခဲ့ပြီး ဂျူဗင်တပ်နဲ့ အင်တာမီလန်တို့ပွဲစဉ်ကတော့ သရေရလဒ်ပဲထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ ကြားရက်မှာတော့ ဥရောပပြိုင်ပွဲတွေရှိခဲ့ပြီး အသင်းကြီးတွေအနေနဲ့ ပွဲပန်းမှုနဲ့ ဒဏ်ရာရမှုကိုရှောင်ရှားနိုင်ဖို့ ကစားသမားအလှည့်ကျအသုံးပြုသွားတာကို တွေ့ရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ည ပွဲစဉ်တွေကို သတိထားချဉ်းကပ်ရမှာဖြစ်သလို ကစားကွက်ပိုင်းနဲ့ နည်းစနစ်ပိုင်းမှာ အသာရနေပြီး ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းတွေကိုပဲ အားပေးသွားရမှာပါ။

## လီဗာပူးအသင်း အနိုင်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ လီဗာပူးနဲ့ ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ နည်းပြကလော့လက်အောက်မှာ ခြေစွမ်းပိုင်းကောင်းမွန်လာခဲ့ပြီး အမိကဆုဖလားတွေရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့နှစ်မှာတော့ ကွင်းလယ်ကစားသမားတွေ ဒဏ်ရာရမှုနဲ့ အသက်အရွယ်ရလာမှုတွေကြောင့် ရလဒ်ပိုင်းကျဆင်းခဲ့ပြီး အခုနှစ်မှာ ယူရိုပါလိဂ်ပဲ ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့နွေရာသီမှာ ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ အန်ဒို၊ ဆိုဘော့ဇလိုင်၊ ဂရာဗန်ဘာ့ချ်၊ မက်အယ်လစ်စတာတို့လို ကစားသမားတွေကိုခေါ်ယူ အားဖြည့်ခဲ့တာကြောင့် အခုရာသီပြိုင်ပွဲစုံမှာ ရလဒ်ကောင်းနေခဲ့တာကို သတိပြုရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းရဲ့ကစားပုံဟာ တန်ပြန်တိုက်စစ်ကို အသားပေးခဲ့တာကြောင့် ဘောလုံးရတာနဲ့ ပြိုင်ဘက်အသင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပြီး ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုသုံးကြိမ်မှာ ချေပဂိုးတစ်ဂိုးရခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ အယ်လစ်ဆင်၊ ရော်ဘတ်ဆန်၊ ဂျိုတာတို့ ဒဏ်ရာကြောင့် မပါနိုင်ပေမဲ့ ခြေစွမ်းပြကစားသမားတွေအားလုံး ပါဝင်နိုင်မှာဖြစ်လို့ ဖူလ်ဟမ်ကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာပါ။

ဖူလ်ဟမ်အသင်းဟာ တိုက်စစ်မှူး မက်ထရိုဗစ်ထွက်ခွာပြီးနောက်ပိုင်း တိုက်စစ်ပိုင်းကျဆင်းသွားပြီး သူ့နေရာကို ပြန်ဖြည့်နိုင်တဲ့ ကစားသမားမရှိသေးတာကြောင့် ရလဒ်ပိုင်းကျဆင်းခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ ဝုဗ်အသင်းကို သုံးဂိုး နှစ်ဂိုးနဲ့ အနိုင်ရခဲ့ပေမဲ့ ခံစစ်ပိုင်းကတော့ အားနည်းချက်တွေရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အီဝိုဘီ၊ ဝီလျံ၊ ဂျီမီနက်ဇ်တို့အတွဲက ပြိုင်ဘက်ခံစစ်ကို ဆက်တိုက်ဖိအားပေးပြီး တိုက်စစ်ဆင်နိုင်ခဲ့တာကြောင့် ဦးဆောင်ဂိုးတွေရခဲ့ပေမဲ့ ကွင်းလယ်နဲ့ ခံစစ်ပိုင်းမှာ အားနည်းချက်တွေပေါ်ခဲ့တာကြောင့် ဝုဗ်အသင်းကို ချေပဂိုးနှစ်ဂိုးထိ ပေးခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် အဝေးကွင်းခြေစွမ်းပိုင်းမတည်ငြိမ်တဲ့ သူတို့အသင်းအနေနဲ့ လီဗာပူးလိုတိုက်စစ်ထက်မြက်ပြီး ကစားသမားစုဖွဲ့မှု သာလွန်တဲ့အသင်းကိုတော့ ထိန်းချုပ်ကစားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ လီဗာပူးကပဲအသာရခဲ့သလို လက်ရှိအကျောပေးမှုကလဲ သွင်းဂိုးနှစ်ဂိုးသွင်းမှအပြည့်နိုင်မှာဖြစ်လို့ အိမ်ရှင်အသင်းဖြစ်တဲ့ လီဗာပူးအသင်းပဲ အနိုင်ရမှာပါ။

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၁ | - | ၂ | လီဗာပူး |
| လူတန် | ၁ | - | ၁ | လီဗာပူး |
| တူးလော့ | ၃ | - | ၂ | လီဗာပူး |
| လီဗာပူး | ၃ | - | ၀ | ဘရန့်ဖို့ဒ် |
| မန်စီးတီး | ၁ | - | ၁ | လီဗာပူး |

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၁ | - | ၁ | ဖူလ်ဟမ် |
| အစ်ဗတ် | ၁ | - | ၃ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၀ | - | ၁ | မန်ယူ |
| အေဗီလာ | ၃ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၃ | - | ၂ | ဝုဗ် |

## ဒေါ့မွန်အသင်းကို ရွေးချယ်ရမှာပါ

ဘွန်ဒက်လီဂါ ပွဲစဉ်(၁၃)မှာ အကြိုက်တွေ့မိတာကတော့ လေဗာကူဆင်နဲ့ ဒေါ့မွန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးပြိုင်ပွဲမှာ လေဗာကူဆင်အသင်းဟာ ၁၁ ပွဲနိုင် တစ်ပွဲသရေနဲ့ရှုံးပွဲမရှိခဲ့ဘဲ ရမှတ် ၃၄ မှတ်ထိရရှိခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်နေတာကို တွေ့ရမှာပါ။ ဒါ့ပြင် အဆင့်(၂)က ဘိုင်ယန်မြူးနစ်အသင်းကို ရမှတ်နှစ်မှတ် ဖြတ်တောက်နိုင်ခဲ့သလို ဒေါ့မွန်အသင်းနဲ့ဆို ရမှတ် ၁၀ မှတ်ထိ ကွာဟနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြအလွန်ဆိုလက်အောက်မှာ ကစားသမားတွေ အချိတ်အဆက်မိနေတာကြောင့် အသင်းလိုက်ကစားအားကောင်းနေတဲ့ အသင်းဖြစ်တာကို သတိပြုရမှာပါ။ လက်ရှိ တိုက်စစ်ပိုင်းမှာ ဗစ်ဇ်၊ ဟော့မန်း၊ ဘွန်နီဖေ့တို့ ခြေစွမ်းပြနေပြီး ဘွန်နီဖေ့က သွင်းဂိုး ခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ တိုက်စစ်ပိုင်းက ဗစ်ဇ်ဒဏ်ရာကြောင့် ပါဝင်ဖို့မသေချာတာကြောင့် ကစားကွက်ပိုင်းကျဆင်းသွားနိုင်ပါတယ်။ သူတို့အသင်းဟာ လက်ရှိပြိုင်ပွဲစုံမှာ ကစားကွက်ပိုင်းကော၊ ကစားအားကော အပြစ်ပြောစရာမရှိပေမဲ့ အဓိက ကစားသမားတွေ ဒဏ်ရာရချိန်မှာ အစားထိုးနိုင်မဲ့ ကစားသမားကောင်းတွေ ရှိမနေတာကြောင့် ဒေါ့မွန်လိုအသင်းကိုတော့ နိုင်ပွဲရဖို့ ရုန်းကန်ရနိုင်ပါတယ်။

ဒေါ့မွန်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ အဓိက ကစားသမားတွေ ဒဏ်ရာ သက်သာလာတာကြောင့် ရလဒ်ပိုင်း တည်ငြိမ်လာတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကြားရက်က ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ အေစီမီလန်လိုအသင်းကို အပြန်အလှန်တိုက်စစ်ဆင်မှုတွေကနေ ဦးဆောင်ဂိုးတွေ သွင်းယူနိုင်ခဲ့ပြီး သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးပြိုင်ပွဲမှာတော့ ရမှတ် ၂၄ မှတ်နဲ့ အဆင့်(၄)မှာရောက်ရှိနေပြီး လေဗာကူဆင်နဲ့ ရမှတ် ၁၀ မှတ်ထိ ကွာဟနေတာကြောင့် အခုပွဲစဉ်ကို ရမှတ်ရှာဖွေနိုင်မှပဲ ဥရောပဝင်ခွင့်အတွက် မျှော်လင့်ချက်ကောင်းမှာဖြစ်ပါတယ်။ သူတို့အသင်းဟာနောက်ဆုံး ကစားခဲ့တဲ့ အဝေးကွင်းငါးပွဲမှာတော့ စတုဂတ်တစ်သင်းထဲကိုပဲရှုံးခဲ့ပြီး အေစီမီလန်၊ နယူးကာဆယ်၊ ဖရန့်ဖတ်၊ ဟော်ဖန်ဟိမ်းတို့ကို မရှုံးခဲ့တာကို တွေ့ရမှာပါ။ သူတို့နှစ်သင်းစလုံးရဲ့ ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းကလဲတူညီနေပေမဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာတော့ ဒေါ့မွန်အသင်းက အသာရခဲ့တာကိုတွေ့ရမှာပါ။ အကျောပေးမှုမှာတော့ လေဗာကူဆင်ကတစ်ဂိုးနဲ့နိုင်ရင် တစ်ဝက်လောက်ပျော်ခွင့်ရမှာဖြစ်တာကြောင့် ဒေါ့မွန်အနေနဲ့ ရေကုန်ရေခန်းကစားလာမယ်ဆိုရင် လေဗာကူဆင်ကို မရှုံးနိုင်တဲ့အခြေအနေဖြစ်နေလို့ ညီသည်အသင်းဖြစ်တဲ့ ဒေါ့မွန်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**လေဗာကူဆင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆန့်ဟူဆန် | ၂ | - | ၅ | လေဗာကူဆင် |
| ဟော်ဖန်ဟိမ်း | ၂ | - | ၃ | လေဗာကူဆင် |
| ကွာရာဘတ် | ၀ | - | ၁ | လေဗာကူဆင် |
| လေဗာကူဆင် | ၄ | - | ၀ | ယူနီယံဘာလင် |
| ဝါဒါဘရီမင် | ၀ | - | ၃ | လေဗာကူဆင် |

**ဒေါ့မွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | ၀ | - | ၄ | ဘိုင်ယန်မြူးနစ် |
| ဒေါ့မွန် | ၂ | - | ၀ | နယူးကာဆယ် |
| စတုဂတ် | ၂ | - | ၁ | ဒေါ့မွန် |
| ဒေါ့မွန် | ၄ | - | ၂ | ဂလာဘတ် |
| အေစီမီလန် | ၁ | - | ၃ | ဒေါ့မွန် |

## အင်တာမီလန်အသင်းနဲ့ လက်တွဲရမှာပါ

စီးရီးအေပွဲစဉ်(၁၄)မှာအကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ နာပိုလီနဲ့ အင်တာမီလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့ချိန်မှာတော့ နာပိုလီက အင်တာမီလန်ကို သုံးဂိုး တစ်ဂိုးနဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ သူတို့အသင်းဟာ နည်းပြဂါစီယာရဲ့နေရာမှာ နည်းပြမာဇာရီကို ပြောင်းလဲခန့်အပ်ခဲ့ပေမဲ့ ရလဒ်ပိုင်းတည်ငြိမ်ခြင်းမရှိသေးပါဘူး။ သူတို့အသင်းဟာ အခုရာသီပြိုင်ပွဲစုံမှာ အိမ်ကွင်းကစားပုံကဆိုးရွားနေသလို နောက်ဆုံး အိမ်ကွင်းငါးပွဲမှာ နိုင်ပွဲမရသေးတဲ့အပြင် ခံစစ်ပိုင်းက ပေးဂိုး ၁၀ ဂိုးထိ ရှိခဲ့တာကြောင့် အင်တာမီလန်လို ခြေစွမ်းပိုင်းထက်မြက်နေတဲ့ အသင်းကိုတော့ ပွဲချိန်ပြည့်ယှဉ်ကစားဖို့ အခက်တွေ့မှာပါ။

အင်တာမီလန်အသင်းဟာ အခုရာသီ ပြိုင်ပွဲစုံမှာ ခြေစွမ်းပိုင်းထက်မြက်နေတာကြောင့် အမှတ်ပေးပွဲ ၁၃ ပွဲအပြီးမှာ ရှုံးပွဲတစ်ပွဲပဲရှိခဲ့ပြီး ရမှတ် ၃၂ မှတ်နဲ့ အဆင့်(၁)မှာရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ စက်တင်ဘာလ နောက်ပိုင်းပွဲစဉ်တွေမှာ ရှုံးပွဲမရှိခဲ့ဘဲ ပွဲစဉ်တိုင်း ဂိုးသွင်းယူနိုင်ခဲ့သလို နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းငါးပွဲမှာလဲ တိုရီနို၊ အတ္တလန်တာ၊ ဆဲလ်ဘတ်၊ ဂျူဗင်တပ်၊ ဘင်ဖီကာတို့လို အသင်းတွေနဲ့ ပွဲကျပ်ကစားခဲ့ရပေမဲ့ ရှုံးနိမ့်ခဲ့ခြင်းမရှိဘဲ တိုက်စစ်ပိုင်းပွဲတိုင်းဂိုးရခဲ့တာကို သတိပြုရမှာပါ။ ဒါ့ပြင် သူတို့အသင်းဟာ ကြားရက်မှာ အဓိက တိုက်စစ်မှူးတွေဖြစ်တဲ့ မားကပ်သူရမ်နဲ့မာတီနက်ဇ်တို့ အပါအဝင် အဓိက ကစားသမားတွေကို အနားပေးခဲ့ပြီး အခုပွဲစဉ်ကို အနိုင်ကစားဖို့ ကြိုတင်ပြင်ဆင်နေတာကို တွေ့ရမှာပါ။ လက်ရှိ သူတို့နှစ်သင်းရဲ့ ကစားကွက်ပိုင်းနဲ့ တိုက်စစ်ပိုင်းမှာလဲ အင်တာမီလန်က အသာရနေသလို နိုင်ပွဲဆက်နေတဲ့ အင်တာမီလန်ကစားသမားတွေအနေနဲ့ ယုံကြည်မှု ပြည့်ဝနေတဲ့အတွက် အခုပွဲစဉ်ကို အနိမ့်ဆုံးရမှတ်ခွဲယူနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အင်တာမီလန်အသင်းနဲ့ လက်တွဲရမှာပါ။

**နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆလာနီတာနာ | ၀ | - | ၂ | နာပိုလီ |
| နာပိုလီ | ၁ | - | ၁ | ယူနီယံဘာလင် |
| နာပိုလီ | ၀ | - | ၁ | အမ်ပိုလီ |
| အတ္တလန်တာ | ၁ | - | ၂ | နာပိုလီ |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၂ | နာပိုလီ |

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၁ | - | ၂ | အင်တာမီလန် |
| ဆဲလ်ဘတ် | ၀ | - | ၁ | အင်တာမီလန် |
| အင်တာမီလန် | ၂ | - | ၀ | ဖရိုစီဝမ်း |
| ဂျူဗင်တပ် | ၁ | - | ၁ | အင်တာမီလန် |
| ဘင်ဖီကာ | ၃ | - | ၃ | အင်တာမီလန် |

# ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံသီးနှံ ဧက ၂၇၄၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ဂျုံသီးနှံစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံသီးနှံဧက ၂၇၄၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံသီးနှံစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၅၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၂၇၈၈ ဧက၊ ဝက်လက်မြို့နယ်တွင် ၂၄၄၅၇ ဧက စုစုပေါင်း ဂျုံသီးနှံ ဧက ၂၇၄၀၀ တို့ဖြစ်ကြောင်း သိရသည်။

"မနှစ်က ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုခရိုင်အတွင်း ဂျုံသီးနှံဧက ၂၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုခရိုင်အတွင်း ဂျုံသီးနှံဧက ၂၇၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဂျုံစိုက်ပျိုးမှုကတော့ ရွှေဘိုခရိုင်မှာ ဝက်လက်မြို့နယ်က အများဆုံးစိုက်ကြတာပါ။ ဂျုံသီးနှံစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ရွှေဘိုခရိုင်တွင် ဂျုံသီးနှံဧက ၂၇၅၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ရွှေဘိုမြို့နယ်တွင် ၇၂ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၂၅၆၂၀ စုစုပေါင်း ဂျုံသီးနှံ ၂၅၆၉၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဂျုံသီးနှံ စိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧက စိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် သုံးသိန်းခန့်ရှိပြီး ဂျုံတစ်ဧကစိုက်ပျိုးပါက ၂၀ တင်းထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဂျုံစိုက်ပျိုးမှုအနေဖြင့် မော်လိုက်ခရိုင်၊ တမူးခရိုင်၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ကသာခရိုင်၌ စိုက်ပျိုးကြပြီး စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်တွင် ဂျုံသီးနှံကိုအများဆုံး စိုက်ပျိုးကြကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် မန်းရွှေစက်တော်ရာတွင် ဘက်စုံပြုပြင်မွမ်းမံရေးဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် မန်းရွှေစက်တော်ရာတွင် ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၃၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မန်းရွှေစက်တော်ရာဘုရား သုံးမိုင်အဝင်လမ်းတစ်လျှောက် သာယာလှပစိမ်းလန်းစိုပြည်စေရန် ဘုရားဂေါပကအဖွဲ့၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လမ်းလယ်ကျွန်းနေရာများ၌ Flower Box များဖြင့် ပန်းအလှပင်များ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှုများ၊ ဘုရားဖူးလာပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လိုအပ်သည့်နေရာများတွင် ကတ္တရာလမ်းပခုံးချဲ့ခင်း၍ လမ်းပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဆိုပါလုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအဖွဲ့သည် မန်းရွှေစက်တော်ရာဘုရားသို့ရောက်ရှိပြီး ၂၀၂၄ ခုနှစ် မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပနိုင်ရေး သဲသောင်ပြင် မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မန်းချောင်းရေတိုက်စားမှုကြောင့် အထက်စက်တော်ရာ ဘုရားမုခ်ဦး အောက်ခြေရှိ အတက်၊ အဆင်း အုတ်လှေခါး ထိခိုက်ပျက်စီးမှုကို ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ အောက်စက်တော်ရာဘုရား ပင်မဘုံဆောင်တန်ဆောင်းရှိ ပန်းဆွဲများပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ဘုရားကြီးပရဝဏ်ဝန်းကျင်သာယာလှပစိမ်းလန်းစိုပြည်စေရန် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်နေမှုနှင့် အခြားဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆောင်ရွက်နေသည့် ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများကို ဘုရားပွဲတော်ကျင်းပမည့်ရက်မတိုင်မီ အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်



# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

# နဲ့ ပြည့်စွမ်းထား . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ရွှေဖီဦး BLACK TEA (နှောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



Black Tea

# ရွှေဖီဦး

Tea Mix

Lemon Tea



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## အသိပေးကြေညာခြင်း

မနွေဇာအောင် (၃/ကကရ(နိုင်)၀၉၃၁၅၀)အမည်ပေါက် 5N/5117 HONDA CIVIC FD3 မြဝတီလိုင်စင်ကားအား ကျွန်မ ဒေါ်စန်းလှိုင် (၅/ကဘလ(နိုင်)၁၄၀၆၁၅) ထံသို့ (၁၀-၁-၂၀၂၃)ရက်တွင် ရောင်းချထားပြီးဖြစ်၍ ကားနှင့်ပတ်သက်သော စာရွက်စာတမ်းနှင့်ယာဉ်မှတ်ပုံတင်စာအုပ် ကျွန်မလက်ဝယ်တွင်ရှိပြီး ကားအား စာချုပ်ပါအတိုင်း လာရောက်အပ်နှံမှုမရှိပါသဖြင့် ၎င်းကားအား ယာဉ်မှတ်ပုံတင် စာအုပ်အပျောက်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း၊ ရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းလှိုင်(၅/ကဘလ(နိုင်)၁၄၀၆၁၅)**

**တမွဝတီပဲတန်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်နေ ဦးစန်းဌွေး-ဒေါ်တင်တင်စန်း တို့၏သား **မောင်ထက်နိုင်ဝင်း (၉/အမဇ(နိုင်)၀၄၅၃၃၃)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံးဝ) လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးစန်းဌွေး (၉/မနမ(နိုင်)၀၀၁၆၄၇)**

**ဒေါ်တင်တင်စန်း (၁၄/ကကန(နိုင်)၀၀၆၁၈၀)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကံသာရပ်နေ ဦးခင်ဇော်-ဒေါ်မိုးစုစုသန္တာအောင် တို့၏သား **မောင်ညဏ်ထက် (၉/မတရ(နိုင်)၁၇၁၄၅၄)** သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံမှုမရှိပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံးဝ)လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးခင်ဇော် (၉/မတရ(နိုင်)၀၀၅၀၂၈)**

**ဒေါ်မိုးစုစုသန္တာအောင် (၉/မတရ(နိုင်)၁၁၇၅၉၇)**

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံး ရပ်နေ ဦးလှိုင်ဘွား (၁၃/လရန(နိုင်)၀၈၀၆၉၇)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၂၅၈၅၅၁၁

**သင့်သွေးဖြင့် အသက်ကယ်ပါ**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊

Email Address - accm@accm.gov.mm၊

Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်


၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်ရေး အဓိကထားဆောင်ရွက်ရမည့် အချက်(၄)ချက်ဖြစ်သည့် လုပ်ငန်းသစ်များ အစပျိုးရာတွင် တွေ့ကြုံရမည့် အခက်အခဲအတားအဆီးများ လျှော့ချရေး၊ ရင်းနှီးမတည်ငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ အသိပညာပေးခြင်းနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အားကောင်းစေခြင်း၊ သတင်းကွန်ရက်ချိတ်ဆက်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် သတင်းအချက်အလက်ဖြန့်ဝေမှု အားကောင်းစေခြင်းဖြင့် နိုင်ငံတကာထောက်ပံ့မှုကွင်းဆက် (International Supply Chain)ထဲသို့ ဝင်ရောက်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၂၇ ရက်တွင်ပြုလုပ်သော အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**




## မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတိမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(**Depression**)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကော့သောင်းမြို့၏ အနောက်-ဘက် ရေမိုင် ၇၆၀ ခန့်၊ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၅၂၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၇၅ မိုင်ခန့်၊ ချင်းနိုင်မြို့၏အရှေ့-အရှေ့တောင်ဘက်ရေမိုင် ၃၈၀ ခန့်၊ နီလိုရီမြို့၏အရှေ့တောင်ဘက် ရေမိုင် ၄၄၅ မိုင်ခန့်နှင့်မာချီလီပတ္တနမ်မြို့၏တောင်-အရှေ့တောင်ဘက်ရေမိုင် ၄၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်(**Depression**)၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဒီဇင်ဘာ ၂ ရက်တွင် အားကောင်းသောမုန်တိုင်းငယ်(**Deep Depression**)အဖြစ်သို့လည်းကောင်း၊

**စာမျက်နှာ ၂၀ ကော်လံ ၄** ❑

## နိုင်ငံတွင်း ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ ပိုမိုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်ဈေးနှုန်းများတည်ငြိမ်စေရေးအတွက် အဓိကလိုအပ်သော ဒီဇယ်ဆီကို ယခင်ထက်ပိုမို၍ အလေးထားပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်တွင်းသုံးစွဲရန် စက်သုံးဆီလိုအပ်ချက်ကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် နိုင်ငံတော်အနေဖြင့် လိုအပ်သော ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသဖြင့် လက်ရှိပြည်တွင်းစက်သုံးဆီရောင်းဈေးနှုန်းများသည် အာဆီယံဒေသတွင်းနိုင်ငံများထက် များစွာလျော့နည်းသက်သာလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

နိုင်ငံတွင်းကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်ဈေးနှုန်းများတည်ငြိမ်စေရေးအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊စက်မှုလုပ်ငန်းများ၊တည်ဆောက်ရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ တွင်းထွက်တူးဖော်ရေးလုပ်ငန်းများနှင့် ရေလုပ်ငန်းများတွင် အဓိကသုံးစွဲသော ဒီဇယ်ဆီကို လုံလုံလောက်လောက် ဈေးနှုန်းသက်သာစွာဖြင့် သုံးစွဲနိုင်ရန် နိုင်ငံတော်အနေဖြင့် ပိုမိုအလေးထားပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

စက်သုံးဆီဈေးနှုန်းသည် အဓိကအားဖြင့် ကမ္ဘာ့ရေနံဈေးနှုန်း၊ အဓိကဝယ်ယူတင်သွင်းသည့် စင်ကာပူနိုင်ငံမှ ထုတ်ပြန်သော **MOPS** ဈေးနှုန်းနှင့် ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းတို့အပေါ် မူတည်၍ အတက်၊အကျဖြစ်ပေါ်ခြင်းဖြစ်သည်။

သီလဝါဆိပ်ကမ်းဒေသကြီးတွင် ပြည်ပမှ စက်သုံးဆီသင်္ဘောများ စဉ်ဆက်မပြတ်ဆိုက်ကပ်လျက်ရှိပြီး သက်ဆိုင်ရာသိုလှောင်ကန်စခန်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းသို့ စက်သုံးဆီများလိုအပ်သလို ဖြည့်တင်းဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

Quality For You VEGA **ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ** VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး | ပစ္စည်းထည့်ပုံးအမျိုးမျိုး | ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉